အင်ပါယာ စာပေ

မောင်လှမျိုး (ချင်းချောင်းခြံ)

# ဆံတစ်မျှင်..ခြား

အင်ပါယာ
စာပေ

EMPIRE
PUBLISHING ENTER

■ တိုက် ၃ အခန်း ၆
စီးပွားကူးသန်းဝန်ထမ်းအိမ်ယာ
ဦးဝိတရလမ်း၊ မြောက်ဒဂုံ၊
ဖုန်း - ၅၈၆၉၃၂၊ ၀၉ ၅၃၀၈၉၅၀၅

■ တိုက် ၉၊ တတိယထပ်(ဝဲ)၊
ယုဇနလမ်း၊ စစ်တောင်းရိပ်မွန်၊
ယုဇနဥယျာဉ်မြို့တော်၊

■ E.mail-EPC@mail2world.com
■ P.O. Box - 234

# ပုံနှိပ်မှတ်တမ်း




| | |
|---|---|
| ထုတ်ဝေသူ | – ဒေါ်တင်တင်အုန်း (၀၃၇၄၈) |
| | စိန်သရဖူစာပေ |
| | အမှတ် (၆၆)၊ (၆) လမ်း၊ |
| | လမ်းမတော်မြို့နယ်။ |
| မျက်နှာဖုံးနှင့် | – ဦးကျင်ရင် (ရွှေခြသေ့) ပုံနှိပ်တိုက် |
| အတွင်းပုံနှိပ်သူ | ၁၈၂၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| ပုံနှိပ်ခြင်း | – ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊ ဧပြီလ |
| အုပ်ရေ | – ၅၀၀ အုပ်။ |
| တန်ဖိုး | – ၁၀၀ ကျပ် |
| မျက်နှာဖုံးပန်းချီ | – ဝေယျာ |
| ဖြန့်ချိရေး | – အင်ပါယာစာပေ |

မောင်လှမျိုး (ချင်းချောင်းခြံ)

# ဆံ တစ်မျှင် . . ခြား

ချစ်သူ၏ သစ္စာမဲ့ ဖောက်ပြန်မှုကို ၊
ကြုံတွေ့ခံစားခဲ့ကြရသော ၊ ညီ . . ညီမ,များ
အားလုံး၏ ကိုယ်စား ၊ ဤဝတ္ထုကို ၊
ရေးသားပါသည် . . . ။ ။

မောင်လှမျိုး (ချင်းချောင်းခြံ)
[ ခေတ္တ - (လှူပြည်) ]

" . . . .

ချစ်သူအချင်းချင်း

တောင်းပန်တိုးလျှိုးနေရတာ ၊

အဲဒါ အချစ်မဟုတ်ဘူး ။

အဲဒါ . . ဝဋ်ကြွေး ။ . . . "

## ( ၁ )

ချစ်သူ ကြင်သူနှင့်၊ ရေ . . မြေ ခြားသွားရပါလျက်၊ ဆံတစ်မျှင်ခြားရုံမျှလောက်ပင်လျှင်၊ လွမ်းဖြစ်အင်အား၊ ထင်ရှားပေါ်လွင်စွာ၊ လှစ်ဟ, ကြွေကွဲခွင့်မရ။

မလွမ်းဆွတ် မကြေကွဲသကဲ့သို့၊ နေနေကြရသည်။ နှလုံးထဲမှာ ခြေစုံရပ်ထားရပါလျက်၊ မပြင်းပျ, မပူလောင်သူတို့ကဲ့သို့၊ အေးမြချင်ယောင်၊ ဆောင်နေကြရသည်။

သာမန်အသိအကျွမ်းကို၊ မသိကျွမ်းချင်ယောင်၊ ဆောင်ရသည်မှာ၊ လွယ်ကူလွန်းလှသော်လည်း၊ ရင်နှင့်မျှ, ချစ်ကြင်ရသော၊ ချစ်သူကို၊ သာမန်သိကျွမ်းသူအဖြစ်၊ အယောင်ဆောင်၊ ပြုံးပြ, နေကြရသည်မှာ၊ လေထန်သော သဲရင်ပြင်၌၊ သဲမှုန်တွေ . . . မလွင့်ပါးရအောင်၊ ကွယ်ကာ ဟန့်တားရသည်ထက်၊ ပိုမို၍ ခက်ခဲလွန်းလှ၏။

ဖူးစာခိုင်နှင့် မြသိန်းတန်တို့ စီးနင်းလိုက်ပါသွားသော၊ လေယာဉ်ပျံကြီး၊ မှုံမွှား ပျောက်ကွယ်သွားတော့မှ၊ ပန်းကတ္တီပါနှင့် ကျွန်တော်၊ လေယာဉ်ကွင်းထဲမှ အတူထွက်ခဲ့ကြသည်။

ဖူးစာခိုင်၏ မိဘ, ဆွေမျိုးများ၊ မြသိန်းတန်၏မိဘ, ဆွေမျိုးများကို၊ ပန်းကတ္တီပါရော၊ ကျွန်တော်ပါ၊ သေသေချာချာ မနှုတ်ဆက်ဖြစ်ခဲ့ကြ။

ဖူးစာခိုင်နှင့် မြသိန်းတန်တို့၏ ပြည်ပ,ခရီးကို၊ လိုက်ပါပို့ဆောင်ကြရသော၊ ပန်းကတ္တီပါနှင့်ကျွန်တော့်မှာ၊ ကိုယ်ပိုင်ကား မရှိ။

ဖူးစာခိုင်နှင့် မြသိန်းတန်တို့၏ မိဘ, ဆွေမျိုးညီအစ်ကို၊ မောင်နှမများက,တော့၊ ကိုယ်ပိုင်ကားတွေ၊ ကိုယ်စီ ကိုယ်ငှ။

♥

လေယာဉ်ကွင်းကို၊ လာတုန်းက,လည်း ကျွန်တော်နှင့် ပန်းကတ္တီပါတို့၊ အငှားကားဖြင့်၊ လာခဲ့ကြရသည်။ အပြန်တွင်လည်း အငှားကားဖြင့်၊ ပြန်ကြရပေမည်။

ဖူးစားခိုင်နှင့် မြသိန်းတန်တို့၏ သူငယ်ချင်းစုံတွဲအဖြစ်၊ ပန်းကတ္တီပါနှင့် ကျွန်တော်၊ လာရောက်ကြရခြင်း၊ ဖြစ်၏။ ဖူးစာခိုင်နှင့် မြသိန်းတန်တို့၏၊ မိဘ, ဆွေမျိုး, ညီအစ်ကို မောင်နှမ,များက၊ ကျွန်တော်နှင့် ပန်းကတ္တီပါကို၊ နွမ်းပါးသော စုံတွဲအဖြစ်၊ ကြည့်မြင်နေခဲ့ကြကြောင်း၊ ပန်းကတ္တီပါရော, ကျွန်တော်ပါ၊ သိရှိ ခန့်မှန်း နိုင်ကြ၏။

မိဘအသိုင်းအဝိုင်းများ၊ ရှေ့မှောက်တွင် မြသိန်းတန်က ကျွန်တော့်ကိုတရင်းတနီးဆက်ဆံ၏။ ပန်းကတ္တီပါကိုမူ မေးထူးခေါ်ပြော၊ ပြုံးပြနှုတ်ဆက်ရုံမျှသာ၊ ဆက်ဆံသည်။

ဖူးစာခိုင်က,လည်း၊ မိဘ,အသိုင်းအဝိုင်းများရှေ့တွင်၊ ပန်းကတ္တီပါကို၊ သူငယ်ချင်း အရင်းအချာကဲ့သို့၊ ပြောဆိုဆက်ဆံ၏။

ကျွန်တော့်ကိုမူ၊ သာမာန်သူငယ်ချင်းတစ်ယောက်ကို၊ ဆက်ဆံသကဲ့သို့သာ၊ ပြုမူဆက်ဆံ၏။

ထိုကဲ့သို့၊ အဆက်ဆံ ခံနေကြရသည့်အပြင်၊ နှစ်ဦးစလုံး၏ မိဘ, အသိုင်းအဝိုင်းတွေကပါ၊ ကျွန်တော်နှင့် ပန်းကတ္တီပါတို့ နှစ်ဦးကို၊ သူတို့ သားနှင့်သမီး၏ သာမာန် သူငယ်ချင်း၊ နွမ်းနွမ်းပါးပါးလေးတွေအဖြစ်သာ၊ သဘောထား ဆက်ဆံနေကြသည်ဟု၊ သိရှိခံစားရပါလျက်၊ သိသိခြည်းနှင့် အပြုံးမပျက်စွာ၊ နေ,နေကြရ၏။

အသည်းနှလုံး၌ ကိုယ်စီခံခက်ရသော်လည်း၊ မျက်နှာရိပ်မညိုမိအောင်၊ သိုသိပ်ထိန်းသိမ်းထားကြရသည်။

လှည့်ပြန်ချင်သည့်ခြေအစုံက၊ ငွေကွက်စရာတစ်ခုတည်းကြောင့်၊ ဆက်လက်ရပ်တန့်နေရသည်မှာ၊ လွန်စွာ ခက်ခဲ ရချေသည်။

♥

မြသိန်းတန်ရော၊ ဖူးစာခိုင်ပါ၊ ကျွန်တော်နှင့် ပန်းကတ္တီပါတို့၏ ရင်တွင်းနှလုံးသားကို၊ မကြည့်ဘဲနှင့် မြင်နိုင်ကြပေမည်။ မမြင်ဘဲလည်း၊ သိနှင့်ကြပေမည်။ သိသင့်ကြပေမည်။

ထို့ကြောင့်၊ မြင်ကွင်းမှ လေယာဉ်ကွယ်ပျောက် သွားသည်နှင့်၊ မည်သူ့ကိုမျှ၊ နှုတ်မဆက်တော့ဘဲ၊ ကျွန်တော်ရော၊ ပန်းကတ္တီပါရော၊ ကားလမ်းမ,ဘက်ဆီသို့၊ လျင်မြန်စွာ လှမ်းထွက်ခဲ့ကြ၏။

အငှားကားတစ်စီးကို၊ အတူတူ တားမြစ်လိုက်ကြသည်။

♥

ဝေ့ဝဲနေသည့် မျက်ရည်ကို၊ မျက်တောင်ခတ်ကာ၊ ဖယ်ထုတ်နေသော၊ ပန်းကတ္တီပါအား၊ ကျွန်တော် . . .၊ မသိမသာ ငဲ့ကြည့်ဖြစ်သည်။

မျက်တောင်ခတ်၍၊ ဖယ်ထုတ်ပါလျက်၊ ပိုမိုပြိုကျလာသည့် မျက်ရည်ကြောင့်၊ ပန်းကတ္တီပါက တစ်သျှူးစက္ကူပါးကို၊ ထုတ်ယူပြီး၊ မျက်ဝန်းကို ဖိတို့နေရှာသည်။

ကျွန်တော့်ကို၊ သူ,ငဲ့မကြည့်သော်လည်း၊ သူ့ကို၊ ကျွန်တော် ငဲ့ကြည့်နေမည်ဟုတော့၊ သူ,သိရှိပါလိမ့်မည်။

ကားမောင်းသူ၏ အာရုံသည်၊ အနောက်ဘက်တွင်၊ အတူထိုင်နေကြသော ကျွန်တော်နှင့် ပန်းကတ္တီပါတို့ဆီသို့ ရောက်၊ မရောက်၊ စမ်းစစ်လိုသဖြင့်၊ ကားရှေ့ခန်းရှိ နောက်ကြည့်မှန်သို့၊ ဝေ့ကနဲ ကျွန်တော် ကြည့်လိုက်သည်။ ကားမောင်းသူနှင့် ကျွန်တော်၊ နောက်ကြည့်မှန်ထဲတွင် မျက်လုံးချင်း၊ မဆုံ။

ကားမောင်းခြင်း၌သာ၊ အာရုံထားနေသူဟု၊ ကျွန်တော် ခန့်မှန်းဖြစ်၏။

"ကတ္တီပါ . . ."

နှစ်ကိုယ်စာ ကြားရုံမျှ၊ အသံဖြင့်၊ ပန်းကတ္တပါကို ကျွန်တော် ခေါ်လိုက်၏။ သူ . . . ငုံ့ကြည့်သည်။ မျက်ဝန်းကမ်းစပ်တို့သည်၊ ဆည်းဆာရောင် ပင်လယ်ကမ်းခြေကဲ့သို့၊ နီစပ် နေ၏။

မျက်ဝန်းကို၊ အသေအချာ မကြည့်ဘဲ၊ မျက်ရည်ကိုသာ၊ တစ်ချက်ကြည့်ရင်း . . .

"မငိုပါနဲ့တော့ဟာ။

ဒါ . . , ငိုစရာမှ၊ မဟုတ်တာ"

တုံ့ပြန်နှုတ်စကား၊ မကြားရ။

နှုတ်ခမ်း နှစ်လွှာကို၊ တမင်ဖိကပ်နေ၏။ ငိုချင်စိတ်ကို၊ ထိန်းသိမ်းခြင်းဟု၊ ကျွန်တော် နားလည်သည်။

"ဘာလို့ ငိုမှာလဲ"

မဖြေ။

မျက်ဝန်းကို စက္ကူပါးတို့ပြင့် ဖိတို့နေပြန်သည်။

"ဖူးစာခိုင်ရဲ့ . . မိဘ,ရော။ မြသိန်းတန်ရဲ့ . . မိဘ,ရော။ ငါတို့ နှစ်ယောက်ကို မတူမတန်သလို၊ ဆက်ဆံတာ၊ အခုမှ . .ဆက်ဆံတာ မဟုတ်ဘူးလေ။

ကြာပြီပဲ။

ဘာ ဂရုစိုက်စရာလိုလဲ။

အချိန်တန်ရင် ကိုယ့်ဇာတ်, ကိုယ် . . ., က,ကြရမှာ။ အသိုင်းအဝိုင်းအကြောင်း၊ စဉ်းစား မနေနဲ့။

ငါတို့က,

မြေနိမ့်ပြီးသား။ မြေနိမ့်ရာ လှံစိုက်ကြတဲ့ အထဲမှာ၊ ချစ်သူ မပါရင်၊ ပြီးတာပဲ။ မဟုတ်ဘူးလား"

သက်ပြင်းချသံကြားရ၏။ ပြီးမှ၊ ပန်းကတ္တီပါက,

"မြေနိမ့်ရာ လှံပဲစိုက်စိုက်၊ ဗုံး ပဲခွဲခွဲ။ ငါ, ဂရုမစိုက်ပါဘူး။

အဲဒါတွေကို ဂရုစိုက်လို့၊ ငါ, ငိုတာ မဟုတ်ဘူး"

"ဒါဆို၊ ဘာဖြစ်လို့၊ ငိုတာလဲ"

ခေါင်းခါ၏။

"ဘာလဲ . .၊ အနာဂတ် . . မရေရာတာ၊ တွေးမိတာမျိုးလား"

ကျွန်တော် ပြုံးလျက်၊ စကားနှိုက်သည်။

"ဘယ်အနာဂတ်က,ရော၊ ရေရာလို့လဲ။ ရေရာတဲ့ အနာဂတ်ဆိုတာမျိုးတွေတောင်၊ မသေချာတာတွေ၊ အများကြီး"

"ဟဲ့ . . .။ ကတ္တီပါ"

ပိုလွန်းသည့် ခေါ်သံကြောင့်၊ သူ, ကျွန်တော့်ကို သေသေချာချာ၊ ပြန်ကြည့်၏။

"နင် . . ၊ အဲ့ဒီစကား၊ ဘာ ကြောင့် ပြောရတာလဲ"

ခဏာ မက၊ သူ . . ကျွန်တော့်ကို၊ ငေးကြည့်နေသေး၏။

သူ့ကို၊ ပြန်ကြည့်ရင်း၊ ကျွန်တော်က၊

"ဖြေလေဟာ"

ဖြည်းညင်းစွာ ခေါင်းခါသည်။

ပြီးနောက်၊ ရှေ့တူရူသို့၊ မျက်နှာမူ၏။

ကားအတွင်းသို့၊ ဝင်လာသော လေပြင်းကြောင့်၊ သူ့ ဆံစ,တွေ ဖွာကနဲဖြစ်သွားသည်။ ဆံမျှင်တစ်ချို့ သူ့ပါးတွင်၊ ကပ်၏။ မျက်ရည်စေးကြောင့် ပါးပြင်မှ၊ ဆံနွယ်စ,တို့သည် ရုတ်တရက်၊ မကွာ။

လက်သန်းဖျားဖြင့်၊ ဆံနွယ်မျှင်တို့ကို၊ ပါးပြင်မှ သူ . . ဖယ်ခွာ၏။ ပါးပြင်တွင်၊ မျက်ရည်ရာကို ထင်းစွာ တွေ့ရသည်။

"မြသိန်းတန်ရဲ့၊ မိဘ အသိုင်းအဝိုင်းက၊
ကျိုးတို့ကျဲတဲ၊ ဆက်ဆံလို့၊ နင်, ငိုတာ မဟုတ်ဘူး
ပေါ့"

မျက်လုံး စုံမှိတ်ကာ၊ သက်ပြင်းချ၏။ ပြီးမှ –

"ငါ, မဖြေချင်သေးဘူးဟာ"

ကား နောက်ကြည့်မှန်ကို၊ ကျွန်တော် တစ်ချက်မျှ၊ ကြည့်လိုက်မိသေးသည်။ ပန်းကတ္တီပါ၏ ဆံနွယ်စ, တို့ကိုသာ၊ မြင်ရ၏။

♥ ♥ ♥

## ( ၂ )

"မြသိန်းတန်ရဲ့ ရည်းစား ပန်းကတ္တီပါက၊

မင်းနဲ့ . . ၊ ဒီမှာ . . .။

မင်းရဲ့ ရည်းစား၊ ဖူးစာခိုင်က၊ မြသိန်းတန်နဲ့

စကြာပူမှာ . . ."

"ငါ့ ရည်းစားမဟုတ်ပါဘူး။ ငါ့ ချစ်သူပါ" . . . ဟု ညိုမြင့်ကို၊ ကျွန်တော် စကားထောက်၏။ ညိုမြင့်က . . .,

"မင်းက၊ ရည်းစား ဆိုတဲ့ ဝေါဟာရနဲ့

ချစ်သူ ဆိုတဲ့ ဝေါဟာရ၊ ကွဲပြားအောင်တော့၊ စကား

ဝင်ထောက်တတ်တယ်။

ကိုယ့်ချစ်သူ သူ့ချစ်သူတွေ . . .၊ ဝေး

တစ်မြေ ခြားတဲ့ ကိစ္စကိုကျတော့၊ ထောက်ဖို့ ဇူဖို့၊

မစဉ်းစားဘူး"

ညိုမြင့်စကားကြောင့်၊ ကျွန်တော် မျက်ခုံးတွန့်ရသည်။

"မင်းစကားအဓိပ္ပါယ်ကို ငါ သိပ် မသိဘူး ညိုမြင့်။ ငါ့ကို ရှင်းပြ"

"အဓိပ္ပါယ်တိတိကျကျ၊ မသိရင် တောင် ဖူးစာခိုင်၊ မြသိန်းတန်နဲ့အတူ လိုက် သွားတာ၊ ငါ့, သိပ် သဘောမကျဘူး ဆိုတာ လောက်တော့ မင်း. . .သိသင့်တာပေါ့ မင်းသုခ"

"အဲဒီလောက်တော့ သိတာပေါ့။ သူ့ ရည်းစား. . . ပန်းကတ္တီပါလည်း ငါနဲ့အတူ၊ မြန်မာပြည်မှာ၊ ကျန်ခဲ့တာပဲဟာ။

အကုန် . . .၊ သူငယ်ချင်းတွေပဲ။ မြသိန်းတန်နဲ့ ဖူးစာတို့ရဲ့၊ မိဘတွေက,တော့၊ ငါနဲ့ ပန်းကတ္တီပါကို၊ သမီးရည်းစားလို့တော့၊ ထင်နေကြတာပေါ့"

"အဲဒီလို ထင်နေကြလို့လည်း၊ မင်းရော . . .ပန်းကတ္တီပါရော . .၊ သူတို့ကို၊ လေယာဉ်ကွင်း လိုက်ပို့ခွင့်ရတာပေါ့။ မဟုတ်ဘူးလား"

"ဟုတ်တယ်"

"နေပြည်တော်မှာ၊ မင်းနဲ့ ပန်းကတ္တီပါနဲ့၊ ရုံးတက်ကြတာ တစ်ရုံးတည်း နော်"

"အင်းလေ"

"နေတဲ့ အဆောင်ကျတော့၊ တူရဲ့လား"

"ဘယ်တူမလဲ။

မိန်းကလေးက၊ မိန်းကလေးအဆောင်။

ယောကျ်ားလေးက၊ ယောကျ်ားလေး အဆောင်ပေါ့"

ညိုမြင့်က၊ ခေါင်းညိတ်ပြီး . . .

"မြသိန်းတန်နဲ့ ဖူးစာခိုင်က၊ ဟိုမှာ၊ ကျောင်းသွားတက်ကြတာ။ နေတော့ . . .၊

တကွဲစီ နေကြမှာလား။ တစ်အိမ်တည်း၊ နေကြမှာလား"

"အိမ်တစ်အိမ်တည်းမှာ၊ တခြား အသိအကျွမ်းတွေနဲ့၊ ရော . . .နေကြမှာ . . . တဲ့"

"တစ်အိမ်တည်းတော့၊ တစ်အိမ်တည်းပေါ့။ ဟုတ်တယ် မဟုတ်လား"

"အင်းပေါ့"

"မင်းနဲ့၊ ပန်းကတ္တီပါနဲ့၊ ဟောဒီ မြန်မာပြည်က၊ အိမ်, တစ်အိမ်တည်းမှာ၊ နေ့ရော ညပါ၊ အတူတူ နေကြမယ်ဆိုရင်တောင်၊ ငါ. . .,

မင်းကို၊ ဘာမှ ဝေဖန်စရာ၊ မရှိဘူး မင်းသုခ"

"မနေပါဘူး။ သူ့အဆောင် ကိုယ့်အဆောင်တောင်၊ ခဏ ခဏ သွားမလည်ဖြစ်ပါဘူး။ ရန်ကုန် ပြန်တဲ့အခါကျမှ၊ အတူ ပြန်ကြတာပါ"

"အင်းပါ။ ငါက . . သဘော ပြောတာပါ"

"မင်း . . . သဘောကြီးက တစ်မျိုးကြီးပဲ" . . .ဟု၊ ကျွန်တော်

ပြုံးလျက်ပြောသည်။ ညိုမြင့် မပြုံး။ မရယ်။

"ကြိုးချင်းထား ကြိုးချင်းငြိ . . . ဆိုတာ၊ မင်း, ကြားဖူးတယ် မဟုတ်လား "

"ကြားဖူးတာပေါ့"

"ငါနဲ့ မခင်တဲ့၊ မင့်သူငယ်ချင်း မြသိန်းတန်ကို၊ ငါ . . .မယုံဘူး . . . မင်းသုခ"

"ဘာ မယုံတာလဲ . . . ညိုမြင့်ရယ်။ ငါ့ကိုတဲ့ သာ ပြောစမ်းပါ"

"စက်ဘူမှာ၊ ဖူးစာခိုင်နဲ့ မြသိန်းတန် ငြိသွားလိမ့်မယ်လို့ ပြောနေတာကွ"

"အာ . . .။ မင်းကလည်း. . .။

ဒီမှာ. . .၊ သူ့ရည်းစား ပန်းကတ္တီပါ တစ်ယောက်လုံး၊ ကျန်ရစ်ခဲ့တဲ့ဟာ။

နောက်ပြီး . . . ငါတို့၊ လေးယောက်စလုံး၊ သူငယ်ချင်းတွေပါဆို"

"မင်းသုခ။

ငါသာဆိုရင်လေ. . .၊ ငါ့ချစ်သူ ငါ့ရည်းစားကို၊ ရေမြေခြားလောက် အောင် ခွဲခွာနေဖို့၊ မပြောနဲ့။

တစ်နေ့ တစ်ရက် မတွေ့ရရင်တောင်၊ နေနိုင်မှာ မဟုတ်ဘူးကွ။

အခု . . . မင်းတို့တွေက၊

ရေခြား . . မြေခြား . . ဝေးကွာသွားတာ တောင်၊ ဘာမှ မဖြစ်ကြတဲ့အတိုင်းပဲ"

"ဖြစ်တာပေါ့ကွာ။ ဒါပေမဲ့ . . .၊ ငါ့မှာ တားနိုင်စွမ်းမှ၊ မရှိတာ။ မသွားပါနဲ့လို့၊ ဖူးစာကို၊ ငါ . . ပြောပါသေးတယ်။

အပျော်သွားတာ မဟုတ်ဘူး. . .၊ ကျောင်း သွားတတ်တာ . . .တဲ့။ အဲဒါကြောင့် ငါ . . .ဘာမှ၊ မပြောတော့တာပါ"

"မခွဲနိုင်ဘူး . . ပြောပေါ့ကွ။ လိုအပ်ရင် လက်ထပ် လိုက်ကြတော့ပေါ့"

"ငါ့လခ,နဲ့။ လက်ထပ်ဖို့ မဖြစ်နိုင်သေးဘူး . . .တဲ့။ အဲဒါကြောင့်၊ သူ . . . ပြန်လာမှပဲ . . ။ စီစဉ်မယ် . . .တဲ့"

"ငါ . . .ပြောတာ၊ အဲဒါပေါ့ကွ။

မဝေးအောင်၊ မခွဲရအောင်တော့၊ မင်း . . . မစွမ်းဆောင်နိုင်ဘူး။

ဝေါဟာရလေး မှားတာကျတော့၊ စကား ထောက်တတ်တယ်"

"ချစ်တာကို၊ ပုံဖော်ပြဖို့၊ ပကာသန မရှိ ပေမယ့်၊ ချစ်တာကို၊ မလျော့ပါးအောင်၊ ကာကွယ် လိုစိတ်က,တော့၊ လူတိုင်းရဲ့,ရင်ထဲမှာ၊ အပြည့်ပါ ကွာ။

အဲဒါကြောင့်.. ငါက, ချစ်သူကို ရည်းစား

.. လို့တောင်၊ မသုံးနှုန်း စေချင်တာပါ”

ညိုမြင့်က . . .

“လောကမှာ . . ငှက်ကြီးတောင်နဲ့

ပြေးပိုင်းတဲ့၊ ရန်သူကို၊ မြင်ရဖို့၊ လွယ်တယ်။

ဘရိတ်ဓားနဲ့ ကပ်လှီးမယ့်၊ ခါးပိုက်နှိုက်လို

ရန်မူမယ့်သူကိုကျတော့၊ မြင်ရဖို့ မလွယ်ဘူး။

ငှက်ကြီးတောင်ဓားနဲ့ လာခုတ်တာက၊

အခုတ်မခံရခင်၊ ကြိုသိ . . ကြိုမြင်ရသေးတယ်။

ဘရိတ်ဓားနဲ့ ကပ်အလှီးခံရတာကျတော့၊

ရှပ်ကနဲ အလှီးခံရပြီး၊ ပူကနဲ ဖြစ်သွားတော့မှ၊

သိရတာကွ။

ငါက . . .မင်းလို၊ ငတုံး မဟုတ်တော့၊

အနီးကပ်ဓားမျိုးကို ပို. . .မြင်တတ်တယ်ကွ”

“မဖြစ်နိုင်လောက်ပါဘူး . . ညိုမြင့်ရာ”

“မဖြစ်နိုင်ဘူး . . .လို့ မပြောနဲ့ . . .

မင်းသုခ။

မဖြစ်ပါစေနဲ့ပဲ . . .မင်း, ဆုတောင်း။

ကာလ, ပျက်နေပြီကွ။

ရှေ့လူက ကွမ်းယာရောင်းကောင်းရင်၊

နောက်လူကလည်း၊ ကွမ်းယာ လိုက်ရောင်းဖို့

ဝန်မလေးတတ်ကြတော့ဘူး။

အားမနာတတ်ကြတော့ဘူး။ ပင်လယ်ရေ
. . ဘယ်သူ သောက်သောက်၊ ဆိုတဲ့စကားမျိုးနဲ့၊
ပြိုင်ကြ . .၊ ယှဉ်ကြ. . .၊ လိုအပ်ရင်. . တိုက်ကြ၊
ခိုက်ကြ၊ ဖြစ်နေကြပြီ။

စည်းမစောင့်ကြတော့ဘူး . . . လို့၊
ပြောချင်တာကွ"

ကျွန်တော် နှုတ်ဆိတ်နေရသည်။

"ပန်းကတ္တီပါကရော. . .။ သူ့ ရည်းစား
မြသိန်းတန်ကို၊ မတားဘူးလား"

"အဲဒါတော့၊ မသိဘူးကွ။

ဒါပေမဲ့ . . ၊ လိုက်ပို့တဲ့ . . နေ့ အပြန်ကျ
တော့၊ ငိုတယ်"

"ဘာဖြစ်လို့၊ ငိုတာတဲ့လဲ"

"ငါ . . မေးသေးတယ်။ မဖြေချင်ဘူး
ပြောတာနဲ့၊ ဆက်မမေးဖြစ်တော့ဘူး"

"ဟားဟား။ ပန်းကတ္တီပါမှာ၊ ငါ့လို . .
မျက်လုံးမျိုး ရှိမယ်ထင်တယ်"

"ဘာမျက်လုံးလဲ"

"သံသယ . . .မျက်လုံး"

ပြောပြီး၊ ညိုမြင့်၊ တဟားဟား ရယ်လေ၏။ ကျွန်တော့် ကို
ကြည့်လျက် . . . ။

♥ ♥ ♥

( ၃ )

ကျွန်တော့်ချစ်သူ . . .,

ဖူးစာခိုင်နှင့် ပန်းကတ္တီပါ၏ချစ်သူ မြသိန်းတန်တို့၊ စက်ာပူ
နိုင်ငံရောက်နေသည့်အချိန်အထိ ကျွန်တော်နှင့် ပန်းကတ္တီပါတို့နှစ်ဦး၊
ရုံးဌာနရှိရာ နေပြည်တော်သို့ မရောက်ကြသေး။

တနင်္ဂနွေည,ကျမှ၊ အပြေးအလွှား ပြန်ဖြစ်ကြပေမည်။

ချစ်သူ ဖူးစာခိုင်နှင့် ကျွန်တော် (မင်းသုခ)က တစ်တွဲ၊ သူငယ်ချင်း
မြသိန်းတန်နှင့် သူ့ချစ်သူ ပန်းကတ္တီပါတို့က၊ တစ်တွဲ၊ အင်တာနက်မှ
ဆက်သွယ် ဖြစ်ကြ၏။

နေပြည်တော်ရောက်လျှင်၊ ထိုသို့ဆက်သွယ်ဖြစ်ဖို့ မလွယ်
လှချေ။ ရုံးဌာနနှင့် အင်တာနက်ဆိုင်ရှိရာ သပြေကုန်းအရပ်သည်၊
ဝေးကွာလွန်းလှ၏။ သွားလာကူးသန်းဖို့၊ အချိန်အားဖြင့်လည်း၊
မလောက်င။ ငွေကြေးခြိုးခြံချွေတာဖို့လည်း၊ တွက်ဆ,ရမည် . . .ဟု၊
ကြိုတင် စဉ်းစား ဖြစ်လေသည်။

ထို့ကြောင့် . . .၊ ရန်ကုန်အိမ်၏ အနီးရှိ အင်တာနက်ဆိုင်မှသာ၊ (နေပြည်တော် မပြန်ခင်) ချစ်သူနဲ့တစ်ဝကြီး စကားပြောမည် . . ဟု၊ ကျွန်တော်ရော . . .ပန်းကတ္တီပါတို့၊ မျှော်မှန်း ဆုံးဖြတ်ကြလေသည်။

"ဖူးစာ။ ငါက,တော့ . . . အမြန်
ပြန်လာပါစေပဲ . . ဆုတောင်းနေချင်တယ်"

"ကိုမင်း။ ကျောင်းက, နှစ်နှစ်ကျော်
သုံးနှစ်လောက်ကြာမှာ၊ ဘယ့်နှယ့် အမြန် ပြန်လာ
ပါစေလဲ။ အဆင်ပြေပါစေ ဆုတောင်းပေးလေ"

"အင်း . . .၊ အင်း . . .။ အဆင်ပြေပါစေ"

"အမှန်က၊ ဒီမှာ . . အလုပ်လုပ်ပြီး၊
ဝင်ငွေရှာချင်တာ။ မေမေတို့က၊ ခွင့်မပြုဘူး၊
ပြန်လာမှ၊ မြန်မာပြည်မှာပဲ၊ အလုပ် . .
လုပ်ရမယ် . . .တဲ့"

ဆက်သွယ်မှု လိုင်းအားကောင်းလျှင်၊ စကားပြော။ ပြောရင်းနှင့် အဆင်မပြေလျှင်၊ စာဖြင့် ရိုက်နှိပ်ပြော။ ဘေးဘီမှာလည်း၊ တခြားသူတွေ ရှိနေ၊ ပြောနေကြသဖြင့် စိတ်ထဲရှိသလောက်၊ အသံမမြှင့်ရဲ။ ရင်ထဲရှိသလောက်, စကားမကြွယ်ဝံ့။

ပန်းကတ္တီပါနှင့် မြသိန်းတန်တို့လည်း၊ ဘာတွေ . . ပြောနေကြသလဲ . . .မသိ။ ပန်းကတ္တီပါက၊ မိန်းကလေးဆိုတော့၊ အသံလေးက၊ တီးတိုးညင်သာ။ ခပ်လှမ်းလှမ်းတွင်၊ ရှိနေပါလျက်၊ သူ့ စကားသံကို၊ ကျွန်တော် မကြားရ။

တချို့ . . .တစ်ချို့ ဆက်သွယ်ပြောဆိုနေကြသူများက, တော့၊

(ကျား...ကျား, မမ...မမ) နှစ်ကိုယ်ကြား ပြောရမည့် ကိစ္စမျိုးကိုပင်၊ ဝန်းကျင်အကုန်ကြားလောက်အောင် ပြောထွက်ရဲကြသည်။ ဆက်သွယ်မှု အသံလှိုင်းအား၊ မကောင်းလွန်းသည်ကြောင့် အသံရှိန်၊ မြင့်ကြရသည်ဟုသာ၊ ယူဆ, ထင်မြင်ဖြစ်ပါသည်။

"မောင့်ကို၊ ချစ်တယ် . . .သိလား" ဆိုတာမျိုး၊ တချို့နားကြပ်ကြီးတွေတတ်ပြီး၊ ပြောထွက်ရဲကြ၏။

"သား။ အမေ့ကို၊ ဆယ်သိန်းပို့လိုက်ဦး။ နင့်ညီမ,က၊ မွေးနေ့လုပ်ချင်.. လို့.. တဲ့".. ဆိုတာမျိုး၊ ကျယ်လောင်စွာ ပြောနေကြ၏။

ကျွန်တော့်မှာမူ၊ အော်ဟစ်ကျယ်လောင်စွာ၊ ပြောထွက်ချင်ပါလျက်၊ လေသံကိုက၊ ချစ်သူ့ထံပါး ဝပ်တွားနေသယောင်ရှိလှ၏။

လွမ်းလိုက်တာ . . .ဟု ပြောချင်ပါလျက်၊ မြန်မြန်ပြန် လာ . . .ဟု ပြောဖြစ်သည်။ ဖက်ထားချင်တယ် . . .ဟု ပြောချင်ပါလျက်၊ နေကောင်းအောင်နေနော် . . .ဟုသာ၊ ပြောထွက်ရဲသည်။

ချစ်သူကို၊ ရွံ့ကြောက်သောကြောင့်၊ ပြောမထွက်ခြင်းမျိုးမဟုတ်။ နှစ်ကိုယ်ကြားစကားကို၊ နှစ်ကိုယ်တည်း ရှိနေခြင်း မဟုတ်ဘဲ၊ ကျယ်လောင်စွာပြောထွက်ဝံ့လောက်သော၊ ဘာသာ သတ္တိ၊ ကျွန်တော့်မှာ၊ မရှိခြင်း ဖြစ်၏။

"... ကိုမင်း။ နင်,
အလုပ်ထွက်လိုက်ပါတော့လား ..."

ဖူးစာခိုင် ရိုက်နှိပ်လိုက်သည့် စာကြောင်းကို၊ တွေ့ရသည်။ ကျွန်တော် အမြန်ပြန်ရိုက်ရ၏။

" . . .လခ,တွေ၊ တိုးတော့မယ် ကြား

တယ်။ မထွက်ချင်ဘူး . . .”

“. . .အပြင်အလုပ်၊ လုပ်ဖို့၊ စိတ်မကူး တော့ဘူးလား”

“. . .မျိုးရိုးစဉ်ဆက်၊ ဝန်ထမ်းပဲ လုပ်ခဲ့ တာပါ။ အဆင်ပြေပါတယ်။ နည်းနည်းပါးပါးတော့ ငြီးငြူရတာပေါ့. . .”

“. . . ဘယ်အစိုးရ ဝန်ထမ်း၊ ကျိုကျိုတက် ချမ်းသာလို့လဲ . . .”

“. . .ငါတို့ အစိုးရဝန်ထမ်း မဟုတ်ဘူး။ ငါတို့အားလုံး . . . နိုင်ငံအကြီးအကဲက . . . အစ၊ ရုံးလုလင်အထိ၊ အားလုံးပြည်သူ့ ဝန်ထမ်းပဲ။

အစိုးရ ဝန်ထမ်းဆိုတာ၊ ဘယ်နိုင်ငံမှာမှ၊ မရှိဘူး။ နင် . . .ဗဟုသုတဖြစ်အောင် ရှင်းပြတာပါ . . .ဟဲဟဲ . . .”

“. . .အေးပါ။ ဝန်ထမ်းဘဝ,နဲ့၊ နင် , ကျိုကျိုတက်ချမ်းသာဖို့ မလုပ်တတ်ဘူးလားလို့၊ မေးချင်တာ . . .”

“. . .ငါ့အဖေ, ငါ့အမေ ဆုံးမ, ထား တယ်။ မျိုးရိုးစဉ်ဆက် ချမ်းသာတာလည်း၊ မဟုတ်။ ဇနီးမယား. . .၊ ခင်ပွန်း ယောကျ်ားက ကျိုကျိုတက် ရှာနိုင်သူလည်း မဟုတ်ဘဲနဲ့၊

ရတဲ့ လ,ခထက် ပိုပြီးကြွယ်ဝ,နေတဲ့၊

ဘယ်ဝန်ထမ်းမဆို။ အဲဒါ. . . ပြည်သူ့ဘဏ္ဍာကို အလွဲသုံးစားလုပ်နေတဲ့၊ သူခိုးပဲ . . .တဲ့။

ငါ့ကို သူခိုး မလုပ်ခိုင်းပါနဲ့၊ ချစ်သူ ရယ်. . .”

“. . .ဒါဆို၊ နင်နဲ့ . . . ငါ၊ လက်ထပ်ပြီး ကြရင်၊ ဘယ်လိုနေကြမလဲ . . .ပြော. . .”

“. . .အိမ်ထောင်ပြုရင်၊ ရုံးဌာနက, နေစရာ ပေးမှာပေါ့။ ဝန်ထမ်းအိမ်ရာတွေ ရှိတယ်လေ . . .”

“. . .ဘုရား . . .ဘုရား။ ငါက . . .အဲ့ဒီ နေပြည်တော်မှာ၊ လိုက်နေရမှာ . . .ဟုတ် ?. . .”

“. . . Yes . . .”

“. . .သား သမီး မြေး မြစ်ရလာမယ့်အထိ၊ ကိုယ်ပိုင်အိမ်နဲ့နေဖို့၊ နင် မစွမ်းဆောင်နိုင်ဘူးပေါ့ . . . ဟုတ်လား . . .”

“ဩော် . . .။ စုဆောင်းရမှာပေါ့။ ဌာနက ပေးထားတဲ့၊ မြေကွက်လေးရှိတယ်လေ။ အဲဒီမှာ . . . အိမ်ဆောက်ဖို့၊ ငါ . . . ငွေစုနေတာပဲ . . .”

“. . .ကဲ . . .မင်္ဂလာကို၊ ဘယ်ဟိုတယ် မှာ၊ ဆောင်မှာလဲ . . .”

“. . .ထီပေါက်ရင်တော့၊ ထရိတ်ဒါးမှာ ဆောင်မှာပေါ့။ ထီမပေါက်ရင်တော့၊ ရပ်ကွက် ဓမ္မာရုံမှာ၊ ဆောင်မယ်လေ . . .”

"ဟာလို . . .ဟာလို. . ."

ကျွန်တော် အသံပြုကြည့်သည်။ ဖူးစခိုင်၏ တုန့်ပြန်သံ မကြားရ။

". . .လိုင်းကျသွားတာလား။

ရှိသေးလား . . ."

စာရိုက်၍ မေးလိုက်၏။

ပြီးမှ . . .၊ ဖူးစခိုင်၏ အသံကို ကြားရသည်။

"ပြော . . ."

အသံလှိုင်း ကြည်လင်သဖြင့်၊ စာရိုက်၍ မပြောတော့။

"လိုင်းကျသွားတာလား"

"မဟုတ်ဘူး။ စိတ်ဓာတ်ကျသွားတာ"

"ဘာဖြစ်လို့လဲ ဟာ"

"ဘာဖြစ်ရမလဲ။ နင့် အိုက်ဒီယာတွေက၊ ဂိုးနေပြီ။ ပလပ်ကျွတ်နေပြီ။

ခေတ်ကာလ,ရဲ့ ချာချင်တွေ . . .၊ နင့် ခေါင်းထဲ ထည့်ထားဦး"

"ချစ်တဲ့သူကို ရာသက်ပန် ရိုးမြေကျ သေတစ်ပန် သက်တစ်ဆုံး။

ဆင်းရဲရဲ . . ချမ်းသာသာ။ မကျန်းမာမာ၊ ကျန်းမာမာ။ သားမှတ်မှတ်. . .၊ မယားမှတ်မှတ်၊ ကြင်ကြင်နာနာ ပေါင်းဖော်ဖို့၊ ခိုင်ခိုင်မာမာ ဆုံးဖြတ်ထားပြီးသား၊ ငါ့နှလုံးသားနဲ့၊ ငါ ဦးနှောက်ထဲကို၊

ဘယ်ချာချင်မှ၊ ထပ်သွင်းစရာမလိုပါဘူး . . .ဖူးစာ။

နင့်ကို၊ ငါ ခဏခဏ ပြောဖူးပါတယ်။ နင်တို့ သူဌေးတွေ၊ မင်္ဂလာဆောင်မှာ၊ ဝတ်တဲ့၊ သတို့သမီးဝတ်စုံကို၊ ငါ့ တစ်နှစ်စာ လ,ခနဲ့တောင်၊ ဝယ်နိုင်မှာ မဟုတ်ဘူးလို့။

ဒါ . . .ငါ အကြံတုံး ဉာဏ်တုံးနဲ့ ပြောနေတာ မဟုတ်ဘူး။

မင်္ဂလာဆောင် . . .ဆိုတာ၊ မင်္ဂလာရှိတဲ့ အရာ . . .ကိစ္စတွေ၊ ဆောင်ကြဉ်းကြရတာ။ ဂုဏ်ပကာသနထုတ်ပြတာ မင်္ဂလာ မဟုတ်ဘူး . . .”

“နင်မှ၊ ထုတ်ပြစရာ မရှိတာ”

“ရှိလည်း . . .မထုတ်ပြဘူး။

ပေါင်းဖက်မယ့် သူ နှစ်ယောက်၊ ဘုရား . . .တရား . . .သံဃာ . . .ရတနာသုံးပါးကို၊ ရည်စူးပြီး . . . အလှူ အတန်း လုပ်တာက,လွဲလို့ ဘယ် . . . ပကာသနမှ၊ ငါ. . . လုပ်ဖြစ်မှာမဟုတ်ဘူး။

သတို့သမီး . . . ရင်ဘတ်ဖော် . . .ဂါဝန်ဝတ်။ သတို့သား နက်(ဂ)တိုင်စီး၊ ဥရောပ စတိုင်ဝတ်တာ၊ တို့နိုင်ငံရဲ့၊ မင်္ဂလာဆောင် မဟုတ်ဘူး ဖူးစာ။

သူများကို၊ တုတယ်ဆိုတာ၊ ကာလ, ဒေသကို၊ ကြည့်တုရတယ်။

အပါယ်ဆိုတာ ဘာမှန်းမသိ၊ အ,ဂါရဝ ဆိုတာ၊ ဘာမှနားမလည်တဲ့. . . နေရာ ဒေသမျိုးက၊ ဘယ် အစဉ်အလာကို မဆို၊ လိုက်တုမိတာနဲ့ ဒုက္ခ ရောက်ကုန်လိမ့်မယ်။

ဒီဘဝ. . . ဒုက္ခ မရောက်ရင်တောင်၊ သံသရာဒုက္ခ၊ ကြီးကြလိမ့်မယ် . . .”

“. . .နင်၊ အလုပ် လုပ်နေတာ၊ ယဉ်ကျေးမှု ဝန်ကြီးဌာနမှာ လုပ်နေတာလား. . .”

“မနှောက်ပါနဲ့ . . . ဖူးစာ”

“မနှောက်ပါဘူး . . .။ ဒါပဲ . . . ဒါပဲ၊ ဟိုမှာ မြသိန်းတန်လည်း၊ ထိုင်စောင့်နေတာ ကြာနေပြီ။

ကတ္တီပါကို နှုတ်ဆက်တယ် ပြောလိုက်၊ ဒါပဲ . . .”

“. . . . .

. . . . . . . .”

♥

“နင်နဲ့ မြသိန်းတန် စကားပြောပြီးနေတာ ကြာပြီပေါ့၊ ဟုတ်လား” . . .ဟု၊ ပန်းကတ္တီပါကို ကျွန်တော်မေးသည်။ သူ. . . ခေါင်းညိတ်ရုံသာ ညိတ်၏။

"နင်နဲ့မြသိန်းတန်၊ အဆင်ပြေရဲ့ လား . .

. ကတ္တီပါ"

"နင်တို့ရော . . .အဆင်ပြေရဲ့လား"

"အင်း . . . .။ အရင်အတိုင်းပဲပေါ့။

သူဌေးက၊ သူဌေးစကားပြော။ ဆင်းရဲသားက၊

ဆင်းရဲသား စကားပြောပေါ့"

ပန်းကတ္တီပါက၊ မျက်ခုံးပါးပါးလေး တွန့်ကွေးတွေးတောကာ၊ ခေါင်းညိတ် နားထောင်၏။

"ဝန်ထမ်း လုပ်ရင် မကြီးပွားဘူးဆိုတဲ့

စကားမျိုးပေါ့ဟာ။

အရင်လိုပါပဲ။ အထင်သေးစကားလေး၊

သရော်စကားလေးတော့၊ အပြောခံရတာပေါ့။

ဒါနဲ့၊ မြသိန်းတန်နဲ့ နင်နဲ့က၊ ဘာ အဆင်

မပြေတာလဲ"

ခေါင်းခါ၏။

"သိချင်လို့မေးတာ၊ ခေါင်းခါပြတော့၊ ငါ၊

ဘာဆက်ပြောရမှန်း မသိတော့ဘူး။

လေယာဉ်ကွင်းက၊ အပြန်၊ ဘာကြောင့်

ငိုတာလဲ မေးတုန်းကလည်း၊ နင် . . . မဖြေဘူး။

ပြဿနာ အရမ်းကြီးနေမှာစိုးလို့၊ ငါ

မေးတာပါ။ နင်တို့နှစ်ယောက်ကြား၊ ဝင်ပါချင်လို့၊

မေးတာ မဟုတ်ပါဘူး။ ချစ်သူနဲ့ ခွဲရတာ ငါလည်း၊

ခံစားရတာပေါ့။ ဒါပေမဲ့, နင်က . . .ပိုပြီး၊ လောင်မြိုက်နေသလိုပဲ။

မိန်းကလေးမို့၊ ပိုခံစားရတာလို့ပဲ ငါ တွေးပါတယ်။

ငါ တွေးတာထက်၊ ပိုပြီး ကြီးမားနေရင်တော့၊ နင် ပြောပြမှ၊ ငါ သိရမှာပေါ့ ကတ္တီပါရယ်"

ပန်းကတ္တီပါက . . .

"ဖူးစာက၊ နင့်ကို၊ ထွေထွေထူးထူး ဘာပြောသေးလဲ"

"မပြောပါဘူး။ ခုတင်၊ ငါ. . . ပြောပြပြီးပြီလေ။

အရင်အတိုင်းပဲ။ မကြွယ်ဝ,တဲ့၊ ငါ့ဘဝ,ကို ပကာသန ခဲလုံးလေးတွေနဲ့၊ ပစ်ပေါက်နေတာပေါ့။ ဒီလောက်ပါပဲ"

"အဲဒါကိုရော၊ နင်. . . ဘယ်လိုမှ၊ မခံစားရဘူးလား"

"ခံယူရင်တော့၊

ခံစားရမှာပေါ့။

ငါ့ကို. . . အထင်သေးလို့၊ ဒီလို ပြောတာပဲ။ ငါ့ကို စော်ကားတာပဲ . . .လို့၊ ငါ့ စိတ်က ခံယူလိုက်ရင်တော့၊ အနည်းဆုံး. . . ဒေါသ,ဖြစ်ပြီး၊ သောက, စိတ်တွေ ခံစားရတော့မှာပေါ့။

ဩော် . . .၊ ချစ်သူချင်းပင် ဖြစ်လင့်ကစား၊ ဆရာ. . . မိဘ, အဆုံးအမ . . .ကွာခြားလို့၊ သူ . . . ဒီစကား၊ ပြောထွက်တာ၊ ထင်ပါရဲ့လို့၊ တွေးပေးလိုက်တော့၊ သူ့စကားကို ငါ အလုံးစုံ ခံယူသလို မဖြစ်တော့ဘူးပေါ့။ အဲဒီတော့၊ ရန်သူက. . . ကိုယ့်ကို အနိုင်ကျင့်နေသလိုမျိုး၊ မခံစားရဘူးပေါ့။

ထိခိုက်စရာ ပြောနေတာ၊ ငါ့ကို၊ ချစ်တဲ့၊ ငါချစ်တဲ့ ငါ့ချစ်သူက၊ ပြောနေတာလေဟာ။

ငါ့ကို မုန်းလို့၊ ပြောနေတာတော့၊ မဟုတ်လောက်ဘူး. . .လို့၊ ငါ. . . တွေးတာပေါ့။

သဘောထား မကြည်တဲ့စကား၊ အပြောခံရတိုင်း၊ ခံစားကြရစတမ်း. . .၊ ရုံးမှာ. . . အိမ်မှာ . . . . ရပ်ရွာမှာ. . . ကမ္ဘာ လောက, မှာ. . .၊ ဘယ်မှာမှ၊ နေစရာ ရှိတော့မှာ မဟုတ်ဘူးလေ။ နော် . . . ”

“ငါနဲ့ . . . မောင်နဲ့ ပြတ်လိမ့်မယ် ထင်တယ်”

မြသိန်းတန်ကို၊ ပန်းကတ္တီပါက၊ “မောင်” . . .ဟု၊ ခေါ်သည်။

“ဟဲ့ . . .၊ ကတ္တီပါ။ ခွဲရတာမှ၊ လေးဆယ့်ရှစ်နာရီ၊ မပြည့်သေးဘူး။ ဘာလို့၊ ဒီစကား ထွက်ရတာလဲ”

ထုံးစံအတိုင်း၊ ခေါင်းခါပြန်ပြီ။

"ခေါင်းချည် ဲ . . .ခါခါပြမနေနဲ့။

အုံးလွဲသွားဦးမယ်။

နင်. . .၊ ငါ့ကို ပြောမပြရင်၊ ဘယ်သူ့

ပြောပြမှာလဲ။

နင်. . . ပြောမပြရင်၊ မြသိန်းတန်ကို၊

ငါ့ မေးလိုက်ရမလား"

"မေးချင် မေးလိုက်လေ။ နင် . . .

မေးပြီးတာနဲ့။ ငါ့ ကိုယ့်ကိုယ်ကိုယ် သတ်သေမှာ.

. ."

"ဗုဒ္ဓေါ"

"ဟုတ်တယ်။

သေချင်လောက်အောင် စိတ်ညစ်နေတဲ့

သူက၊ သေမှာ မကြောက်ဘူးနော် မင်းသုခ။

နင် . . .၊ လူတတ်ကြီးလုပ်ပြီး၊ ဖူးစာကိုပဲ

. . .မေးမေး။ မောင့်ကိုပဲ မေးမေး။

မေးပြီးလို့၊ သိလိုက်တာနဲ့။ နင် . . .ငါ့ကို၊

သေစေချင်လို့ပဲ။ အဲဒါ . . .နင်၊ ငါ့ကို သတ်တာပဲ"

"အား . . .။ နိုင်ငံတော် အာဏာ သိမ်းပြီး၊

ထုတ်ပြန်တဲ့ အမိန့်တွေထက်၊ နင့် အမိန့်က၊ ပိုပြီး

. . .ကြောက်စရာကောင်းလှပါကလား . . .

ကတ္တီပါရယ်။

ငါ . . .မေးလည်း မမေးတော့ပါဘူး။

စပ်လည် . . . မစပ်စုတော့ပါဘူး။

ငါ . . . နှုတ်မစောင့်စည်းရင်၊ နေရင်းထိုင်ရင်း၊ ငါက . . . သေစေလိုတဲ့ အမှုမျိုးနဲ့ လူသတ်တရားခံဖြစ်ရဦးမယ်။

စိတ်ချ။ ဘာကိစ္စဖြစ်ဖြစ်၊ နင် . . . ကိုယ်တိုင်၊ မပြောပြဘဲ၊ ငါ . . . တခြားသူကိုရော၊ နင့်ကိုရော၊ မမေးတော့ဘူး . . . နော်။

ငါက . . . ညကျရင် နေပြည်တော် အပြန်၊ ကားပေါ်မှာ၊ မရမက,မေးဖို့တောင်၊ ကြံထားတာ"

"ဘယ်လိုမေးမေး၊

ငါ မဖြေဘူး"

"မဖြေနဲ့။ နင့်ဘာသာ ကြိတ်ခံ။ မှိတ်ခံ။ ငါ မမေးတော့ဘူး။

ပန်းကတ္တီပါ မို့လို့ပဲ၊ နာမည်က။ မသံမဏိသာဆိုရင်၊ ကိုယ့်ကိုယ်ကိုယ်တောင်၊ ဝါးစားမလား မသိဘူး"

နှုတ်ခမ်းပါးလေးတွန့်ကွေးရှုံပြုံးလေ၏။

သောက , တူပါလျက်၊ သူက, ပို၍ ပူလေသူ . . .ဟု၊ စိတ်မှန်းဖြင့်၊ သတ်မှတ်မိလိုက်သည်။

ကိုယ်တိုင်ပင်လျှင်၊ တကယ်မပူပင်ချင်သော်လည်း၊ ကြိုတင်တွေးတောကြည့်မိသည့်အခါတွင်မူ၊ ရင်အေးစရာဘာမျှ မရှိသေး။

ထို့အပြင်၊ ညိုမြင့် ပြောပြခဲ့ရာ၊ စကားအကြောင်းအရာ

မျိုးကိုပါ၊ ထည့်သွင်းတွေးတောမိပါက၊ ပန်းကတ္တီပါလက်ပင်၊ ကျွန်တော်ပို၍ လောင်မြိုက်သွားနိုင်ပေ၏။

♥ ♥ ♥

( ၄ )

ညီမြင့်နှင့်ကျွန်တော်က၊ ရပ်ကွက်ထဲက၊ သူငယ်ချင်း။

ပန်းကတ္တီပါ၊ ဖူးစာခိုင်နှင့် မြသိန်းတန်တို့က၊ ကျွန်တော့်၏ ကျောင်းနေဘက် သူငယ်ချင်းများ။

ကျွန်တော်နှင့် ပန်းကတ္တီပါတို့က၊ ဖူးစာခိုင်နှင့် မြသိန်းတန်တို့ ကဲ့သို့၊ ကြွယ်ဝ,သော မိဘများက၊ မွေးဖွားခဲ့သူတွေ မဟုတ်ကြသော် လည်း၊ ဖူးစာခိုင်နှင့် မြသိန်းတန်တို့ တက်ရောက်ကြသော၊ နာမည်ကြီး ကျောင်းတစ်ကျောင်းမှာ၊ ငယ်စဉ်ကတည်းက၊ တက်ရောက်ခွင့် ရခဲ့ကြ၏။

အရပ်စကားနှင့်ပြောပြရလျှင်၊ ကျွန်တော့်မိဘ,တွေက၊ ရာထူး မကြီး မကြွယ်ဝ,သော်လည်း၊ ထိုလူတန်းစားမျိုးတို့၏ လက်အောက်ခံ ဘဝ, ခင်ရာမင်ကြောင်း ရှိကြသည်။ ပန်းကတ္တီပါ သည်လည်း၊ ထိုနည်းလည်းကောင်း။ ထို့ကြောင့်, လူကုံတန်တွေသာ၊ တက်ရောက် နိုင်ကြသော၊ ကျောင်းတော်ကြီးမှာ၊ ကျွန်တော်နှင့် ပန်းကတ္တီပါတို့၊

တွယ်ကပ်တက်ရောက်ခွင့်၊ ရခဲ့ခြင်း၊ ဖြစ်၏။

ညီပြုမြင့်က,တော့၊ ငယ်စဉ်ကတည်းက တက္ကသိုလ်ဝင်တန်း အောင်မြင်သည်အထိ၊ အိမ်အနီးက၊ သာမာန်လူတန်းစားများ တက်ရောက်ရာ၊ ကျောင်းမှာသာ၊ ပညာသင်ကြားခဲ့သူဖြစ်၏။

"ခေါင်းဆောင်ကောင်းတွေ၊ ပညာရှိကြီးတွေ၊ ကျော်ကြားသူတွေ၊ . . .အားလုံး၊ ကျောင်းကောင်းကောင်းမှာပဲ၊ တက်ခဲ့ကြတာ မဟုတ်ဘူးကွ။

သာမန်ရပ်ထဲ၊ ရွာထဲမှာပဲ၊ တက်ခဲ့ကြတာ။ တချို့ ဘုန်းကြီးကျောင်းသားတောင်ပါသေးတယ်။

ကျောင်းဝင်ကြေးကလည်း၊ ကျိုကျိုတက်။ ကျောင်းအတွက် ပေးရမယ့်၊ အလှူငွေက,လည်း၊ ကျိုကျိုတက်။ ကျောင်းအုပ်နဲ့အတန်းပိုင်ဆရာ . . ., ဆရာမ,ကို ပေးရတဲ့ လက်ဆောင်ကလည်း၊ ကျိုကျို တက်။

အဲဒီလို၊ ကျိုကျိုတက်တွေများတဲ့၊ ကျောင်းက၊ ထွက်လာပြီး၊ ဘာထွန်းပေါက်မှုမှ၊ မရှိရင်၊ အဲဒါ. . . ဖွတ်ကျားပဲ။

ကျောင်းရော . . .၊ မိဘ ဆရာရော . . .၊ ကိုယ်တိုင်ရော. . .၊ သိက္ခာကျတယ် . . .တဲ့။

အဲဒါကြောင့်၊ ငါ့ကို၊ သာမာန် ကျောင်းမှာ

တက်ပြီး၊ အဲဒီလို ကျိုကျိုတက် ကျောင်းက,

ထွက်လာတဲ့ လူတွေထက်ပိုတော်အောင်၊ ပိုကြိုးစားဖို့၊

ငါ့အဖေ၊ ခဏခဏ၊ ဆုံးမ,တယ်"

တက္ကသိုလ်ဝင်တန်း တက်ရောက်ကာစ,က ညိုမြင့်ပြောပြဖူးသည့်၊ သူ့မိသားစု စကား။

♥

သူ ပြောပြဖူးရာ စကားက၊ အင်မတန်မှန်လွန်းသည်ဟု၊ ကျွန်တော် အခုမှ၊ ပိုသိလာ၏။

တက္ကသိုလ်ကျောင်းတက်ရောက်ရမည့်ကာလ,သို့ ရောက်သောအခါ၊ ကျွန်တော်နှင့် ပန်းကတ္တီပါတို့က၊ သာမန် စီးပွားရေးဘာသာရပ်။ မြသိန်းတန်နှင့် ဖူးစာခိုင်တို့သည်လည်း၊ သာမာန်စီးပွားရေး ဘာသာရပ်။

ညိုမြင့်က ကျွန်တော်တို့အားလုံးထက် (တက္ကသိုလ် ဝင်တန်း) အမှန်ပေါင်း၊ ပို၍ များနေချေ၏။ သို့သော် ညိုမြင့်က၊ ကျွန်တော်တို့ကဲ့သို့၊ နေ့ကျောင်းမတက်။ အဝေးသင် တက္ကသိုလ် အဖြစ်သာ၊ ပြောင်းတက်သည်။ သာမန်ဘာသာရပ်ကိုသာ၊ ပြောင်းယူ၏။ (သတ္တဗေဒ ဘွဲ့ကိုသာ၊ သူ . .ယူဖြစ်သည်)။

"တက္ကသိုလ်ကျောင်းဆိုတာ၊ လှလှပပ

မြို့ထဲမှာ၊ ထည်ထည်ဝါဝါ၊ ရှိရမယ် ကွ။

မြို့မြင်. . . တောကြိုအုံကြားထဲ၊ မင်းပဲ

သွားတက်။

ငါတော့ . . . နေ့တိုင်းသွားစရိတ်၊ လာ
စရိတ်လည်း မကုန်ချင်ဘူး။ နေ့တိုင်း. . .
နေအပူဒဏ်လည်း၊ မခံချင်ဘူး။

အဲဒါကြောင့်၊ အဝေးသင်ပြောင်းပစ်လိုက်
တာ။ ဒေး တက်ဖူးတဲ့သူတွေ၊ ပြောကြတယ်။
စစ်သားတွေ . . . ရှေ့တန်းထွက်ရသလိုမျိုး၊
ပင်ပန်းတယ် . . . တဲ့။

မပင်မပန်းဘဲ၊ ဘွဲ့ရတဲ့နည်းရှာလိုက်တာ၊
အဝေးသင်ပဲ ကောင်းတယ်"

ညီမြင့်ပြောသလို၊ အမှန်ပင်၊ ကျွန်တော်တို့ပင်ပန်းခဲ့ကြသည်။ ကိုယ်ပိုင်ကားဖြင့်လာကြသည့်၊ ဖူးစာခိုင်နှင့် မြသိန်းတန်တို့ကို၊ ဘတ်(စ)ကား (သို့မဟုတ်) ကြိုပို့ကားဖြင့် လာကြရသည့်၊ ပန်းကတ္တီပါနှင့် ကျွန်တော်က (ရွာသားကြီး) တက္ကသိုလ် မုခ်ဦးဝ, မှ ထိုင်စောင့်နေကြရစမြဲ။

♥

စတုတ္ထတန်းလောက်ကတည်းက၊ မြသိန်းတန်နှင့် ဖူးစာခိုင် တို့၏ အိမ်မှာ၊ ကျွန်တော်နှင့် ပန်းကတ္တီပါတို့နှစ်ယောက် ကျူရှင်အတူ တက်ခဲ့ကြသည်မှာ၊ တက္ကသိုလ်မှ၊ ဘွဲ့ရပြီးသည် အထိ။

ဖူးစာခိုင်၏ အိမ်မှာ၊ ကျူရှင်သင်သည့်အခါ ရှိသကဲ့သို့၊ မြသိန်းတန်၏အိမ်မှာ၊ ကျူရှင်သင်သည့်အခါ ရှိသည်။ ဘယ်အိမ်မှာ

သွားတက်ရ…သွားတက်ရ။ ကျွန်တော်နှင့် ပန်းကတ္တီပါက တစ်တွဲတွဲ။

ဒါကိုပင်၊ ကြည့်မြင်သုံးသပ်လျက်၊ မြသိန်းတန်၏မိဘ၊ ဖူးစာခိုင်၏ မိဘ များက၊ ကျွန်တော်နှင့် ပန်းကတ္တီပါကို၊ ချစ်သူ စုံတွဲတွေ… ဟု၊ ယူဆ,ထင်မြင်ခဲ့ကြ၏။

အမှန်တကယ်က,မူ …

တက္ကသိုလ် ပထမနှစ်စာမေးပွဲ ဖြေဆိုပြီးကတည်းက၊ ဖူးစာခိုင်သည် ကျွန်တော့် ချစ်သူ။ ပန်းကတ္တီပါသည်၊ မြသိန်းတန်၏ ချစ်သူ။

ပန်းကတ္တီပါနှင့် ကျွန်တော်က၊ အိမ်နီးချင်း။ မြသိန်းတန် နှင့် ဖူးစာခိုင်က၊ အိမ်နီးချင်း။

(လူနေမှုအဆင့်အတန်းချင်း၊ တူညီသူ နှစ်ဦးကိုပင်၊ တွဲဖက်ထင်မြင်နိုင်ကြသည့်၊ လူ့သဘာဝ,က ပန်းကတ္တီပါနှင့် မြသိန်းတန်၊ ကျွန်တော်နှင့် ဖူးစာခိုင်တို့၏၊ စုံမက်တွယ်တာနေမှုတို့ကို၊ လုံးဝ . . အရိပ်စားမိကြ)။

ဤကဲ့သို့သော၊ တီးတိုးတိတ်တိတ်၊ ရင်ထိတ်ခင်တွယ် 'နေကြသော၊ အချစ်ဇာတ်ကြောကို၊ ရပ်ကွက်ထဲက သူငယ်ချင်း၊ ညီမြင့်မှတစ်ပါး၊ မည်သူ့ကိုမျှ၊ ကျွန်တော် မခွန်းဟ။

"မင်းနဲ့ ပန်းကတ္တီပါ၊ အလုပ်ဝင်ရင်း၊ အမျိုးသားအင်္ဂလိပ်စာဌာနမှာ၊ ရုံးပိတ်ရက်၊ အင်္ဂလိပ်စာဒီပလိုမာသင်တန်း တက်နေတုန်းက, လည်း၊ မြသိန်းတန်နဲ့ ဖူးစာခိုင်က၊ အရာရောက်တဲ့၊ အဖွဲ့အသင်းရဲ့၊ ထောက်ခံချက်နဲ့၊ အင်္ဂလိပ်စာ ဒီပလိုမာ၊ ထပ်တက်တယ်။

အခု. . . သူတို့က၊ ဟိုမှာ . . .ဘာဆက်တက်မှာတဲ့လဲ"

"အမ်–ဘီ–အေ ဆက်တက်ဖို့ သွားတာ။ အမြင့်ဆုံးဘွဲ့မရလို့။ ရတဲ့ဘွဲ့နဲ့ဆိုင်တဲ့ နောက်ထပ် အမြင့်ဆုံးကို၊ သွားယူမှာ . . .တဲ့။ ဖူးစာ ပြောသွားတာပဲ"

"အရှူးကို၊ လင်လုပ်တယ်ပဲ၊ ငါ . . . ကြားဖူးခဲ့တယ် မင်းသုခ။

အခု . . . မင်း အလှည့်ကျတော့မှ၊ အရှူးကို ရည်းစားလုပ်သလို။ အဲ . . . ချစ်သူ တော်သလို ဖြစ်နေပြီ"

"ဖူးစာခိုင်က၊ သူ့ကိုယ်သူ၊ ဘရိုက် ဖြစ်တယ် ထင်နေတာကွ။

သူ့အိမ်ကလည်း၊ သူတို့သမီး . . . တော်ရဲ့သားနဲ့၊ ခြေချော်လက်ချော်ဖြစ်ပြီး၊ အင်စတီကျူ . . . မရတာလို့ ပြောတယ်"

"မင်းသုခ။

လုံချည်ကွင်းသိုင်းပြီး၊ နို့ဆီခွက်လည်မှာ ဆွဲထားမှ၊ အရှူးလို့၊ ခေါ်တာမဟုတ်ဘူး။

ရတဲ့. .. . အခြေအနေ။ ရောက်တဲ့ဘဝ၊ အပေါ်၊ မတင်းတိမ်၊ မအေး ချမ်းနိုင်တာလည်း၊ အဲဒါ . . .ရူးတာပဲကွ။

ကိုယ့်ချစ်သူ ကိုယ့်ရည်းစားကို မင်း . . .,

အရှုံးရောဂါ၊ ကုမပေးနိုင်ဘူးလား"

"သူတို့ရဲ့၊ ပကာသန လောဘ, မုန်တိုင်းထဲကို၊ ငါ့ လေသံ၊ ယ်တိုးပါ့မလဲကွာ". . . ဟု၊ ကြိုးစားရယ်မောလျက် ကျွန်တော် ပြောရသည်။

"မင်းကို၊ ဖူးစာခိုင်က, အပျော်ချစ်တာ များလား မသိဘူးနော် . . . မင်းသုခ"

ကျွန်တော်၊ ရယ်မောလျက် . . .

"အာ . . .မင်းကလည်း၊ အဲဒါ . . . မိန်းကလေးက၊ ပြောရမယ့် စကားကွ"

"လည်တဲ့ မိန်းကလေးတချို့က၊ သူတို့ . . . လုပ်ချင်ရာလုပ်ဖို့၊ မင်းလို ငတုံး မျိုးကို၊ ကြိုက်တတ်တယ်ကွ"

"ရိုးသားတဲ့သူကို၊ ငတုံးလို့ ပြောဆို လှောင်ပြောင်တဲ့ ခေတ်ကိုရောက်နေပြီလား . . . ညီမြင့်"

"ရိုးလွန်းရင်၊ အ,တတ်တယ်လေ သူငယ်ချင်း ရယ်"

ကျွန်တော် မပြုံး မရယ်တော့ဘဲ . . .

"ငါက . . . ဖူးစာခိုင်၊ သူ့ကိုယ်သူ ပညာစုံပြီ . . . လို့၊ ယူဆတဲ့ အချိန်ကျရင် သားမှတ်မှတ် မယားမှတ်မှတ်, မဖောက်လွဲ

မဖောက်ပြန်ဘဲ၊ ရှိတာလေးနဲ့ လှအောင်ဝတ်၊ ရတာလေးနဲ့ ဝ,အောင်စားတတ်ဖို့ပဲ၊ သင်ပေးဖို့၊ စဉ်းစားထားတာပါ။

ဒီ့ထက်ပိုပြီး, ငါ . . .ဘာမှ, မစဉ်းစားထားပါဘူး။

ဒါကို မင်းကပဲ ဖြစ်ဖြစ်၊ တခြား . . . ဘယ်သူဘယ်ဝါပဲဖြစ်ဖြစ်။ ဖူးစာ ကိုယ်တိုင်ပဲ ဖြစ်ဖြစ်။

ငတုံးလို့၊ ထင်ရင်၊ ထင်ပေ့စေကွာ။

အ, ကုသိုလ်ဆိုတာ၊ ဘာမှန်းမသိတဲ့၊ တိုင်းနိုင်ငံတွေက၊ အတွေးအခေါ်မျိုးတွေနဲ့တော့၊ ငါ. . . လူလည်အဖြစ်၊ မရှင်သန်ချင်တာ၊ အမှန်ပဲ။

သူ့ဘာသာ. . . လောဘဇောတိုက်နေတဲ့သူကို၊ အချိန်တန် သိပါစေဆိုတဲ့၊ စိတ်နဲ့ပဲ၊ ငါ . . .လွှတ်ပေးလိုက်တာပါ။

မြသိန်းတန်ရော . . .ဖူးစာရော . . . သူတို့ကိုယ်၊ သူတို့၊ ပညာလောဘ, ကြီးနေတာ. . လို့ ထင်နေကြတယ်။

အဲဒါ ပညာလောဘ, မဟုတ်ဘူး၊ ပကာသန လောဘလို့ ငါ ပြောပြတာ, အပြားခံရတယ်။

ဘဝကို၊ အလုံးစုံငြိမ်းအေးအောင် မစောင့်

ရှောက်နိုင်ရင် ဘယ် ဘွဲ့ထူးဂုဏ်ထူး ဖြစ်ဖြစ်၊ အဲဒါ ပညာ အစစ်မဟုတ်ဘူး . . လို့၊ ငါ . . . သေသေ ချာချာ ပြောဖူးတယ် . . .ဖူးစာကို။

ကမ္ဘာ့ အိုင်ဒီယာကြီးက၊ သူ့ကို၊ လွှမ်းမိုး နေတော့၊ ငါ့စကားအရာ မရောက်ခဲ့ဘူး"

ညိုမြင့်က . . .

"ကိုယ့်ချစ်သူ ကိုယ့်ရည်းစားကို၊ သူတစ်ပါးနဲ့ ရပ်ဝေးမြေခြား . . သွားခွင့်ပြုလိုက်တဲ့၊ မင်းကို . . . အားမရလို့၊ ငါ . . . ငတုံးလို့၊ တမင်ပြောတာပါကွာ"

ကျွန်တော်က . . .,

"ချစ်သူ ဆိုတာ၊ အိမ်ထောင်ဖက် မဟုတ်သေးဘူးလေကွာ။

အိမ်ထောင်ဖက်ဆိုရင်တောင်၊ သွားချင် လာချင် . . . စွန့်ခွာချင်နေတဲ့ သူကို၊ ငါက, တော့ . . . ဘယ် အာဏာ . . . ဘယ်အခွင့်အရေးနဲ့မှ၊ တားမှာမဟုတ်ဘူး။

အခု ပိုဆိုးတာပေါ့။

သူ့မိဘ,ပဲ၊ တားပိုင်ခွင့်ရှိတဲ့ အခြေအနေ လေ"

"သံယောဇဉ်ကို၊ အကြောင်းပြုပြီး တား ပေါ့ကွ"

"ဒေဝဒတ်၊ မြေမမျိုအောင်၊ တို့ . .
မြတ်စွာဘုရား၊ အကြိမ်ကြိမ် တားခဲ့ပါသေး
တယ်ကွာ။ ရလို့လား . . ."

ညိုမြင့် တဟားဟားရယ်လေ၏။

ကျွန်တော် မချိစွာ ပြုံးမိသည်။

♥ ♥ ♥

( ၅ )

ရွှေမန်းသူ ကားဂိတ်သို့၊ ညိုမြင့်လိုက်ပို့သည်။ ကားဂိတ်အတွင်းမှ၊ အပြင်ဘက်သို့၊ ကားအကွေ့တွင် ပန်းကတ္တီပါက . . .

"ညိုမြင့်က၊ ဘာဖြစ်လို့ လိုက်ပို့တာလဲ"

ညိုမြင့် ကျန်ရစ်ခဲ့ရာသို့၊ စောင်းငဲ့ကြည့်ပြီး၊ မေး၏။ ကျွန်တော်က၊ ရယ်လျက် . . .,

"မသိပါဘူးဟာ။ ရည်းစားပစ်သွားတာခံရတဲ့ ကောင်မို့လို့၊ သနားလို့ လိုက်ပို့တာတဲ့"

"အဲဒါ . . .သူ ပြောစရာလား"

"နောက်တာပါဟာ"

"ဒါ. . . နောက်ရမယ့်စကား မဟုတ်ဘူး"

ပန်းကတ္တီပါ၏ မျက်ခုံးတွန့်ကွေးကို၊ ရယ်လျက်၊ ကျွန်တော်ကြည့်ရင်း . . .

"ဟဲ့ . . .၊ ညိုမြင့်က၊ ငါ့ကိုနောက်တာ။

ဘယ့်နှယ့်, နင်က၊ မျက်နှာကြီး စူပုတ် နေတာလဲ"

"ဖူးစာက ဟိုမှာ ကျောင်းသွားတတ်တာပဲ။ နင့်ကို ပစ်သွားတာမှ မဟုတ်တာ။ နင် . . ., မပြောပြဘူးလား"

"သူလည်း သိပါတယ်ဟာ။ တမင် နောက်တာပါ။

ဘာလဲ . . .၊ မြသိန်းတန်က၊ နင့်ကို ပစ်သွားသလို မျိုး၊ နင်. . .ခံစားနေရလို့။ တိုက်ဆိုင်စကားကြောင့်၊ စိတ်ဆိုးတာလား"

"မင်းသုခနော်"

ကျွန်တော့် လက်မောင်းကို၊ လှမ်းရိုက်၏။

"နောက်လ,လောက်၊ ရန်ကုန် ပြန်ဖြစ်ရင်။ အမြန်ပြန်လာဖို့၊ မြသိန်းတန်ကို ငါ, ပြောပေးပါ့ မယ်ဟာ။

ဖူးစာဆီမှာ၊ ငါ့ ရုံးဖုန်း၊ ရှိတယ်။ မြသိန်းတန်ကိုရော၊ နင် . . .ရုံးဖုန်း ပေးထားတယ် မဟုတ်လား။

အင်း . . .ရုံးကို၊ ဖုန်းဆက်တဲ့ အချိန်၊ ငါ . . . ပြောပေးမယ်"

"နင့်ယောက်ဖ,က၊ ရုံးကို အရေး မကြီးဘဲ မဆက်ဘူး . . .တဲ့"

"ဘယ်သူလဲ . . .ငါ့ယောက်ဖ"

"မြသိန်းတန်လေ။ နင့်ယောက်ဖ"

"ဟာ . . .။ မောင် . . .လို့, မခေါ်

တော့ဘူးလား"

"ခေါ်စရာလား"

"ရုံးက၊ ကွန်ပျူတာမှာ၊ အင်တာနက်

သုံးဖို့ကျပြန်တော့လည်း၊ ခဏပဲ ကောင်းမယ်။

ကိုယ်ရေးကိုယ်တာဆိုတော့။ သပြေကုန်း

သွားဖို့ကျပြန်တော့၊ ဝေးတယ်။

ရုံးက၊ ဆိုင်ကယ်တစ်စီးလောက် ပေးရင်

ကောင်းမယ်။

မပူနဲ့။ ကတ္တီပါ။ ငါ . . .မြသိန်းတန် ကို

ဒီ. . .လ,အတွင်း၊ ရတဲ့နည်းနဲ့၊ အမြန်ဆက်သွယ်ပြီး၊

အမြန်ပြန်လာဖို့၊ အကြောင်းကြားပေးမယ်"

"နင့်ဘာသာ၊ ဖူးစာခိုင်ကို အကြောင်း

ကြား။

ငါ့ကိစ္စထဲ၊ ဝင်မပါနဲ့။ သူ့ ဘာသာ . .

.သူ အမြန်လာလာ . . . မလာလာ . . .။ ငါ,

စိတ်မဝင်စားဘူး"

"ဟာ . . .။ ကတ္တီပါ။ နင် . . . တကယ်ကြီး

စိတ်ဆိုးနေတာလား။

ငါက, နောက်နေတာလေ . . ."

"မနောက်နဲ့"

"မနောက်ပါဘူး။ နင် . . .တကယ်

မြသိန်းတန်နဲ့၊ အဆင်မပြေတာလား"

"ငါ့ကိုယ်. .ငါ၊ သတ်သေမယ်. . .လို့၊

ငါ . . .ပြောထားပြီးပြီနော်။

ဆက်မေးရင် ငါ . . .အော်လိုက်တော့မယ်"

"ကဲ . . .။ မမေးတော့ဘူး။ သတ်လည်း

မသေပါနဲ့တော့။

ရုံးက, လူတွေက၊ အားတာ မဟုတ်ဘူး။

လူတစ်ယောက် သေရင်၊ တစ်ရုံးလုံး၊အလုပ်ရှုပ်မယ်။

မသေနဲ့ . . .မသေနဲ့"

ပြုံးဟန်ပါသည့် မျက်စောင်းကိုတွေ့မြင်ရ၏။ မျက်စောင်းအတွင်း၊ မျက်ရည်ရောင်ကို၊ ရှေ့တော်ပြေးမြင်ခဲ့ရ၏။

စကားမခွန်း ခြွေပါဘဲလျက်၊ စကားသံသဲ့သဲ့မျှ ကြားလိုက်ရသကဲ့သို့၊ တွေးဆ, ဆင်ခြင်မိစေသော . . .၊ မျက်စောင်းဖြင့် ဖုံးလွှမ်းကာရံထားသည့်၊ မျက်ရည်ရောင် နိမိတ်ဆိုး။

♥

နည်းနည်းတော့၊ အံ့ဩမိသည်။ နေပြည်တော်ရှိ၊ ရုံးဌာနသို့၊ ပြန်ရောက်ပြီး၊ တနင်္လာနေ့မှ သောကြာနေ့အထိ၊ ချစ်သူ ဖူးစာခိုင်ထံမှ၊ ဖုန်းဆက်ခြင်း၊ အလျဉ်းမရှိ။

ပန်းကတ္တီပါထံသို့၊ မြသိန်းတန် ဆက် . .မဆက်လည်း၊

ကျွန်တော် မသိ။ ပန်းကတ္တီပါကိုလည်း မမေးဖြစ်။

ရုံးခန်းထဲရှိ၊ ကွန်ပျူတာမှတစ်ဆင့်၊ အင်တာနက် ဆက်သွယ်မှု လုပ်ဖို့၊ ခဏ. . .ခဏ စဉ်းစားဖြစ်သည်။ လိုင်းပေါ်မှာ၊ သူ . . .မရှိရင်၊ မဆက်သွယ်ချင်ပြန်။

စာရေးခဲ့ဖို့စဉ်းစားသေးသည်။ ရေးချင်သည်က၊ အမြောက် အများ။ ဌာနပိုင်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းဖြင့်၊ ကိုယ်ရေးကိုယ်တာကို၊ လိုသလို အသုံးချဖို့၊ မူလစိတ်၌ မဝံ့ရဲ။

သို့ဖြင့်၊ သောကြာနေ့ ညနေဘက်သို့၊ ရောက်ခဲ့သည်။ ကျွန်တော် က,လည်း၊ မဆက်သွယ်ဖြစ်။ ချစ်သူ၏ဆက်သွယ်မှုလည်း၊ ဘာမျှ. . .ရောက်မလာ။

စနေနေ့ မနက်ပိုင်းကျမှ၊ ပန်းကတ္တီပါ၏အဆောင်သို့၊ ကျွန်တော် ဖုန်းခေါ်ဖြစ်သည်။

"သပြေကုန်းမှာဖြစ်ဖြစ်၊ မြို့မဈေးမှာ ဖြစ်ဖြစ်။ ငါ . . .အင်တာနက် သွားထိုင်မလို့။ ဖူးစာဆီ၊ ဖုန်းဆက်လို့၊ ရရင်လည်း၊ ဆက်မယ်။ အဲဒါ နင် . . .လိုက်ဦးမလား"

"မလိုက်ချင်ဘူး။ သူတို့က၊ ငါတို့ဆီ ဆက်သွယ်ရတာ လွယ်တယ်။

ဒီက . . သူတို့ဆီ ဆက်သွယ်ရတာ၊ အသွားအလာပါ ခက်ခဲတယ်ဆိုတာ၊ သူတို့ သိတာပဲ။

နင့်ဘာသာ သွား။ ငါ . . ., မလိုက်ဘူး"

"မြသိန်းတန်လည်း နင့်ဆီကို ဖုန်း

မဆက်ဘူးပေါ့။ ဟုတ်လား ကတ္တီပါ"

"......

..........."

တုံ့ပြန်သံ မကြားရ။

"အသွားအလာ မခက်ပါဘူးဟာ။ ငါ့ကို၊

ရုံးကိစ္စခိုင်းထားတာ ရှိတယ်။

အဲဒါ . . .၊ ရုံးက ဆိုင်ကယ်နဲ့ ငါ သွားမှာ။

နင်ပါ လိုက်ခဲ့ပါလားဟာ"

"မင်းသုခ"

"အေး . . . ပြော"

"နင် . . .ယောကျ်ား မဟုတ်ဘူးလား"

"ဟာ . . .။ ဘာလဲ။ နင့်စကားက"

"ဟိုက၊ သွားတာ၊ ဆယ်ရက်တောင်

မပြည့်သေးဘူး။ နင် ဘယ်လိုဖြစ်တာလဲ"

"နင့် မေးခွန်းကလည်း၊ ကိုယ်ချင်း မစာတဲ့

မေးခွန်းကြီး"

"နောက်တစ်ပတ်မှ၊ သွားပါလား ဟာ

ဒါမှ မဟုတ်၊ ရုံးတက်တော့မှ၊ မေးလ် ပို့လိုက်ပေါ့

"လုပ်ပါဟာ။ ဆိုင်ကယ်ရှိတုန်း လေးမို့ပါ

"ပြီးရော . . .ပြီးရော။ ငါတော့ မော

ဆီမဆက်ဘူး။

နှင့်ဘာသာ ဖူးစာဆီဆက်။ ငါ. . .
အဖော်လိုက်ပေးမယ်"

"အေး . . အေး။ ငါ . . .အခု လာခဲ့မယ်။
နင် . . .အဆောင်ရှေ့က၊ ဆင်း စောင့်။

ဩော် . . .ဒါနဲ့။ နင် . . .ခုနက၊ မောင့်ဆီ
မဆက်ဘူးလို့၊ ပြောလိုက်တာလား"

"ဟုတ်တယ် . . .ဘာဖြစ်လဲ"

"ဟဲဟဲ . . .။ နင် . . .မြသိန်းတန်ကို၊
စိတ်ဆိုးပြေနေလောက်ပြီ. . .လို့၊ ခန့်မှန်း မိလို့ပါ။
မောင် . . .လို့တောင် ခေါ်သေးတာပဲ။ မဟုတ်ဘူး
လား"

"သေနာ . . ."

ဝှက်ခနဲ၊ ဖုန်းချသွား၏။

♥ ♥ ♥

( ၆ )

မြသိန်းတန်၏ ရည်းစားစာကို၊ ပန်းကတ္တီပါထံသို့၊ ပေး ပေးရသူမှာ၊ ကျွန်တော်ဖြစ်သည်။ မြသိန်းတန်နှင့် ပန်းကတ္တီပါတို့ နှစ်ယောက်၊ သမီးရည်းစားဖြစ်ကြလေသောအခါ၊ ကျွန်တော်နှင့် ဖူးစာခိုင်က၊ သူတို့နှစ်ယောက်၏ ကိုယ်ရံတော်များ . . .၊ ဖြစ်ခဲ့ကြရသည်။

သူငယ်ချင်းဘဝ,တုန်းက,တော့၊ အတူတကွ သွားလာကြသည့်အခါ၊ လေးယောက်စလုံး၊ ရင်ပေါင်တန်း၍၊ လျှောက်လှမ်းဖြစ်သကဲ့သို့၊ ကျွန်တော်နှင့် မြသိန်းတန်က . . .ရှေ့၊ ပန်းကတ္တီပါနှင့် ဖူးစာခိုင်က . . .နောက်။

သူတို့နှစ်ယောက် ချစ်သူ ရည်းစားဖြစ်သွားကြသောအခါ၊ သူတို့နှစ်ယောက်က . . .ရှေ့၊ ကျွန်တော်နှင့် ဖူးစာခိုင်က . . .နောက်။

စီးပွားရေးတက္ကသိုလ် (ရွာသာကြီး) မှာ၊ တက်ရောက်ကြသူများဖြစ်ကြပါလျက်၊ အချိန်အားကြသည်နှင့် ရန်ကုန်ပင်မ, တက္ကသိုလ်

ကြီး၏၊ ဖွားဖက်တော် အင်းလျားကန်ဘောင်တွင်၊ ထိုင်ဖြစ်ကြလျှင်လည်း၊ သူတို့. . . ချစ်သူနှစ်ယောက်က၊ အင်းလျားကန်ရေပြင်ကို မျက်နှာမူလျက် ထိုင်ကြ၏။ ကျွန်တော်နှင့် ဖူးစာခိုင်က၊ သူတို့ကို ကျောပေးကာ၊ မြက်ခင်းပြင်ကို ကသိုဏ်းရှုသလို ထိုင်ကြရသည်။

မြသိန်းတန်နှင့် ပန်းကတ္တီပါတို့ရှိရာ၊ ထိုင်ခုံဘက်မှ၊ ခိုးခိုးခစ်ခစ်ကြားရလျှင်မူ၊ ကျွန်တော် ဂနာမငြိမ်။ သမာဓိမတည်။ ကသိုဏ်းဝန်းပျက်ရချေ၏။ တွတ်တီးတွတ်တာ၊ အသံလာရာဆီသို့၊ ကျွန်တော် သိသိသာသာ လှည့်ကြည့်မိခဲ့သည်ချည်း။

"ဟဲ့ ။ ဘာလို့ သွားကြည့်တာလဲ ။
တော်တော် စပ်စုတယ်။"

ဖူးစာခိုင်က၊ ဟန့်တားနေကျ။

"ငါက . . .၊ ပေါ်တင်လှည့်ကြည့်တာ။
နင်က . . .ငါ့ကို၊ တားသလိုလိုနဲ့၊ လှမ်းကြည့်တာ။
အတူတူပဲ။
နင်လည်း စပ်စုတာပဲ"
"ငါက၊ စပ်စုစရာလား"

မျက်စောင်းထိုးသော ဖူးစာခိုင်ကို၊ ကြည့်မိရင်းမှ၊ ပန်းကတ္တီပါလောက် မချောမော မလှပ,သော်လည်း သူလည်း မိန်းမလှတစ်ယောက်ဖြစ်သည်ဟု၊ စိတ်မှ မှတ်ချက်ချဖြစ်သည်။

"ဘာကြည့်တာလဲ"

ကြည့်သည်ကို၊ သိသွားသူ၏ အမေး။ ကျွန်တော် အမှန်အတိုင်းဘယ်ဖြေလိမ့်မလဲ။ ခေါင်းကို၊ ငုံ့လိုက်၏။ ပြီးနောက် ပြုံးလိုက်သည်။

ပြီးနောက်, . . .၊ ခေါင်းခါပြလိုက် သည်။

"ဟဲ့ . . .။ ဘာ ခေါင်းခါတာလဲ"

"ဘယ်ပြောမလဲ"

"ဘာ . . .။ ဘယ်ပြောမလဲ။

ဟုတ်လား။

နင် . . . ငါ့ကို၊ ပြုံတီတီနဲ့ကြည့်လို့၊ ဘာကြည့်တာလဲ၊ ငါ

မေးတာလေ"

"အင်းလေ။ ငါမှ . . .မကြည့်တာ။ ဘာလို့ ပြောရမှာလဲ၊

ကြည့်တယ်ပဲ . . .ထား။

ကြည့်တော့ . . .ဘာဖြစ်လဲ။ နင့် ရုပ်ကြီးကို ငါက, အလ

ထိုင်ကြည့်နေမယ် ထင်လို့လား"

ရှိသမျှ စွမ်းအားအကုန်ဖြင့်၊ ဖူးစာခိုင် ကျွန်တော့်ကို၊ လွယ်အိတ်

ဖြင့်၊ လှမ်းရိုက်သည်။ ထို ရိုက်ပုတ်နေသည့်၊ လွယ်အိတ်ကလေး၏

ရွာသွန်းမှုအောက်၌၊ အေးမြလန်းဆန်းစွာ၊ ကျွန်တော်၊ ပျော်နေဖြစ်

သည်။

♥

ဖူးစာရေး

အရောင်ဆိုးလျက်

မျှော်ကိုးဆုတောင်း။

လွမ်းပေါင်း ကုဋေ

လွမ်းစေ ကြာညောင်း

သူ့ အကြောင်းကို၊

ခေါင်းနဲ့ရင်ကြား

ဖိ သိမ်းထားလို့ ,

နှလုံးသားလေး မောလှပြီ . . .။ ။

(မင်းသုခ)

အထက်ပါ ကဗျာလေးကို၊ ဖူးစာခိုင်ဖို့ ရေးပေးလိုက်သောအခါ၊ ခေါင်းစဉ်ကို၊ "ဖူးစာရေး" . . .ဟု ကျွန်တော် မတပ်။

ဝစ္စပေါက် ချန်လှပ်ကာ၊ တမင်သက်သက်၊ သတ်ပုံမှား ဟန်ပြုလျက်၊ "ဖူးစာရေ" . . .ဟု၊ ခေါင်းစဉ်တပ်ထားလိုက်သည်။

"ဟဲ့ . . .၊ ဖူးစာရေ . . .ဆိုတော့၊ ဒါ, ငါ့ကို၊ စောင်းရေးထားတာလား"

"မဟုတ်ပါဘူး"

"မဟုတ်ပါဘူးသာပြောတယ်။ ကဗျာ ခေါင်းစဉ်၊က ငါ့နာမည်ကြီးတပ်ထားပြီး၊ ငါ့ကို လှမ်းခေါ်သလိုမျိုး"

"မဟုတ်ပါဘူးဟာ။ ခေါင်းစဉ်မှာ၊ ဝစ္စ

နှစ်လုံးပေါက်၊ ကျန်ခဲ့တာပါ။

ဖူးစာရေ . . .မဟုတ်ဘူး။ ဖူးစာရေး . . ."

ကျွန်တော့် မလိမ့်တစ်ပတ် ရည်းစားစာကို၊ ရည်းစားစာမှန်း သိပါလျက်၊ဖူးစာခိုင် စွပ်စွဲရခက်စေခဲ့သည်။

"သာမန်ရိုးရိုး၊ ဖြူစင်တဲ့၊ သူငယ်ချင်း သံယောဇဉ်ကို၊ အရောင်ဆိုးပြီး၊ တုံ့ပြန်နိုး၊ မျှော်ကိုးခဲ့,တဲ့၊ အလွမ်းစိတ်တွေ များလွန်းနေပြီ . . .တဲ့။

အဲ့ဒီ. . .အကြောင်းကို၊

ဦးနှောက်ထဲရော . . . ရင်ခွင်ထဲမှာရော၊ ဖုံးဖုံးဖိဖိနဲ့ မျိုသိပ်သိမ်းဆည်းထားခဲ့ရတာလည်း၊ ကြာလွန်းလှပြီ . . .တဲ့။

အဲဒါကြောင့်၊ နှလုံးသားလေးခမြာ၊ မောလှ ပန်းလှပါပြီး . . .တဲ့။ ကဗျာ ဆိုလိုရင်းက"

ရှေးခေတ်ကဗျာတစ်ပုဒ်၏ ဆိုလိုရင်း အဓိပ္ပာယ်ကို, တကယ့် စကားပြေ ပြန်ပြနေသူပမာ၊ ကျွန်တော်ရှင်းပြနေဖြစ်သည်။

ဖူးစာခိုင်က . . .

"နင် . . .ဘာဖြစ်လို့၊ အဲ့ဒီကဗျာ အဓိပ္ပာယ်၊ ငါ့ကိုရှင်းပြနေရတာလဲ"

"နင် သိစေချင်လို့ပေါ့"

"ဒီလောက်၊ အဖွဲ့အနွဲ့ . . .၊ စကား

ဝေါဟာရ. . .၊ ဖွာလန်ကျဲနေတဲ့၊ ကဗျာ အဓိပ္ပာယ်ကို၊ မူလတန်းကျောင်းသူ ကျောင်းသားတောင် တစ်ခေါက်ဖတ်ကြည့်ရုံနဲ့ . . . သိတယ်"

"ကဗျာကို၊ ရွတ်ရတာ။ ဖတ်ရတာ မဟုတ်ဘူး"

"ဟဲ့ . . .နင့်ကဗျာက၊ ရွတ်ရမယ့် အဆင့်မှ မရှိတာ။ ဖတ်ကြည့်ရုံနဲ့ ဖွန်ကြောင်ထားတဲ့၊ စာကြောင်းတွေမှန်း၊ လူတိုင်း သိတယ်"

ထိုမှအထိ၊ ကျွန်တော့် မြန်မာကဗျာ အဖွဲ့အနွဲ့၊ အရေးအသား၊ အောင်မြင်ခဲ့လေသည်။

♥ ♥ ♥

## (၇)

"ဟဲ့ . . .၊ မင်းသုခ။ ဟဲ့ . . ."

ပန်းကတ္တီပါ၏ ပခုံးပုတ်ခေါ်မြည်သံကြောင့်၊ စိတ်ထဲက၊ အတိတ်အတွေးလေးတွေ၊ ရိပ်ကနဲ . . . ဖြတ်ပြေး ကွယ်လွင့်သွားရသည်။

"အဆောင်ရှေ့မှာ၊ လင်းတငိုင်, ငိုင်ပြီး၊ လာထိုင်နေတယ်"

"လင်းတမှိုင်ပဲ၊ ကြားဖူးပါတယ်ဟာ။ နင့်ကျမှ၊ လင်းတ . . .ငိုင် . . .တဲ့"

"ဟဲ့ . . .။ ငိုင်တာနဲ့ မှိုင်တာနဲ့၊ ပုံစံချင်းခပ်ဆင်ဆင်ပဲ။ စကားနိုင်လာ . . လုပ်မနေနဲ့။ ပြောစမ်းပါဦး။

နင်, ဘာဖြစ်နေတာလဲ။ ငါ . . .လှေခါးကဆင်းလာကတည်းက၊ နင့်ကို၊ လှမ်းကြည့်နေတာ။ ငါ . . .၊ အနားရောက်လာတာတောင်၊

နင်,မသိဘူး။ ပြော . . .၊

ဘာတွေ ငေါင်နေတာလဲ”

“နင့်ကို၊ အဆောင်ရှေ့က၊ ဆင်းစောင့်

နေဖို့၊ ငါ . . .လှမ်းပြောထားတာလေဟာ။

နင်,ဆင်းမလာသေးတာနဲ့၊ ဟိုတွေး ဒီတွေး

. . .၊ တွေးနေတာပါ။ ငေါင်နေတာလည်း

မဟုတ်ဘူး။ ငိုင်နေတာလည်း မဟုတ်ဘူး။

နင် . . . ကိုယ်ချင်းစာတတ်ရင်၊ သိလိမ့်

မယ်။ ငါ, လွမ်းနေတာ”

ပန်းကတ္တီပါ၏ ရယ်ရယ်မောမော မျက်နှာထားသည်၊ မသိမသာ၊ ကွက်ကနဲ ပျက်သွား၏။ မျက်နှာတည်ဖြင့်ပင်၊ ပန်းကတ္တီပါက . . .,

“လွမ်းတာလည်း ကြည့်လွမ်း။ အလွမ်း

ဆိုတာ၊ တစ်ခြမ်းပဲ့နေရင်၊ မကောင်းဘူး”

“နင် . . .၊ ဘာပြောတာလဲ . . .ကတ္တီပါ”

“ကဲပါဟယ်။ ဋီကာချဲ့မနေပါနဲ့တော့။

သွားမယ် . . .သွားမယ်”

ဆိုင်ကယ်လက်ကိုင်ရှေ့ခြင်းထဲမှ၊ ခေါင်းဆောင်းကို၊ ယူလျက် ပြော၏။ ကျွန်တော်ထိုင်ရာမှ၊ လေးပင်စွာ၊ ထ,လိုက်သည်။ စိတ်, အခြေမကျ။

♥

"နင် . . .၊ ဖုန်းဆက်မယ်ထင်လို့၊ ငါ, မျှော်နေတာ။

ဖုန်းလည်း၊ မဆက်ဘူး။ အခု . . .

G-mail လာဖွင့်ပြန်တော့လည်း၊ နင် . . .၊ ဘာ စာမှ ရေးမထားဘူး။

ဒီက,နေ. . .၊ ဖုန်းဆက်ပြန်တော့လည်း၊ ဖုန်း မကိုင်ဘူး။

ဖူးစာ . . .။ နင်, အဆင်ပြေရဲ့လား။ ငါ. . ., စိတ်ပူတယ်။ မြသိန်းတန်ရော . . . အဆင်ပြေရဲ့လား။ ငါ မေးတယ်လို့ ပြောပေးနော်။

စိတ်ပူလွန်းလို့၊ ငါ . . ., ဒီစာ၊ ရေးခဲ့တာပါ။ (ဖုန်းမဆက်ဖြစ်ရင်တောင်၊ စာပြန်ရေးခဲ့ဦးနော်။ ငါ, မျှော်နေမယ်)။

ဝေးနေရတဲ့ အချိန်၊ တစ်ခုခုကြောင့်၊ စိတ်ပူပင်ရတာ၊ လွမ်းတဲ့ . . . စိတ်, သတိရတဲ့ . . . စိတ်ထက်၊ ပိုပြီး လောင်မြိုက်လွန်းတယ် . . .ဖူးစာ။

လွမ်းတယ်, သတိရတယ် . . . ဆိုတဲ့ စိတ်က၊ ခန္ဓာတစ်ခွင်လုံးကို၊ နွေးနွေးလေး ဖြစ်နေစေပေမယ့်၊ စိတ်ပူတယ် . . . ဆိုတာကတော့၊ ကိုယ် . . , ခန္ဓာတစ်ခုလုံးကို ကြပ်ခိုးစင်မှာ ကြပ်အကင်ခံနေရသလိုပါပဲ . . .ဖူးစာ။

ငါ့ဆီကို စာ . .အမြန်ပြန်နော်။ ဖုန်းအမြန်

ဆက်နော်။ ဒါပါပဲ. . .။ ။

လွမ်းဆွတ်

လောင်မြိုက်လျက်,

မင်းသုခ"

စာအဝင်ခလုတ်ကို၊ ဖိနှိပ်လိုက်ပြီးနောက်၊ ပန်းကတ္တီပါကို၊ ငဲ့ကြည့်ကာ . . .

"ဟဲ့ . . .။ နင်လည်း . . . မြသိန်းတန်ဆီ။ စာရေးလေ"

"သူတောင်၊ ငါ့ဆီကို၊ ဖုန်းမဆက်, စာမရေးဘဲ၊ ငါက, ဘာဖြစ်လို့၊ ရေးရမှာလဲ။

ချစ်သူအချင်းချင်း တောင်းပန်တိုးလျှိုးနေရတာ၊ အဲဒါ . . .အချစ် မဟုတ်ဘူး။ အဲဒါ . . . ဝဋ်ကြွေး။

နင်ပဲ . . .ဝဋ်ခံ။

ငါ . . . မခံဘူး"

"ငါ မသိတဲ့အချိန်အခါမျိုးမှာ၊ နင် . . . မြသိန်းတန်နဲ့များ၊ ရန်ဖြစ်ထားသေးလား . . . ကတ္တီပါ"

ပန်းကတ္တီပါ၊ နှုတ်ခမ်းကို၊ တမင်တွန့်လျက်၊ ပြုံး၏။

"ငါ့ကိစ္စကို နင် မသိချင်ပါနဲ့ မင်းသုခရယ်။ နင့်ကိစ္စပဲ၊ နင် . . ., ရင်ဆိုင်ပါ။ ဘာတဲ့ . . .။ ခုနက . . .၊ ရေးတဲ့စာ။ စိတ်ပူတယ် . . .တဲ့။

ဟုတ်လား"

"အင်းလေ"

"ဟဲ့ . . .။ စာရေးရင်၊ သေသေချာချာ၊ မှန်မှန်ကန်ကန် စဉ်းစားပြီး ရေးရတယ်။ စိတ်ပူတယ် . . .လို့၊ ရေးရမှာ၊ မဟုတ်ဘူး။ စိတ်နာတယ်လို့၊ ရေးရမှာ။

စိတ်က . . . ကျန်ရစ်ခဲ့ရတဲ့သူမှာတင်၊ ရှိတာမဟုတ်ဘူး။ ချန်ရစ်ခဲ့တဲ့ သူမှာလည်း၊ စိတ်ရှိတာပဲ။

စိတ်ရှိတဲ့သူ အချင်းချင်း၊ ကျန်လည်း ကျန်ရစ်ခဲ့ရတယ်။ ခံလည်းခံစားရတယ်။ ဂရုတစိုက် မရှိတာကိုလည်း၊ ရင်ဆိုင်ရတယ်။

အဲဒါကိုများ နင်မို့, စိတ်ပူတယ် . . .လို့၊ ရေးတယ်။

မင်းသုခ. . .။ စိတ်ရှိတဲ့သူ အချင်းချင်း၊ စာနာစိတ်မထားတာကို၊ စိတ်ပဲ နာရမှာဟဲ့။ စိတ်ပူရမှာ မဟုတ်ဘူး"

"နင်. . . မြသိန်းတန်နဲ့၊ ပြဿနာ ဖြစ်ထားသလားလို့၊ ငါ. . . မေးနေတာလေ ကတ္တီပါ။ ဘယ်နှယ့် ငါ့ကို၊ ဒေါကန်နေတာလဲ"

စကားမတုံ့ပြန်တော့ဘဲ၊ အနားမှ ထ,သွားလေ၏။ ကျွန်တော် အပြေးလိုက်လျက်၊ ဆိုင်ကယ်နားသို့၊ ရောက်သောအခါ၊

"ဟိုမှာ . . .အန္တရာယ် တစ်ခုခုနဲ့များ၊ ကြုံနေမလား . . . လို့တွေးပြီး စိတ်ပူတာပါဟာ။

ဖူးစာ တစ်ယောက်တည်းအတွက် ပူတာ တောင်၊ မဟုတ်ပါဘူး။ မြသိန်းတန် အတွက်ပါ . . ငါ, စိတ်ပူတာပါ ဟာ"

စူးစိုက်စွာ၊ စေ့စေ့ကြည့်လျက်၊ စိတ်ပျက်စွာ၊ မျက်စောင်း ထိုးသည်။

♥ ♥ ♥

( ၈ )

"ဓာတ်ပေါင်းစု စေတီမှာ၊ နေခဲ့မယ်" . . .ဟု၊ ပန်းကတ္တီပါ ပြောသည်။ "ကဲပါ. . .။ ငါလည်း . . ဘုရားဖူးပါ့မယ်. . .၊ နင်၊ တစ်ယောက်တည်း မနေခဲ့ပါနဲ့။ ပြီးရင် . . .အဆောင်ကို၊ ငါပဲ . . . လိုက်ပို့ပါ့မယ်" . . .ဟု၊ ကျွန်တော်ပြောပြီး၊ ပန်းကတ္တီပါနှင့်အတူ၊ စေတီတော်ရင်ပြင်သို့၊ တက်ရောက် ဖူးမျှော်ခဲ့သည်။

စေတီ၏ ခပ်လှမ်းလှမ်းရှိ၊ မဟာမြတ်မုနိ ကျောင်းဆောင်တော် အတွင်းတွင်၊ ပန်းကတ္တီပါ ကမ္မဋ္ဌာန်းထိုင်သည်။ ကျွန်တော် . . . မြက်ခင်းပြင်မှ၊ ထိုင်စောင့်နေဖြစ်၏။

ဘုရားရှိခိုးရုံ၊ သီလဆောက်တည်ရုံ၊ အမျှဝေရုံလောက်မျှသာ၊ ကျွန်တော် ဆောင်ရွက်နိုင်သည်။ ပန်းကတ္တီပါကဲ့သို့၊ ဆိတ်ငြိမ်ရာ အရပ်တွင်၊ ကမ္မဋ္ဌာန်း စီးဖျန်းနိုင်လောက်သည်အထိ၊ ကျွန်တော် ပါရမီ မရင့်သန်။ ဗဟုသုတဉာဏ်အရာလည်း၊ ကျယ်ကျယ်ပြန့်ပြန့်၊ မပြည့်ဝ။

ထို့ကြောင့်၊ ဘုရားကျောင်းဆောင်တော်ကြီး၏ အပြင်ဖက်၊

သစ်ပင်ရိပ်အောက်ရှိ၊ မြက်ခင်းပြင်ငယ်တွင်၊ တစ်ယောက်တည်း၊ ထိုင်နေဖြစ်သည်။

ပန်းကတ္တီပါက,တော့၊ စိတ်ကို၊ အာရုံတစ်ခုတည်းမှာပင်၊ စုစည်းနေမည်ဖြစ်ပြီး၊ ကျွန်တော်က,တော့၊ ဟိုငေး၊ ဒီငေးဖြင့်၊ စိတ် အာရုံ ပေါင်းတို့သည်လည်း၊ ဟိုပြေး . . .ဒီပြေး . . .။

♥

"နင် . . .အဲ့ဒီကောင်ကို၊ မျက်လုံးလေးနဲ့တောင်၊ တစ်ခါမှ မကြည့်ဘူးဘဲနဲ့တော့၊ နင့်ကို၊ သူ . . .ရည်းစားစာ လာမပေးရဲ လောက်ဘူး . . .ဖူးစာ" . . .ဟု၊ ဖူးစာခိုင်ကို၊ အမှုစစ်သလို၊ ကျွန်တော် စ်မေး မေးသည်။

"ကိုမင်း။ နင် . . မစော်ကားနဲ့နော်။ ငါက . . . မြူစွယ်လို့၊ အဲ့ဒီကောင်၊ အတင့်ရဲတယ်လို့၊ နင် . . ပြောချင်နေတာ မဟုတ်လား"

မြသိန်းတန်နှင့် ပန်းကတ္တီပါတို့၊ ရယ်ကြသည်။

ကျွန်တော်က . . .,

"မိန်းကလေးတစ်ယောက်ဆီက အကြည့်လေးတစ်ချက်လောက်တောင်၊ တုံ့ပြန်မှုမရသေးဘဲနဲ့တော့၊ ဘယ်သူမှ၊ ရည်းစားစာ . . . လိုက်မပေးရဲဘူး။

နင်ကိုက . . .၊ မရို့တရို့ တစ်ခုခု

သွားလုပ်လို့၊ ဟိုက . . . လာပေးရဲတာ နေမှာပေါ့။

တချို့မိန်းကလေးတွေက ယောကျ်ားတွေကို၊ လာပါ . . .လာပါ . . လို့တော့၊ လက်ယပ်မခေါ်ပါဘူး။

ဒါပေမဲ့၊ သူတို့ရဲ့ မျက်လုံး အကြည့်၊ ခေါင်းအငဲ့လေးတွေက၊ ပုရိသ,တွေကို ဖိတ်ခေါ်နေကြသလိုပဲ။

ဟိုသီချင်း . . ။ မျက်လုံးလေး တစ်ဖက်ကို မှိတ်ပြလိုက်ရင်၊ တစ်ပုံကြီး ပါလာမယ် . . .ဆိုတာ။ အဲ့ဒီသီချင်းကို၊ အားကျနေတဲ့ သူတွေလေ။ နင့်လို . . .”

“ကိုမင်း . . .”

ဖူးစာခိုင်က ကျွန်တော့်အမည်ကို အော်ခေါ်လျက် သူ့ပေါင်ကို သူရိုက်၏။ ကျွန်တော် စကားရပ်လိုက်ရသည်။

“နင် . . ၊ တော်တော့နော်။ ငါ့ကို မစော်ကားနဲ့တော့။

ချစ်တိုး ရည်းစားစာလိုက်ပေးတာ ကို၊ နင်ဝင်ကူညီတာ၊ ငါ ကျေးဇူးတင်တယ်။

နင်က, ကူညီတာက၊ တစ်ရာဖိုး။ အပြစ်ဖို့တာက တစ်သိန်းဖိုး။

ဆင်းရဲမှာစိုးလို့၊ ထုတ်ချေးတာက၊ ငွေ . . . ငါးသောင်း။ ဒီ ကျေးဇူးကို၊ မမေ့နဲ့နော် . . .လို့၊

အပြောခံ နေရတာက၊ ကုဋေ တစ်သိန်းလောက် . . . ရှိသလိုမျိုး၊ ဖြစ်နေပြီ။ အဲဒီတော့ . . .

နောင်ကို။ ငါ့ကို. . .ဘယ်သူ၊ ဘာ. . . လာ လုပ်လုပ်၊ နင်,ဝင်ပါစရာမလိုဘူး။ ဒါပဲ”

“အေး . . .ပြီးရော။ နင့်ဘာသာ . . . ကျီးထိုးထိုး၊ ခွေး စားစား။ ငါ . . ဝင်မပါဘူး”

အမှန်တကယ်စိတ်ဆိုးလျက်၊ အားလုံးကိုကျောခိုင်းကာ၊ ကျွန်တော် ထွက်ခွာခဲ့သည်။ မြသိန်းတန်နှင့် ပန်းကတ္တီပါတို့၏၊ ဟန့်တားသံကိုပင်၊ ကျွန်တော် လှည့်မကြည့်ခဲ့။

ကျွန်တော့်နေရာမှာ၊ ညိုမြင့် (သို့မဟုတ်) မြသိန်းတန်သာဆိုလျှင်၊ ဖူးစာခိုင်ကို ရည်းစားစာလိုက်ပေးနေသော၊ ချစ်တိုးဆိုတဲ့ကောင်နှင့်၊ ရပ်ရှင်တွေ . . . ဗီဒီယိုတွေထဲက,လို၊ ထိုးကြိတ်ကြပေမည်။

ကျွန်တော်က,တော့ တစ်သက်လုံးရန်ဖြစ်ဖူးသူမဟုတ်။ ရပ်ကွက်ထဲမှာ၊ သူများ အနိုင်ကျင့်လျှင်၊ ညိုမြင့်က၊ ဝင်ရောက် ထိုးကြိတ်ပေးသကဲ့သို့၊ ကျောင်းမှာ. . .၊ ကျူရှင်မှာ. . . ၊ တစ်ဦးဦးက၊ ကျွန်တော့်ကို၊ ရန်စ,လျှင်၊ မြသိန်းတန်က၊ ဝင်ရောက် ကာကွယ်ပေးနေကျ။

ထို့ကြောင့်၊ ဖူးစာခိုင်ကို၊ ရည်းစားစာလိုက်ပေးနေသော၊ ချစ်တိုးကို၊ တွေ့လျှင်တွေ့ချင်း၊ ကျွန်တော် ဘာလုပ်ရမည်မသိ။

မသိသော်လည်း၊ ဖူးစာခိုင်ကိုတော့၊ ကျွန်တော်လှမ်းခေါ်ပစ်လိုက်သည်။

"ဟဲ့ . . ဖူးစာ"

ရုပ်ရှင်ဇာတ်ကားတွေထဲက၊ "ဟေ့ . . ၊ ကောင်မလေးကို၊ လွှတ်လိုက်" ဆိုသော၊ ဇာတ်လိုက်မင်းသား၊ လေသံမျိုး၊ အမူအရာမျိုးနှင့် ခေါ်လိုက်ခြင်းဖြစ်သည်။ သို့သော် . . .ဖူးစာခိုင်၏ နံဘေးရှိ၊ ချစ်တိုး ကိုတော့ ကျွန်တော်လုံးဝ . . . မကြည့်။

ကြောက်လို့ မကြည့်တာမျိုးလည်း၊ မဟုတ်။ ပြိုင်ဆိုင်ရန် ဖက်ပြိုင်စရာဟု၊ မတွေးမှတ်ခြင်းသာ၊ ဖြစ်သည်။

"ကိုမင်း . . ."

ကယ်တင်ရှင်ကြီးကို၊ ရုတ်တရက် တွေ့သွားသော၊ ရုပ်ရှင်မင်းသမီးအိုက်တင်မျိုးဖြင့်၊ ဖူးစာခိုင်၊ ကျွန်တော့်ကို၊ ခေါ်၏။

"နင် . . ဘယ်သွားမလို့လဲ"

"ကတ္တီပါ အိမ်လာတာ"

"ကဲ . . . လာ"

လက်သီးထိုးတာတွေ၊ မင်းနဲ့ဘာဆိုင်လို့၊ ဝင်ရှုပ်တာလဲ . . .တွေ . . .မပါဘဲ၊ ချစ်တိုး ဆိုတဲ့ကောင်၊ ကျန်ရစ်ခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး၊ ဖူးစာခိုင်အပေါ်၊ ကျွန်တော့်၏ "ပြောဆို" . . "ဝေဖန်" . . "ပြစ်တင်" . . "ရှုံ့ချ" မှုများကို၊ ဖူးစာခိုင် မခံယူနိုင်သောကြောင့်၊ သူ့အနားမှ၊ ကျွန်တော်၊ ထွက်ခွာခဲ့ခြင်း ဖြစ်၏။

♥

"အဲဒါ . . .၊ ဖူးစာခိုင်ကို၊ မင်း ကြိုက်နေလို့၊ သူများနဲ့ အခုလို၊ တွေ့တဲ့ကိစ္စ အပေါ်၊ မခံချိ မခံသာဖြစ်ပြီး၊ မင်း . . . အပြစ်တင်စကားတွေ၊ ပြောမိခဲ့တာ ဖြစ်မယ်"

(ညိုမြင့်၏. . . စကား)။

♥

"မင်းလည်း . . ထသွားရော။

ဖူးစာ . . . ငိုပါလေရော . . .။

ဘာဖြစ်လို့၊ ငိုတာလဲ . . . ဆိုတော့၊ မင်းရဲ့ ကရုဏာစကား ဂရုတစိုက်စကား၊ ကြားချင်နေတဲ့ သူကို၊ မင်းက, အပြစ်ဖို့ စကားတွေ၊ ပြောနေတဲ့ အပြင်၊ ထားပါ. . .ထားရစ်ခဲ့တော့၊ ဝမ်းပန်းတနည်း၊ ငိုတော့တာပေါ့ကွ။

အဲဒါ . . .အကြင်နာစကားကြားချင်တဲ့သူ၊ မကြင်နာစကား၊ အပြောခံရတဲ့ အခါ၊ ဖြစ်တတ်တဲ့ . . .မိန်းကလေး သဘာဝ,ပေါ့"

(မြသိန်းတန်၏စကား)။

♥

"နင် . . .ပြန်ခေါ်လိုက်ပါဟာ။ နင်,ဘာပြောသေးလဲပဲ . . .ငါ့ကို၊ ဖူးစာ မေးမေးနေတာ။

တစ်ခါမှ . . . ရန်မဖြစ်ဘူးဘဲနဲ့၊ အခုလို၊ နေနေကြရတာ၊ နင်,နေနိုင်လို့လား။

နင်ပဲ . . . စိတ်လျှော့လိုက်ပါ. . . မင်းသုခရယ်။ ဖူးစာ သနားပါတယ်"

(ပန်းကတ္တီပါ၏ . . .စကား)

♥

"အဲဒါ. . .၊ ငါ,နင့်ကို ချစ်လို့၊ သဝန်တိုစိတ်နဲ့ ပြောမိခဲ့တာ။

အဲဒါ . . .၊ ငါ . ., ဘယ်သူ့ကိုမှ ဝန်မခံရသေးဘူး။

အဲဒါ. . .၊ အခု . ., ငါ၊ နင့်ကို၊ ဝန်ခံတာ။ ရှင်းပြတာ။

ငါ . . . နင့်ကို၊ ချစ်တယ်။ ကဗျာရေးပြီး ပြောတုန်းက,လည်း၊ အထ, မမြောက်ခဲ့ဘူး။ စာလည်း . . ရေးမပြောချင်ဘူး။

အဲဒါ. . .အခု၊ ငါ. . . အရဲစွန့်ပြီး၊ ပြောတာ။ နင့်ကိုချစ်တဲ့စိတ်ကြောင့်၊ မခေါ်ဘဲ နေခဲ့ရတဲ့၊ ရက်တွေမှာ၊ ငါ . . . အရမ်းခံစားခဲ့ရတယ်"

ထိုစကားသံများ၊ အဆုံးတွင်၊ ကျွန်တော့် ရှေ့တည့်တည့်တွင်၊ ...ခိုင်၊ မျက်ရည်တွေ စိုရွှဲစွာ ငိုပြန်သည်။

ထိုမျက်ရည်များစွာကို၊ ကြင်နာစွာ ကျွန်တော် ဖယ်သုတ် ...ခဲ့သည်။ မျက်ရည်များ ကင်းစင်ချိန်မှစ၍၊

သူနှင့်ကျွန်တော်၊

ချစ်သူတွေ ဖြစ်ခဲ့ကြ၏။

♥ ♥ ♥

( ၉ )

"နင် . . ဘုရားမရှိခိုးဘူးလား" ဟု၊ ပန်းကတ္တီပါ မေး၏။

"ရှိခိုးပါတယ်"

"ဟဲ့ . . .။ ဦးသုံးကြိမ်ချရဲ့ ရှိခိုးတာကို

ပြောတာမဟုတ်ဘူး။

ပုတီးနဲ့ ဘာနဲ့၊ ဗုဒ္ဓနုဿတိမပွားဘူးလား

. . . လို့၊ မေးတာ။

ဘုရားဆင်းတုတော်ကြီးရှေ့မှာ၊ ပုတီးတွေ

ချိတ်ပေးထားတာ၊ အများကြီးပဲ"

ကျွန်တော် ခေါင်းခါပြလိုက်သည်။

"နင့်လို၊ လူမျိုးတွေကြောင့်၊ စိပ်ပုတီး

တွေ. . .၊ ချိတ်ပုတီးဖြစ်ကုန်တာ။ ပုတီးဆိုတာ

စိပ်ဖို့။ ချိတ်ဖို့ မဟုတ်ဘူး"

"ငါ, နည်းနည်းညစ်နေလို့၊ ဒီအတိုင်

ငုတ်တုတ်ထိုင်နေမိတာပါ”

“ဟွန့်။ နင့်စကားကြီးက,လည်း၊ ငါတို့ကြီးတော်ကြီးစကားနဲ့ တူနေပြီ”

“နင့်ကြီးတော်ကြီး . . . ဘာပြောလို့လဲ”

ပန်းကတ္တီပါက၊ ထမီအနားစ,လေးကို၊ သိမ်းလျက်၊ မြက်ခင်းပေါ်တွင် ကျုံ့ကျုံ့လေးထိုင်ပြီး . . .

“ငါ့ ကြီးတော်ကြီးနာမည်က၊ ဒေါ်မိုး . . . တဲ့။

ငါ့ အဘိုးက၊ ဟဲ့ . . .မိမိုး၊ ပုတီးစိပ်, တရားထိုင် . . .နော် . . . လို့၊ ပြောတော့။

ကြီးတော်ကြီး ဒေါ်မိုးက၊ ဘာ, ပြန်ပြောသလဲဆိုတော့ စိတ်ညစ်လို့ ပုတီးလည်း . . . မစိပ်ဖြစ်, တရားလည်းမထိုင်ဖြစ်ပါဘူး . . . ကိုပန်းမှုန်ရယ် . . .တဲ့

အဲဒီလိုလည်းပြောရော၊ အဘိုးက ကြီးတော်ကြီးကို၊ အနားခေါ်ပြီး၊ သေသေချာချာ ဆုံးမ,တော့တာပဲ”

“တုတ်နဲ့ ရိုက်တာလား”

“ဩော် . . .၊ နားဝင်အောင်၊ ရှင်းပြတာကိုပြောတာ”

“အင်း . . .အင်း”

“မိမိုး. . .၊ စိတ်ဆိုတာ၊ မျက်တောင်

တစ်ခတ်အတွင်းမှာတောင်၊ ကုဋ္ဌေပေါင်းများစွာ . .
ဖြစ်ပျက်နေတာ။

ဘုရား . . တရား . . သံဃာ .
အာရုံပြုနေတာပဲဖြစ်ဖြစ်။ မေတ္တာပို့နေတာပဲ၊ ဖြစ်ဖြ
အမြဲတမ်း . . . ဂရုတစိုက်နဲ့၊ သုတ်သင်နေ
တာ . . .။

စိတ် ညစ်နွမ်း . . . လောင်ကျွမ်းမှ
စိုးလို့၊ ကိုယ်နှားလည်သလောက်၊ စိတ်ကို စော
ရှောက်ဖို့၊ ငါက, ပုတီးစိပ် . . . တရားထိုင်ဖို့
ပြောတာကို၊ နင်က. . ., စိတ်ညစ်လို့ ပုတီးလည်
မစိပ်, တရားလည်း မထိုင်ဖြစ်ပါဘူး . . . ဆိုတော
. . .။

အမှိုက်တွေရှုပ်နေလို့၊ တံမျက်မလှည်
ဖြစ်သေးပါဘူး . . .လို့၊ ပြောသလို ဖြစ်နေပြီ။

အမှိုက်ရှုပ်ရင်၊ တံမျက်ပိုလှဲရတော
မပေါ့ဟဲ့ . . .မိမိုးရဲ့ . . .တဲ့။ ငါ, ကြားဖူးထားတာ

"အဲဒီတော့ . . .ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ။ နင် . . .အခု, ပြေ
တယ်လေ။ နင်, နည်းနည်းညစ်နေလို့၊ ဒီအတိုင်
ငုတ်တုတ်ထိုင်နေမိတာ ဆို"

"အင်း . . .။ ဟုတ်တယ်လေ"

"အေး . . .။ အဲဒါ. . .၊ ငါ့ ကြီးတော်က

ထိုင်နေတုန်း၊ ဖူးစာ အကြောင်းတွေးနေတယ်

ထင်တယ်”

နှမ်းလျစွာ၊ ကျွန်တော်ပြုံးရင်း . . .

“ဟုတ်တယ်”

ပြီးနောက်၊ ပန်းကတ္တီပါကို၊ မေးခွန်း ပြန်ထုတ်လိုက်မိသည်။

“နင်က,ရော . . .။

သောက, တစ်ခုခုကို၊ ကမ္မဋ္ဌာန်းနဲ့၊ အစား

ထိုးနေတာ မဟုတ်လား”

“ဟုတ်တယ်။ ဘယ်ကိစ္စ. . . ဘယ်

အကြောင်းလဲ . . . ဆိုတာတော့၊ နင်, ငါ့ကို၊

မမေးနဲ့နော်။ ငါ. . .ဖြေမှာ မဟုတ်ဘူး။

ငါ. . .ဖြေမှာ၊ တစ်ခုပဲ . . .ရှိတယ်။

လူဆိုတာ . . . စိတ်ဆင်းရဲစရာရော၊ စိတ်ချမ်းသာ

စရာရော၊ တစ်လှည့်စီ၊ ကြုံကြရမယ့် သတ္တဝါပဲ။

ဘယ်လောကဓံနဲ့ကြုံကြုံ၊ ဒါန . .သီလ .

.ဘာဝနာကို၊ နေ့စဉ် ဆောင်ရွက်ရင်း၊ ရင်ဆိုင်

ကြရတယ်။

ဒါနဆိုလို့ မဏ္ဍပ်ကြီးထိုးပြီး၊ လှူဒါန်း

နေတာတစ်ခုတည်းကို၊ မဆိုလိုဘူး။

နေ့စဉ်ကြုံတွေ့နေသမျှ၊ သတ္တဝါ

အသီးသီးအပေါ် ကောင်းကျိုးပြု. . .ကူညီ . . .

ဆောင်ရွက်ပေးတတ်တာ။ အလုပ်တာဝန် အပေါ်

ကမ္ဘဋ္ဌာန်းထိုင်ဖို့၊ မပြောနဲ့။ ဘုရားရှေ့ ဦးသုံးကြိမ်ချဖို့တောင်၊ မလွယ်ဘူး။

ရည်းစားပူမိနေတဲ့လူတိုင်းကို၊ နင် . . . မေးကြည့်။ ကိုယ့်ရည်းစားရှိတဲ့ဆီ၊ သွားမလား။ ဘုရားခန်းထဲဝင်မလား . .မေးကြည့်။

အားလုံး . . .ကိုယ့်ချစ်သူ, ကိုယ့် ရည်းစား ဆီပဲ၊ ပြေးသွားချင်ကြတာဟ။ ဘုရားသွားရမယ် ဆိုရင်တောင် နှစ်ယောက်ဆုံမှ သွားချင်ကြတာ"

"နင် . . . ဆိုလိုတာ၊ သောက, နေရာမှာ ဘုရား . .တရား . .အစားထိုးဖို့၊ ခက်တယ်ပေါ့။ ဟုတ်လား"

"ဟုတ်တယ်"

"သွေးစိမ်းရှင်ရှင် . . . ထွက်နေတဲ့၊ အနာကို ဆေးထည့်ရင် ဘယ်လိုနေမလဲ . . . မင်းသုခ"

"စပ်မှာပေါ့"

"အေး . . .။ တကယ့်အနာပျောက်ချင်ရင်၊ အစပ်ခံရတယ် . . .။

သောက, အလောင်အမြိုက်ကို၊ တကယ် ငြိမ်းစေချင်ရင်၊ တကယ့်နှလုံးသွင်းမှု အမှန်နဲ့၊ အစားထိုးရတယ်။

နင့် ကြည့်ရတာ၊ ငါ . . .ကမ္ဘဋ္ဌာန်း

စိတ်ညစ်စရာ မတွေးဘဲ၊ တခြား ပျော်စရာလေးတွေ၊ ထိုင်တွေးနေတယ် ဆိုတာ၊

ဝဲယားလို့၊ ဝဲ ကုတ်နေတာမျိုးပဲ။ တကယ့် ကုသ,မှု မဟုတ်ဘူး။

တချို့၊ ပြောကြပါတယ်။ စိတ်ညစ်ရင်၊ က,ပစ်လိုက်တယ် . . .တို့။ သီချင်းအော်ဆို ပစ်လိုက်တယ် . . .တို့။

အဲဒါ . . .၊ ဝဲအယားဖြေသလောက်ပဲ ရှိမယ်။ တကယ့် နည်းမှန်မဟုတ်ဘူး။

ရည်းစားကြောင့်၊ စိတ်ညစ်။ စိတ်ညစ်လို့ . . . သီချင်းဆို။ ရည်းစားစိတ်က,နေ၊ သီချင်းဆို စိတ်ဖြစ်သွားတာ။

ရည်းစားပူက,လည်း . . . သောက, ကြောင့် လောင်တဲ့ . . . မီးပဲ။ သီချင်းဆိုပြီး ပျော် ပစ်လိုက်တာလည်း လောဘကြောင့် . . .လောင်တဲ့ မီးပဲ။

သတိ . . .ပညာ နည်းတဲ့အခါ၊ ကျတော့၊ မီးအမျိုးအစား ပြောင်းသွားတာကို၊ စိတ်တကယ် အေးချမ်းသွားတယ်လို့၊ ထင်မိတတ်ကြတယ်”

“စိတ်သောက, ဖြစ်နေမှပေ ့ ၃၊ နင် . . . ပြောသလို၊ ကမ္မဋ္ဌာန်းထိုင်နေဖို့ဆိုတာ၊ မလွယ်ဘူး လေဟာ။

စကားနဲ့တူနေတာပေါ့။

စိတ်ညစ်ရင်၊ ဒီအတိုင်း ထိုင်ညစ်နေရတာ မဟုတ်ဘူးဟဲ့။ လူတိုင်း၊ သက်ဆိုင်ရာ ဘာသာ အသီးသီးရဲ့၊ အဆုံးအမ,တွေကို၊ စိတ်ထဲထည့်ထား ရတာ။

စိတ်ညစ်တယ် . . . ဆိုတာ၊ မီးလောင် တာပဲ။ ဒီအတိုင်း ဆက် ဆက်ပြီးလောင်ခွင့် မပေးရဘူး။

မီးလောင်ရင် ရေနဲ့ငြိမ်းရသလိုပဲ။ စိတ်ကို၊ တစ်ခုခုက၊ လောင်ပြီ . . . ဆိုရင်၊ ရေနဲ့ တူတဲ့၊ ကမ္မဋ္ဌာန်းတစ်ခုခုနဲ့၊ နေနေရတယ် . . .ဟဲ့"

ပန်းကတ္တီပါကို၊ ကျွန်တော် တလေးတစား ငဲ့ကြည့်လျက်,

"စိတ်ညစ်လို့၊ စိတ်ညစ်စရာ . . မတွေးဘဲ။ တခြား ပျော်စရာလေးတွေ . . .၊ ထိုင်တွေးနေတာ ရော . . .။ အဲဒါ . . . မမှန်ဘူးလား"

"မမှန်ဘူး"

"ဝဲပေါက်တဲ့သူက၊ သူ့အနာကို၊ ယားတိုင်း . . .ယားတိုင်း၊ ထိုင်ကုတ်နေတာ အယားတော့ သက်သာမယ်။ ခဏပေါ့။

အနာတော့ပျောက်မှာ၊ မဟုတ်ဘူး။ အနာ ပျောက်ချင်ရင်၊ ဆေးအစစ်ထည့်ရတယ်။

အခု. . .၊ နင် ပြောသလို၊ စိတ်ညစ်လို့၊

မငြီးမငြူလုပ်ဆောင်နေတာ။ အဲဒါ . . .ဒါနပဲ။

မိဘက . . .သားသမီး ဝေယျာဝစ္စ၊ သား သမီးက မိဘဝေယျာဝစ္စ။

လုပ်ဖော်ကိုင်ဖက်အချင်းချင်းရဲ့ ဝေယျာဝစ္စကို၊ မငြိုမငြင်ဆောင်ရွက်ပေးတတ်တာ။ ဒါနပဲ။

ကိုယ့်ကြောင့်သူတစ်ပါး မထိခိုက်အောင်၊ နေထိုင်တာ၊ သီလပဲ။

စိတ်ကို၊ ဘာ အနှောင်အဖွဲ့မှ၊ မဝင်အောင်၊ စောင့်ရှောက်တာ၊ ဘာဝနာပဲ"

"ကိုယ် . . .က၊ အဲဒီလို . . . နေပါလျက်နဲ့၊ ပို ပိုပြီး . . . စိတ်ဆင်းရဲစရာ ကြုံနေရရင်ကော"

ကျွန်တော် မေးတတ်သလို မေးလိုက်ရသည့် . . . မေးခွန်း။

"ငါးပါးသီလ,နဲ့နေတာတောင် စိတ်ဆင်းရဲနေသေးရင်။ ရှစ်ပါးသီလနဲ့ နေရတယ်။ ရှစ်ပါးသီလ,နဲ့ နေတာတောင်၊ သူတစ်ပါး . . . စော်ကားနေသေးရင်၊ ကိုးပါးသီလ,နဲ့ နေရတယ်။

ဆိုလိုချင်တာက . . .။ မီးများရင် . . . ရေပိုထည့်ဖို့ပဲ။

ဒါန . . သီလ . . ဘာဝနာ အပြည့်နဲ့၊ နေပါလျက်နဲ့၊ ဒုက္ခဝေဒနာ ပြင်းထန်နေသေးတယ် . . . ဆိုရင်. . .၊

နောက်ဆုံး. . . ကံ ကို၊ မြင်အောင်

နှလုံးသွင်းကြရတော့တာပဲ။

ဘဝ . .သံသရာ . .ကာလ, များစွာက၊ ငါ,ပြုခဲ့တဲ့အတိတ်ကံတွေ. . .၊ အတိတ် အကုသိုလ်ကံတွေ . . .အကျိုးပေးနေတာပဲ . . . လို့၊ နှလုံးသွင်းပြီး၊

နောက်မဆုတ်တမ်း၊ ရင်ဆိုင်နေကြရမယ်။

သီလ. . . အပါအဝင်၊ သမာဓိ . . .ပညာဉာဏ် အားလုံးကို၊ ထပ်တိုးဖို့ပဲ၊ စဉ်းစားရမယ်။ နောက်ဆုတ်မပစ်ရဘူး။ အဲဒါမှ . . . အမှန်တရား။

ငါ . . . ဖြေနိုင်တာ၊ ငါ, ဖြေတတ်တာ။ ဒါပဲ . . .မင်းသုခ”

“နင် . . .တကယ်ငြိမ်းရဲ့လား ကတ္တီပါ”

“ပုတုဇဉ်တိုင်းတာ၊ သတိလွတ်တာနဲ့၊ လောင်မြိုက်ရစမြဲပဲလေ။

ငါလည်း . . .

မီးလောင်လိုက် . . . ရေလောင်းလိုက်ပေါ့ဟယ်။

အပယ်ငရဲကျရလောက်တဲ့. . . အထိ၊ မလောင်ကျွမ်းအောင်၊ ငါတို့ . . . နေထိုင်ကျင့်သုံးကြရမှာ”

“ငါ . . နင့်ကို၊ တစ်ခု မေးချင်သေးတယ်”

“မေး”

"ချစ်သူ အချင်းချင်း၊ တောင်းပန်တိုးလျှိုး

နေရတာ၊ အဲဒါ . . . အချစ်မဟုတ်ဘူး။ အဲဒါ . . .

ဝဋ်ကြွေးပဲ . . .တဲ့။

နင် . . .ဘုရားပေါ် မရောက်ခင်တုန်းက

ပြောတာ"

"အင်း . . ၊ ပြောတယ်လေ။ အဲဒါ . . .

ဘာဖြစ်လဲ"

"ပိုချစ်တဲ့သူက၊ အနွံတာခံတာလေဟာ။

အဲဒါ . . . အချစ်မဟုတ်ဘူးလား"

"မဟုတ်ဘူး။ လင်မယားဖြစ်ဖြစ်၊ ချစ်သူ

ရည်းစားဖြစ်ဖြစ်၊ တစ်ယောက်အပေါ်၊ တစ်ယောက်

သာတူညီမျှမှ . . .အချစ်။

မတူ မညီ မမျှ မတ, ဆိုရင် အဲဒါ . .

အောက်ကျခံရသူက၊ ဝဋ်ကြွေးရှိနေလို့ပဲ"

ကျွန်တော် ဘဝင် မကျချင်။ ထို့ကြောင့်,

"ငါက၊ ဖူးစာ . . .၊ ဘာလုပ်လုပ်. . .

ခွင့်လွှတ်နေမယ်. . .ဆိုရင်။ အဲဒါ. . . အချစ်

မဟုတ်ဘူးလား"

ပန်းကတ္တီပါ ခေါင်းခါပြန်လေသည်။ ပြီးမှ . . .

"အပေါ်ယံ ချီးကျူးချင်တဲ့သူကတော့၊

ချီးကျူးမှာပေါ့။

ဟယ် . . .၊ ကောင်လေးက . . .

ကောင်မ,လေး၊ ဘာလုပ်လုပ် အနစ်နာခံ တယ်တော့ . . . ဆိုပြီး၊ ချီးမွမ်းကြမှာပေါ့။

ကောင်လေးက၊ ကောင်မ,လေးကို၊ သိပ်ချစ်တာ . . .လို့ ချီးကျူးကြမှာပေါ့"

"ဒါပေါ့"

"ဘဝ . . .သံသရာဆိုတာ အရှည်ကြီးပဲ မင်းသုခရဲ့။

ဘုရားရှင်တောင် . . . ဘဝ . . . လေးသင်္ချေ . . . ကမ္ဘာတစ်သိန်း. . . ဖြတ်သန်းခဲ့ရတာ။

ဒါ . . .ဗျာဒိတ်တော်၊ ရတဲ့ . . . ဘဝက . . .စ, ရေတာနော်။ ဗျာဒိတ်တော် မရခင် . . . အတိတ်ကာလ, မပါသေးဘူး"

"ဩော် . . ."

"အဲဒီတော့၊ ဥပမာပြောပြမယ်။ လွန်ခဲ့တဲ့ ဘဝခုနစ်သိန်းလောက်က, မောင်ဖြူဆိုတဲ့ သူကြီးသားလေးက၊ မောင်ငယ်ဆိုတဲ့ သူဆင်းရဲလေးကို နေ့စဉ်နဲ့အမျှ၊ အနိုင်ကျင့်ခဲ့တယ်ဆိုပါတော့ . . ."

"အင်း"

"အဲ့ဒီ. . .မောင်ဖြူဆိုတဲ့၊ သူကြီးသားလေးက၊ အခု . . . မင်းသုခ,ဖြစ်။

မောင်ငယ်ဆိုတဲ့ . . .သူဆင်းရဲလေးက,

ဖူးစာခိုင် ဖြစ်။

သူတို့နှစ်ယောက်၊ ချစ်သူရည်းစား ဖြစ်ကြရင်၊ ဒါမှမဟုတ်၊ လင်မယား . . .ဒါမှ မဟုတ် . . . မောင်နှမ . . . ဖြစ်ကြရင်။

အခုဘဝမှာ . . .

ဘယ်သူမှ . . . ဘယ်သူ့ကို၊ အနိုင်ပြန် ကျင့်မယ် . . . ထင်သလဲ။

တနည်းအားဖြင့်၊ ဘယ်သူက၊ အနွံတာ ပိုခံရမယ့် အလှည့်လဲ"

ကျွန်တော် . . . မဆိုင်းမတွ၊ ဖြေလိုက်ရသည်။

"မင်းသုခ . . .ခံရမယ့် အလှည့်"

"အေး . . .။ အဲဒါကို . . .၊ အချစ် . . .လို့၊ နင် . . . ပြောရဲသလား"

ကျွန်တော် နှုတ်ဖြင့်မဖြေဖြစ်တော့သော်လည်း၊ စိတ်တွင်၊ ဖြေတွေ့သကဲ့သို့၊ ခံစားရ၏။

"နင်ရော . . .၊ ငါရော . . . လူတိုင်း . . .။ သံသရာမှာ . . .ဆုံတွေ့ခဲ့ကြတုန်းက၊ အတူတကွ၊ ကောင်းမှု ကိုယ်စီ . . . ပြုခဲ့ကြရင် အခု ဘဝမှာ . . .

ဘယ်လိုတော်စပ်မှုနဲ့ . . .ဆုံဆုံ ။ တစ်ယောက်နဲ့တစ်ယောက်၊ ရိုင်းပင်းကူညီ . . . ဖေးမ, တတ်ကြတယ်။

အတိတ်သံသရာမှာ၊ ကိုယ်က . . . သူ့ဖိစီး၊ သူက. . .ကိုယ့်ဖိစီး၊ ကိုယ်စီ အ,ကုသိုလ်တွေ ပြုမိခဲ့ပြီး၊ ပစ္စုပ္ပန်ဘဝ . . . ပြန်ဆုံဖြစ်ကြရင် ချစ်သူ . . ., လင်မယား၊ သားသမီး. . .ဆရာတပည့်၊ . . . ဘယ်လို ပုံစံနဲ့ ပြန်ဆုံဆုံ တစ်ယောက်အပေါ် တစ်ယောက် အဖိစီး . . .၊ အနှိပ်စက်၊ ခံနေကြရပြီ . . .ဆိုရင်။ အဲဒါ . . .အတုံ့အလှည့် ဝဋ်ကြွေးလို့ပဲ၊ ငါ . . . ပြောချင်တယ် မင်းသုခ။

ဝဋ်ကြွေးတုံ့တင်၊ ရှိပါရင်လည်း၊ ကံကြမ္မာ မညီမျှ၊ သံသရာ၊ ဒီ. . .ဘဝ, ဒီမျှနဲ့ပဲ အဆုံးသတ် စေချင်သည်ဆိုတဲ့၊ သီချင်း . . .နင်, ကြားဖူးတယ် မဟုတ်လား"

"အင်း"

"အေး။ ငါ့ကိုယ် . . ငါရော . .၊ နင့်ကို ရော၊ ငါ . . .ပြောပြချင်တာ၊ သိစေချင်တာ၊ အဲဒါပဲ။

ကဲ . . .၊ နင်, စိတ်ပါပါ၊ မပါပါ။ ငါတို့ နှစ်ယောက်၊ ဘုရားရှိခိုးလိုက်ကြရအောင်။

ပြီးရင် . . .အမျှဝေကြရအောင်"

မျက်ရည်များလဲ့သွားသည်ကို၊ ကျွန်တော်မြင်၏။ ကိုယ်တိုင်ပင် လျှင်၊ ရင်တွင်နင့်သွားသည်။

♥ ♥ ♥

( ၁၀ )

" . . . .

ငါ. . .၊ ဒီမှာ အလေလာလိုက်တာ မဟုတ်ဘူး ကိုမင်း။ ကျောင်းလာတက်တာ။

ပြီးတော့ . . .၊ နင့် အိုင်ဒီယာတွေကြောင့်လည်း၊ စိတ်ဓာတ်ကျနေတာ။

ခေတ်က . . . ကမ္ဘာနဲ့ ရင်ပေါင်တန်းနေတာတောင်၊ နင်က . . .ယောကျ်ားလေး ဖြစ်ပြီး၊ နွားခြေရာခွက်ထဲမှာ၊ အခုထိ. . . နစ်နေတုန်း။

ဝါးလုံးခေါင်းထဲ လ,သာနေတဲ့ သူတွေအတွက်၊ ကမ္ဘာကြီးမှာ၊ နေရာမရှိဘူး။ သိလား . . . ကိုမင်း။

ငါ, စိတ်ဓာတ်ကျလို့၊ စာလည်း မရေး၊ ဖုန်းလည်း မဆက်တာ။

ကမ္ဘာကြီးမှာ နင်နဲ့ငါ နှစ်ယောက်တည်း ဆိုရင်တော့၊ နင့်ဘာသာ၊ ဝန်ထမ်းပဲ လုပ်လုပ်၊ ဆိုက္ကားပဲ နင်းနင်း။

ငါ့မှာ . . . သစ်ရွက်ပဲ ခါးပတ်ပတ်၊ ဆာလာအိတ်ပဲ စွပ်ရ . . . စွပ်ရ၊ ကိစ္စမရှိဘူး။

လူဆိုတာ အသိုင်းအဝိုင်းနဲ့ဆိုတာ၊ နင်လည်း၊ သိမှာပါ။

ချစ်သူနှစ်ယောက် ဆုံစည်းဖို့ ဆိုတာ၊ နောက်ခံအသိုင်းအဝိုင်းနှစ်ခုရဲ့၊ အလိုတူမှု မတူမှု လည်း ပါဝင်တယ်။

ငါ. . .စိတ်ခတ်ကျနေလို့၊ ဘာမှ ထွေထွေထူးထူး မပြောချင်တော့ပါဘူး။

ငါ့ မိဘ, မော့ကြည့်ရလောက်တဲ့၊ အရည် အချင်းတစ်ခုလောက်၊ နင့်မှာရှိရင်၊ သိပ်ကောင်းမယ် . . . ”

ဒါပါပဲ

(ဖူးစာ)

♥

"ချစ်ပြီးရင် ဆုံစည်းဖို့ ကြိုးပမ်းရမယ် ဆိုတာ၊ ငါ မသိဘဲ၊ နင့်ကို၊ ဘယ် ချစ်ခဲ့ပါ့မလဲ . . . ဖူးစာ။

ပုရွက်ဆိတ် ဘယ်လောက် ကြွက်သား ညှစ်ပြပြ၊ ဆင် မျက်ခုံးမွေးလောက်တောင်၊ ကြီးထွား လာမှာ၊ မဟုတ်ဘူး . . .လို့၊ ငါ့ကိုယ် . .ငါ၊ နားလည်ထားတယ်။

ဇနီးမယား သမီးသားကို၊ ကောင်းရောင်း ကောင်းဝယ် လုပ်ကိုင်ကျွေးမွေးပြီး၊ မဖောက်မပြန် စုံမက်ခင်မင်နေတတ်တဲ့၊ ခင်ပွန်းယောကျ်ားမျိုးကို၊ ကြည်ညိုကြန်တော့ဖို့ သိကြားမင်းကြီးက . . . တစ်နေ့၊ နှစ်ကြိမ်လောက် လက်အုပ်ချီပြီး၊ လောက မှာ . . ရှာဖွေလေ့ရှိတယ် . . .တဲ့။

မိဘ . . .ဘိုးဘွားရဲ့၊ တစ်စွန်း တစ်စ. . .၊ ဒေသနာလေးပေမယ့်၊ သိကြားမင်းတောင်၊ လက်အုပ်ချီရတဲ့ ယောကျ်ားကောင်းမျိုး၊ ငါ. . . ဖြစ်သင့်တယ် . . . လို့၊ ကိုယ့်ကိုယ်ကိုယ် ဆုံးမ, ကြိုးစားဖို့၊ ငါ. . .အမြဲတမ်း ပြင်ဆင်ခဲ့ပါတယ်။

သိကြားမင်း လက်အုပ်အချီခံရတဲ့၊ ယောကျာ်းကောင်းဘဝ,မျိုးနဲ့၊ ငါ ချစ်တဲ့ နင့်ကို၊ သေတပန်သက်တစ်ဆုံး၊ ပေါင်းဖော်မယ်လို့၊ ငါ . . ရည်ရွယ်ပြီး ချစ်ခဲ့တာပါ။

သိကြားမင်းတောင် လက်အုပ်ချီရလောက်တဲ့၊ ကိုယ်ကျင့်တည်ကြည်မှုမျိုးနဲ့၊ မိသားစုအပေါ်၊ စောင့်ရှောက်ပေးတတ်တဲ့၊ နွမ်းပါးတဲ့ . . .ခင်ပွန်းယောကျ်ားမျိုးကို၊ ကားမစီးရ . . စိန်မဝတ်ရလို့၊ ဇနီးမယားက လက်အုပ်မချီချင်လည်း၊ ရှိစေတော့။ တစ်ခုတော့ ရှိတာပေါ့။

ငါက . .မိဘ, ဘိုးဘွားရဲ့၊ အဆို အဆုံးအမအောက်မှာ၊ သေသေချာချာ ကြီးပြင်းခဲ့ရသူဆိုတော့၊ မိဘ . .ဘိုးဘွား ပြောစကားကိုပဲ၊ အမှန်ယူဆခဲ့သူလို့ ဝန်ခံရမှာပါ။

ငါ့မိဘ ဘိုးဘွားက . ., တိုက်တာ အိမ်ခြေယဉ်ရထား ကားအစီးစီး၊ ရွှေငွေ ကျောက်သံပတ္တမြား၊ ရတနာတွေ . . .၊ ဂိုဒေါင်နဲ့သိမ်းထားသူကိုမှ၊ သိကြားမင်းကြီး လက်အုပ်ချီမယ် . . .လို့၊ သင်ကြားဆုံးမ, ခဲ့တယ်ဆိုရင်တော့၊

အဲဒီ အဆုံးအမအတိုင်း၊ ငါ . . .ကြိုးစားမိခဲ့မှာပဲပေါ့။

ငါတို့ဗုဒ္ဓဘာသာစစ်စစ်, မိဘ, တွေရဲ့၊ အဆို အဆုံးမ,တွေထဲမှာ၊ ဟိုနိုင်ငံကို ကျော်အောင်ပြိုင်၊ ဒီနိုင်ငံထက်သာအောင် လုပ် . . .ဆိုတာမျိုးထက်၊

အ,ကုသိုလ်နဲ့ အသက်မမွေးဖို့၊ လောဘ .

. .ဒေါသ . . .မောဟ . . . မပွားများဖို့ကိုပဲ၊ အလေးပေးဆုံးမပြီး၊ ကိုယ် လုပ်တဲ့အစီးအပွားထဲမှာ ဘယ်. . .မီးမှ မပါစေနဲ့လို့သာ၊ ညွှန်ကြားခဲ့ကြတာမို့၊

မိမဆုံးမ. . ဖ,မဆုံးမလို့ အပြောမခံချင်ခဲ့တဲ့ ငါတို့၊ ငယ်ဘ၀,မှာ၊ မိဘ စကား၊ အိုးဘွား စကားကိုပဲ မြေ၀ယ်မကျ လိုက်နာခဲ့ကြရတယ်လေ။

ဒါကြောင့် . . .

နင် အထင်ကြီးဖို့၊ လက်မောင်း ကြွက်သား ကြီးတော့၊ ငါ. . . ညှစ်ပြနိုင်မှာ မဟုတ်ပါဘူး။

နင် . . .၊ နိုင်ငံခြားကို ကျောင်းတက်ဖို့ သွားတာ၊ ငါ့ကို ရန်လုပ်ဖို့တော့၊ မဖြစ်စေချင်ဘူး။ ဒါပါ . . .။

လွမ်းလျက်ပါ

ဖူးစာ . . .”

♥

စာပို့ပြီးသည့်အပြင် “ငယ်ကျွမ်း” . . .ဟူသော၊ ခေါင်းစဉ်ဖြင့်၊ ကဗျာ တစ်ပုဒ်ကိုပါ၊ ကျွန်တော်. . .၊ ဖူးစာခိုင်၏ Mail ထဲသို့၊ ပို့ဖြစ်ခဲ့သေးသည်။

" . . . ငယ်ကျွမ်း

ဘဝ, ရဲ့
နောက်ဆုံး အချိန်အထိ
အစီအစဉ်ဆွဲထားတဲ့,
စိတ်ကူး အိပ်မက်များနဲ့ . . .
ရည်ရွယ်ရာ ပန်းတိုင်တွေဆီ၊
အတူ
လျှော်ခတ် . . .ပျံသန်း . . .
ရှန်းကန်ဖို့၊

ပစ္စုပ္ပန်အားလုံး
အခမ်းခြောက်ခံခဲ့ရတဲ့ . . .,
ငယ်ရွယ်စဉ် နှလုံးသားထက်က၊
အတောက်ပ,ဆုံး
သက်မဲ့ပန်းချီကား တစ်ချပ်ပမာ၊
တွေးကြည့်စဉ်
ပုံရိပ်တိုင်း . . .
အခါခါ ကျွမ်းလောင်ခဲ့ရပေါ့. . .။

♥ ♥ ♥

( ၁၁ )

"ပန်းကတ္တီပါက၊ နေပြည်တော်မှာ ကျန်ရစ်ခဲ့တယ်" ဟု၊ ညိုမြင့်ကို၊ ကျွန်တော် ပြောပြသည်။ ညိုမြင့်က . . .

"ဟိုတုန်းက,တော့၊ ရန်ကုန်မှာ ဖူးစာခိုင်ရှိလို့၊ နှစ်ပတ်တစ်ခါ, တစ်လ, တစ်ခါလောက်၊ မင်း. . .ပြန်လာတယ်။

အခုကျတော့ ဘယ်သူရှိလို့ ပြန်လာတာလဲ။ ရတဲ့လခ, နေပြည်တော်နဲ့ ရန်ကုန်ကူးတာနဲ့တင်၊ ကုန်တော့မယ်"

ကျွန်တော်က၊ ချစ်သူ ဖူးစာခိုင်၏ မျက်နှာလေးကို၊ မြင်ယောင်ရင်း . . .

"စိတ်ညစ်နေလို့ကွ။

ဘာပြဿနာကြောင့်လဲ. . . ဆိုတာတော့၊

လက်ညှိုးထိုးပြလို့ မရဘူး . . .”

ဤရက်သတ္တပတ်များအတွင်း၊ ကျွန်တော် ရင်ဆိုင်ကြုံတွေ့ခဲ့ရသမျှ အခြေအနေကို၊ ညီမြင့်အား၊ ပြောပြဖြစ်သည်။ ညီမြင့်က၊ သေချာစွာ၊ နားထောင်ပြီး . . .

“ပန်းကတ္တီပါက,ရော . . .။ သူ့ ကောင်၊ မြသိန်းတန်နဲ့၊ အဆင်ပြေလား”

“မပြေလောက်ဘူးထင်တယ်။ ထင်တယ် . . .လို့၊ ပြောရတာက၊ သူ . . . အမေးမခံဘူးကွ”

“ဟ . . .အဲဒါအဆင်မပြေလို့ပေါ့ကွ၊ မင်းကလည်း”

“ဟုတ်မှာပါ”

ပန်းကတ္တီပါနှင့်ကျွန်တော်၊ ပြောဆိုခဲ့ကြသော စကားများကိုပါ ညီမြင့်အား၊ ထပ်မံ၍၊ ကျွန်တော်ပြောပြသည်။

“ဒါဆို . . .၊ အခု, ပန်းကတ္တီပါက၊ ဟိုကောင် . . .မြသိန်းတန်နဲ့ . . .သူ၊ ဘာဖြစ်ကြတယ်မပြောပေမယ့်၊ ကမ္ဘာ့ဘာန်းထိုင်လိုက်၊ ပုတီးစိပ်လိုက်၊ အမျှဝေလိုက်၊ လုပ်နေတယ်ပေါ့”

“အင်း ဟုတ်တယ်။ ဒါပေမဲ့ . . .”

“ဒါပေမဲ့ . . .ဘာဖြစ်လဲ”

“ငါ . . .၊ ကတ္တီပါ့ကို စော်ကားတာ တော့ မဟုတ်ပါဘူး။

ငါ. . .သိချင်လို့၊ မင်းကို . . . မေးကြည့်

တဲ့၊ သဘောပါ”

“ဘာလဲ . . . မေးလေ”

“ကတ္တီပါက၊ ဘုရား တရားလုပ်နေတာ လည်း အမှန်ပဲ။ ဒါပေမဲ့ . . .စိတ်ဆိုးစရာ . .ရှိ၊ ဆိုးတာပဲ။

ဟို တစ်ပတ်က,ဆို၊ ဖူးစာနဲ့ ပတ်သက်တဲ့၊ ငါ့ အခြေအနေကို၊ တရားသဘောလေးနဲ့ သုံးသပ် ပြပြီး၊ ဘုရားရှိခိုး . . . အမျှဝေကြဖို့၊ သူ . . . ဦးဆောင်စကားပြောတာ။

ပြောရင်း . . .မျက်ရည်ဝဲတယ်ကွ။ အဲဒီ တုန်းက၊ ငါ . . .သူ့ကိုမေးမလို့ပဲ။ စော်ကားသလို ဖြစ်မှာစိုးလို့၊ မမေးဖြစ်တော့ဘူး”

ညိုမြင့်က . . .

“စော်ကားသလိုမဖြစ်ဘူး၊ မေးစမ်းပါ ဆိုရင်၊ မင်းက . . . ဘာမေးမှာလဲ”

“ဩော် . . .။ တရားလည်းထိုင်တယ်။ သူများကိုလည်း၊ အေးရာအေးကြောင်း ရှင်းပြတယ်။ နင်ကျတော့၊ ဘာကြောင့်၊ မျက်ရည်ဝဲရတာလဲလို့၊ မေးချင်တာ”

“ဩော်”

ညိုမြင့်က၊ “ဩော်” . . .ဟု အသံထွက်ကာ ပြုံးလျက်.

“မင်းနဲ့ငါ၊ သူငယ်ချင်း အရင်း

ခေါက်ခေါက်တွေဆိုတော့၊ ပြောမနာ ဆိုမနာ ပေါ့ကွာ။ နော် . . .”

“အေးပါ. . .။ မင်း ငါ့ကို၊ နာအောင် ပြောတော့မှာ . . . မဟုတ်လား”

“နာစေချင်လို့၊ နာအောင်၊ ပြောတာ မဟုတ်ပါဘူးကွာ။ ထိထိမိမိသိစေချင်လို့ ထိထိ ရောက်ရောက်ပြောရမှာပါ။

မင်း မေးတဲ့၊ မေးခွန်းက၊ မင်းကို ငါ ပြောနေကျ စကားနဲ့ပြောရရင်၊ တုံး မေးခွန်းပဲကွ”

“ငါ့ကို၊ တုံးလို့၊ ခေါ်တော့မယ်ဆိုတာ၊ ငါ သိသားပဲ”

“မတုံးစေချင်လို့ တုံးလို့ခေါ်ပြီး . . . သတိပေးတာပါကွ။

မင်းရဲ့. . . မေးခွန်းက၊ မင်းဘာသာ . . . မင်း။ အဖြေသိပြီးသား၊ ဖြစ်နေရမှာ။

အခု . . .ငါ, ကြားနာဖူးသလောက် ပြောပြမယ်။ သေသေချာချာ . . . နားထောင်”

“အေးပါ . . .။ ငါ သေသေချာချာ နားထောင်ပါတယ်”

“ရုပ်ထဲရွာထဲမှာ၊ ဗဟုသုတ, နည်းတဲ့ သူတွေ၊ အတင်းအဖျင်းသဘော၊ ဝေဖန်နေကြတဲ့ စကား။

ဟိုလူပေါ့။ ဘုရားတရားလုပ်နေတယ်သာ၊ ပြောတယ်။

မိန်းမ,နားကကို၊ မခွာဘူး. . .ဆိုတာမျိုး။ အဲဒီ့သူပေါ့ . . .။ အမိဋ္ဌာန် ဝင်တယ်လည်း၊ ပြောသေး။ အမေ သေတော့၊ ငိုတာပဲ။ အလကား . . . ဘာတရားမှမရှိဘဲနဲ့၊ တရားလုပ်ပြနေကြတာ . . . ဆိုတာမျိုး။

မင်း ကြားဖူးတယ် . . . မဟုတ်လား မင်းသုခ"

"အေး"

"မင်း . . .ပန်းကတ္တီပါကို၊ ပြောချင်တာ လည်း၊ ဒါပဲ မဟုတ်လား"

ကျွန်တော် ခေါင်းညိတ်ရသည်။

"မင်း မသေမချင်း မှတ်ထား။ အနာဂါမ် မတည်မချင်း၊ လူဝတ်ကြောင်တွေ၊ အိမ်ထောင်ရေး သုခ,ကို ခံစားတယ်။ ဒါပေမဲ့ . . .အိမ်ထောင်ရေး မဖောက်ပြန်ဘူး။

အနာဂါမ်တည်မှ မျက်ရည်ကင်းတယ်။ လောဘ . . .ဒေါသ . . . ပယ်တယ်။ မောဟ၊ မပယ်နိုင်သေးဘူး"

ကျွန်တော် သိပ်,နားမလည်။

ဒါကို၊ ညိုမြင့် ရိပ်မိပုံရ၏။

"ဘုရားလက်ထက်တော်တုန်းက၊ ကျောင်း
အမကြီး ဝိသာခါ၊ ကြားဖူးတယ် မဟုတ်လား"

"အင်း"

"ဝိသာခါက၊ ခုနစ်နှစ်သမီးမှာ၊ သောတပန်
တည်တယ်. . .တဲ့။

သောတပန်ဆိုတာ ဘာလဲ. . .၊ မင်း . . .
သိလား"

"သေသေချာချာတော့၊ မသိဘူး။ အပါယ်
ပိတ်သွားတဲ့သူ . . .လို့တော့၊ ကြားဖူးတယ်"

"အပါယ်ပိတ်သွားတယ်. . .ဆိုတာ၊
သူတော်ကောင်းဖြစ်သွားတာကိုပြောတာ။

ဒါပေမဲ့ . . . နောင်သံသရာ၊ ရှိနိုင်သေး
တဲ့ . . . အဆင့်နဲ့၊ နောင်သံသရာ မရှိတော့တဲ့ ..
အဆင့်။ ဒါတော့ . . .ကွာခြားတယ်။

သောတပန်ဆိုတာ နောက်ထပ် ဘဝ
အများဆုံးခုနစ်ကြိမ်ရှိနိုင်သေးတဲ့ . . .၊ သူတော်
ကောင်း။ အဲဒီ ခုနစ်ကြိမ်စလုံး၊ အပါယ်ဘဝ . .
မရတော့ဘူး။

စာစကားနဲ့ ပြောရရင်၊ ဒိဋ္ဌိ . . . ဝိစိကိစ္ဆာ
ပြုတ်သွားတာ . . .တဲ့။ ခန္ဓာပေါ်အမြင်နဲ့ ကံ
အပေါ်မြင်မှု မှန်ကန်သွားတဲ့ အသိဉာဏ်ပိုင်ရှင်
ပေါ့ကွာ။

အဲ့ဒီ သောတာပန်ကြီး ဝိသာခါ။ မြေး
သေတော့ ငိုတယ် . . .တဲ့။

"ဩော်"

"လင်ယောကျ်ားနဲ့လည်း ခင်ခင်
တွယ်တွယ် နေတယ် . . .တဲ့"

"အင်း"

"သူတော်ကောင်းတရားကို၊ သိပြီးသား၊
အပါယ်ပိတ်ပြီးသား၊ ကျောင်းအမကြီး ဝိသာခါ
တောင်၊ မြေးသေတာ၊ ငိုသေးရင်၊ ပန်းကတ္တီပါ
မျက်ရည်ဝဲတာ၊ တစ်ခါတစ်ရံ ဒေါသ,ဖြစ်တာ. . .၊
မကဲ့ရဲ့ကောင်းဘူး သူငယ်ချင်း။ အထင်မသေး
ကောင်းဘူး"

"အေးပါ။ ငါ . . .အထင်မသေးပါဘူး။
ငါက . . .ဘုရား တရား လုပ်ရင်း. . .၊ အရာရာ .
. . ဒေါင်ဒေါင်မြည်မယ်. . . လို့ ထင်မိလို့ပါ"

"ဒေါင်ဒေါင်မြည်မယ်လေ။ အရဟတ္တ
မဂ်ဉာဏ်ပိုင်ရှင်၊ ဖြစ်ရင် လောကဓံ အားလုံးအပေါ်
မတုန်လှုပ်တော့ဘူးလေ။ မျက်ရည်လုံးဝမရှိတော့
သလို၊ အကုသိုလ်အမှုကိုလည်း၊ ဘာမှ
မပြုတော့ဘူး။ လောဘ . . ဒေါသ . .မောဟ . .
ရာဂ . . မစ္ဆရိယ . . စသည်ဖြင့်၊ ဘာ . . . ကိလေသာ
အညစ်အကြေးမှ မရှိတော့ဘူး"

"ဩဘ်"

"မင်း . . ၊ ရမ်းပြီး၊ ဩဘ်နေတာ၊ ငါ
သိတယ်၊ မင်းသုခ။ မိဘ ဘိုးဘွား . . ဆုံးမ
တာလေးနဲ့တင်၊ လည် . . .မနေနဲ့။ ကိုယ့်ဘာသာ
လည်း . . .လေ့လာ။

ငတုံးမဖြစ်ချင်ရင်၊ စာကို၊ နေ့တိုင်း ဖတ်
ငါ တွေ့မရှိရင်၊ စာတွေ့လောက်တော့၊ ရှိရမယ်ကွ

"အေးပါ"

"ပုတုဇဉ် နှစ်မျိုးရှိတယ်။ ကလျာန ပုတုဇဉ်
အန္ဓပုတုဇဉ် . . . တဲ့။ နှစ်မျိုးစလုံး၊ အပါယ်က
တတ်တယ်။

အရိယာ (သူတော်ကောင်း) လေးမျိုး
တယ်။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်
ရဟန္တာ . . .တဲ့။

သောတပန်က၊ သောတပတ္တိမဂ်ဉာဏ်
ရှိတယ်။ နောက်ထပ် ဘဝ, ခုနစ်ကြိမ်လောက်
ရှိတတ်တယ်။ ဒါပေမဲ့ . . . အပါယ်ပိတ် သွားပြီ

သကဒါဂါမ်က၊ သကဒါဂါမ်မိမဂ်ဉာဏ်
ရှိသွားပြီ။ နောက်ထပ်ဘဝ, တစ်ကြိမ်လောက်ပဲ
ရှိမယ်။ အပါယ် ပိတ်တယ်။

ဒါပေမဲ့ . . .,

ရာဂ . . .ဒေါသ . . မောဟ,တွေကို

ပါးလုပ်အောင်ပဲ၊ ပယ်သတ်နိုင်သေးတယ်။

အနာဂါမ်က၊ အနာဂါမိမဂ်ဉာဏ် ရှိသွားပြီ။ အိမ်ထောင်သားမွေးကိစ္စ၊ ပါယ်သတ်နိုင်ပြီ။ လောဘ . .ဒေါသ . .အကြွင်းမဲ့ ပယ်သတ်နိုင်ပြီ။ မောဟ . . . ရှိနိုင်သေးတယ်။ အပါယ်တံခါးတော့ ပိတ်ပြီးသား။ ကာမဘုံကို၊ ပြန်မလာတော့တဲ့သူ . . .တဲ့။

အမြင့်ဆုံးရဟန္တာပုဂ္ဂိုလ်က၊ အရဟတ္တ မဂ်ဉာဏ်ရှိသွားပြီ။ ကိလေသာ အကုန်ပယ်သတ် နိုင်ပြီ။ နောင်ခန္ဓာလုံးဝ. . . မလာတော့ဘူး. . . ။

အဲဒီတော့၊ တရားကျင့်နေတဲ့၊ လူဝတ်ကြောင် ကို၊ ဝေဖန်ချင်ရင်၊ ကိုယ်တိုင် . . . ဉာဏ်ကြီးကြီး ထားပြီးမှ, ဝေဖန်။

မဟုတ်ရင် . . .ပစ်မှားသလို၊ ဖြစ်သွားမယ်။ ဖောက်ပြန်မောက်မှားနေတဲ့၊ ပုတုဇဉ်ကို၊ ဝေဖန်မိ တာ၊ ကိစ္စမရှိဘူး။

လက်ရှိအိမ်ထောင်ဘက်အပေါ်မှာ၊ ဖောက်ပြားမှုမရှိဘဲ၊ သီလ . . သမာဓိ. . ပညာ အပြည့်နဲ့ အမှန်တကယ်ကျင့်ကြံနေတဲ့ အိမ်ထောင် သည်ယောဂီကို၊ လှောင်မိပြောင်မိရင်၊ အ,ကုသိုလ် ကြီးတတ်တယ်။

တချို့က၊ ကိုယ်က . . .သာ၊ ဘာမှ မလုပ်တာ။ သူတစ်ပါးကို၊ ဗျို့ယောဂီကြီး၊ မိန်းမ,

နား၊က၊ မခွာသေးဘဲကိုး . . .ဆိုပြီး၊ နောက်ပြောင်တတ်ကြတယ်။

အရင်တုန်းက၊ သူလို . . .ကိုယ်လိုပါကွာ။ အခုမှ၊ ဘုရားနား ပြေးကပ်တာပါ . .ဆိုတာမျိုးတွေ . . ၊ ဝေဖန်နေမိတတ်ကြတယ်။

အဝေဖန်ခံနေရတဲ့၊ ယောဂီက၊ ပုတုဇဉ်ဆိုရင်၊ အကုသိုလ်သိပ်မကြီးတတ်ပေမယ့်၊ သောတာပန် . . .သကဒါဂါမ် . . အနာဂမ် . . . တည်နေရင်။ သံဃာတော်အရှင်သူမြတ်ထဲမှာဆိုရင်၊ ရဟန္တာဖြစ်နေတဲ့၊ ပုဂ္ဂိုလ်ဆိုရင်၊ ဝေဖန်မှုဟာ၊ ကြီးလေးတဲ့ ပြစ်မှားမှုကြီး ဖြစ်သွားတတ်တယ် . . . တဲ့”

“ကျေးဇူးပါပဲ ညီမြင့်ရာ။ ငါက . . ဘုရားတရား ကြည်ညိုပေမယ့်၊ ဗဟုသုတ နည်းတယ်ကွ။ မင်းက . . . ဗဟုသုတ များတော့၊ ငါ . . . ပိုသိရတာပေါ့”

“တကယ်ကြည်ညိုရင် . . .တကယ်သိအောင် . . .လုပ်ကွ။

ကိုယ့် ရတနာကို . . . ကိုယ်။ ရတနာမှန်းမသိတတ်ကြလို့၊ အသုံးမပြုတတ်ကြရင်၊ သူတစ်ပါးရဲ့ ပုလင်းကွဲ . . . ဖန်ကွဲစ,တွေကို၊ ရတနာလို့ထင်မိပြီး၊ ရေလိုက် လွဲသွားတတ်ကြတယ်။

သူတစ်ပါးရဲ့ . . . အယူအဆ၊ စိမ့်ဝင်
လာတယ်ဆိုတာ၊ ကိုယ့်ဘက်က၊ ကိုယ်ခံအား
မကောင်းလို့ကွ။

သံကို သံဖျက်၊ သံချေးတက် . . . တဲ့။
ဝါးကိုဖျက်တာ၊ ဝါးထဲကပိုး . . . တဲ့"

ညိုမြင့်နှင့် စကားပြောနေစဉ်အတွင်း အပူသောက, တစ်ခုမက
ငြိမ်းနေသည်ဟု ကိုယ့်ကိုယ်ကို သိလိုက်၏။

♥ ♥ ♥

. . . .

ကွေ့ကွေ့ကောက်ကောက်၊ လူ့လောက,မှာ၊

လူ့ရိုးလူ့ဖြောင့်တွေကို၊ လူညံ့လို့တော့၊

ထင်တတ်ကြတယ်။ . . .

( ၁၂ )

ရန်ကုန်ရုံးသို့ သွားရမည့်ကိစ္စဆိုလျှင်၊ ကျွန်တော့်အား တာဝန်ပေးပါရန်၊ ဦးစီးအရာရှိကို၊ ကျွန်တော် အပူကပ်သည်။ ရန်ကုန်ကို၊ ဥဒဟို လာခဲ့သည်။ ထိုစဉ်က၊ ရန်ကုန်မှာ၊ ချစ်သူ ဖူးစာခိုင်နှင့်၊ အင်္ဂလိပ်စာ ဒီပလိုမာ သင်တန်းတက်ရင်း၊ (ရုံးပိတ်ရက်တိုင်း) တွေ့ခွင့်ရခဲ့၏။

ယခုမူ၊ သံယောဇဉ်လှိုင်းဖြင့် စေခိုင်းစရာ မည်သူမျှ၊ မရှိသော်လည်း၊ ညီမြင့် ဆီသို့ မကြာ မကြာ၊ ကျွန်တော် လာ . . .လာ ဖြစ်သည်။

ပန်းကတ္တီပါက,တော့၊ ကျွန်တော့်ကဲ့သို့ ခြေမများ။ နေသားကျစွာ နေထိုင်နိုင်သည်။ ကျွန်တော် ရန်ကုန်ပြန်တိုင်း၊ သူ . . .မလိုက်ပါ၊ ရံခါမျှသာ၊ လိုက်ပါလေ၏။

"မြို့တစ်မြို့ကို၊ ဘာကြောင့် မြို့တော်အဖြစ် သတ်မှတ်ရတယ် . . .ဆိုတာ၊ နိုင်ငံရဲ့ အမျိုးသားလုံခြုံရေး မထိခိုက်နိုင်ဘူးဆိုရင်၊ နိုင်ငံသူ

ခြားနားတယ်ဆိုကတည်းက၊ တစ်သွေးတစ်သားတည်း၊ ဖြစ်ဖို့ ခဲယဉ်းသွားတာပေါ့။

အခုထိ . . .မေမြို့ကို၊ ဘာကြောင့် ပြင်ဦးလွင်မြို့လို့၊ ပြောင်းလဲခေါ်တွင်ရတယ်ဆိုတာ၊ တချို့ ပြည်သူပြည်သား၊ မသိရှာသေးဘူးကွ။

အဲဒါ. . . ဦးဆောင်သူတွေ၊ လုပ်ချင်ရာလုပ်။ ငါတို့နဲ့မဆိုင်ဘူးဆိုတဲ့၊ စိတ်ဓာတ်မျိုးတွေ ပြန့်ပွားသွားတတ်တယ်"

ညိုမြင့်က၊ သူ့ကုန်စုံဆိုင်အတွင်း၊ ဝယ်သူပါးချိန်မျိုး၌၊ ကျွန်တော်သိသင့်သည် ထင်သော ကိစ္စများကို၊ တတွတ်တွတ်၊ ပြောပြနေလေ့ရှိ၏။

"ကမ္ဘာနဲ့ ရင်ပေါင်တန်းဖို့၊ ကြိုးစားတိုင်း၊ တိုင်းပြည် ချမ်းသာတာ၊ မဟုတ်ဘူးကွ။

ကိုယ့်နည်းကိုယ့်ဟန်နဲ့၊ ကိုယ့်ဘာသာ ချမ်းသာအောင်၊ နေတတ်မှ၊ ချမ်းသာတာ။

ကိုယ့်ရဲ့ မိရိုးဖလာနည်းကို၊ ပိုင်ပိုင်နိုင်နိုင် အသုံးမချတတ်ကြတော့၊ အနောက်နိုင်ငံက၊ နည်းပဲ ကောင်းသလိုလို၊ အရှေ့နိုင်ငံက၊ နည်းပဲ သွားသင့်ရ မလိုလိုတွေနဲ့။ ရှုပ်ယှက်နေတတ်တယ်"

"မိရိုးဖလာနည်းဆိုတာ ဘာကိုပြောတာ လဲ ညိုမြင့်"

"မင်း . . .၊ ဘာ . . .ဘာသာ ကိုးကွယ်

တာလဲ”

“ဗုဒ္ဓဘာသာ ကိုးကွယ်တာပေါ့”

“အဲဒါပဲပေါ့ ငတုံးရဲ့။ မင်း . . . ဗုဒ္ဓဘာသာဝင်ဆိုရင် မင်း,ဘဝ . . .ချမ်းသာဖို့၊ ဗုဒ္ဓရဲ့နည်းစနစ်ကို ပိုင်ပိုင်နိုင်နိုင် အသုံးချပေါ့။

မင်းက . . .ခရစ်ဝင်ဆိုရင်၊ မင်းဘဝ . . . ချမ်းသာဖို့၊ ခရစ်တော်ရဲ့ နည်းစနစ်ကို၊ ပိုင်ပိုင်နိုင်နိုင်၊ အသုံးပြုပေါ့။

မင်းက . . .အစ္စလာမ် ဘာသာဝင် ဆိုရင်၊ မင်းဘဝ ချမ်းသာဖို့၊ တမန်တော် မိုဟာမက်ရဲ့ နည်းစနစ်နဲ့၊ မင်း . . . ကြိုးစားပေါ့။

ကိုယ့်နည်းကိုယ့်ဟန်၊ ကိုယ့်ကိုယ်ပိုင်စနစ် မရှိရင်တော့၊ မင်း . . သူများ၊ အားကိုးရမှာပဲလေ။

တစ်ခုတော့၊ သိထားရမယ်။ မင်း ချမ်းသာအောင်၊ မင်း. . . ကြိုက်တဲ့နည်းနဲ့ ကြိုးစား။ မင်းရဲ့ဉာဏ်က လက်ခံတဲ့နည်းနဲ့ . . . ဆောင်ရွက်။

မင်းရဲ့ ကြိုးစားဆောင်ရွက်မှု တစ်လျှောက်လုံး၊ ဘယ်သူတစ်ဦး တစ်ယောက်မှတော့၊ မင်းကြောင့်, မဆင်းရဲစေနဲ့ပေါ့”

“အင်းပေါ့။ ဒါပေါ့”

“မင်းက၊ စာ သိပ်မဖတ်တော့၊ ငါက . . . စာ အမြဲဖတ်တော့၊

စာဖတ်နည်း တဲ့ . . .မင်းကို စာဖတ်မြဲတဲ့ . . .ငါက၊ ဆရာလုပ်နေရတော့တာပဲ။ . . . ”

“လုပ်ပါ။ ရပါတယ်။ ငါ . . . နေပြည်တော်က,နေ၊ ခဏ ခဏ ပြန်ပြန်လာတာ၊ မင်းနဲ့ . . . စကားပြောဖို့ပဲဟာ”

“ကောင်းပြီလေ။ ငါ . . .ဆရာ ဆက်လုပ်မယ်”

“အင်း”

“မင်းလည်း . . .ဘွဲ့ရ။ ငါလည်း . . .ဘွဲ့ရ။ ငါ . . .ဘာကြောင့် ဈေးသည် လုပ်ရတာလဲ . . .မင်း, သိလား”

ကျွန်တော်၊ ခေါင်းခါပြရသည်။

“ငါ . . . ချမ်းသာချင်လို့ပဲ။ ငါ . . . ညောင်ပင်လေးဈေးကိုပဲ၊ သွားရ လာရ တယ်။

မင်းလို နေပြည်တော်နဲ့ ရန်ကုန်။ ကူးမနေရဘူး။

ငါ. . .ဆင်းရဲချင်ရင်၊ လွယ်လွယ်လေး။ နောက်ထပ် . . .ရနိုင်သလောက် ဒီပလိုမာတွေ. . .၊ ထပ်ယူ။ ဆာတီဖီကိတ်တွေ၊ ထပ်ယူ။

ရုံးဌာန တစ်ခုခုမှာအလုပ်ဝင်။

အရာရှိဖြစ်အောင် . . . ကြိုးစား။ ရာထူးတွေ. . . တစ်ဆင့်ပြီးတစ်ဆင့် . . . မြင့်အောင်၊

ထပ်လုပ်။

အဲဒီအခါ . . .၊ လုပ်သလို၊ ဖြစ်မလာခဲ့ရင် စိတ်တွေ ဆင်းရဲလာမှာပဲကွ။ စိတ်ဆင်းရဲပြီဆိုမှ တော့၊ လူ. . .ချမ်းသာနေတာ၊ ဘာလုပ်တော့မှာလဲ။

စိတ်ဆင်းရဲပြီဆိုတာနဲ့၊ ဘယ်လောက် ရာထူးကြီးကြီး။ ဘယ်လောက် ချမ်းသာ . . .ချမ်းသာ၊ အသက်တိုဖို့ သေချာတယ်။

အဲဒါကြောင့် . . ငါ။ လောင်မြိုက်တဲ့. . .မီး၊ နည်းအောင်၊ ငါ့အိမ်မှာ . . .ငါ၊ ဈေးရောင်း နေတာပေါ့။

ငါ ပိုင်ပိုင်နိုင်နိုင်၊ တစ်ခုပြောရရင်၊ ကိုယ် . . .ကိုယ်တိုင်တောင် စိတ်ချမ်းသာနည်း မသိတဲ့သူတွေက၊ တိုင်းပြည်ချမ်းသာအောင်၊ လုပ်ပေးချင်နေတယ်ဆိုရင်၊ အဲဒါ . . .မပိုင်၊ ဝက်မွေး တာပွဲကွ။

ကမ္ဘာကြီးက၊ ရွာတစ်ရွာမကနဲ့လို့ လက်သီး ဆုပ်လောက်ပဲ . . .ဖြစ်ဖြစ်။

ကိုယ့်ဘဝတည်ဆောက်မှု နည်းလမ်း၊ ရှာမလည်ဖို့၊ အရေးကြီးတယ်။

တစ်ယောက်ချင်းစီက၊ ဘဝ . . .တည် ဆောက်မှု၊ မှန်ကန်တိုးတက်မှ၊ ပြည်ရွာအနှံ့. တိုးတက်တာကွ။

တစ်ယောက်ချင်းစီမှာ၊ ကိုယ်ပိုင်နည်း မရှိရင်၊ တစ်တိုင်းပြည်လုံး . . .ကိုယ်ပိုင်နည်း၊ မရှိတာနဲ့၊ အတူတူပဲ။

ဘာတဲ့ . . .။ လူကြီးသူမ,တွေ၊ ပြောပြောနေကြတဲ့ . . .စကား။ အမေကျော် ဒွေးတော်လွမ်းတယ် . . .တဲ့။

ကိုယ့် မိရိုးဖလာနည်းစနစ်ကို၊ မယုံကြည်ဘဲ၊ တခြားနေရာက၊ နည်းစနစ်ကိုမှ၊ အထင်ကြီး ယုံကြည်နေတာမျိုးကို၊ အမေကျော် ဒွေးတော် လွမ်း. . . လို့ ခေါ်သင့်တာ ကွ"

"မိရိုးဖလာနည်းစနစ်က၊ ခေတ်မမှီတော့ရင်၊ ဘယ်လိုလုပ် အသုံးဝင်ပါ့မလဲ"

ဒီလောက်တော့၊ ကျွန်တော်ပြောတတ် မေးတတ်ရပေမည်။ ကျွန်တော် မေးပြီးသည့်အခါ ညီမြင့်က . . .

"လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ထောင့် ခြောက်ရာလောက်က၊ မင်း အဘိုးအဘွားတွေရဲ့ လယ်မြေအောက်ထဲမှာ၊ ရွှေတုံးကြီးတွေ . . .၊ မြှုပ်နှံထားခဲ့တယ်ဆိုရင်တော့။

အဲ့ဒီ ရွှေတုံးကြီးတွေက၊ နှစ်ပေါင်း နှစ်ထောင့်ခြောက်ရာလောက်ကြာသွားပြီ၊ ဖြစ်တဲ့အတွက်၊ ကြေးတုံးကြီးတွေ၊ ဖြစ်သွားရောလားကွာ။

မင်း . . .,

ဖြေစမ်းပါဦး . . .မင်းသုခ”

“အေး။ အဲဒါတော့ ဟုတ်တယ်။ ရွှေမှန်ရင်၊ ဘယ်လောက်ကြာကြာ . . . ကြေး ဖြစ်မသွားပါဘူး”

“ဒါပေါ့ကွ။

နှစ်ပေါင်းနှစ်ထောင့်ခြောက်ရာလောက်က၊ ကိုယ့်မိဘ, ဘိုးဘွားရဲ့ မြေယာအောက်ထဲမှာ၊ ရွှေတုံးကြီးတွေ၊ မြှုပ်နှံထားခဲ့တာကို သိလည်း . . . မသိ။ ရှာလည်း . . .မရှာတတ်ရင်တော့၊

ရတနာမြေမှာ၊ ထိုင်နေလျက်နဲ့၊ ဘယ်အရာကို၊ တန်ဘိုးထားရမှန်းမသိဘဲ၊ မျက်စိလည်လမ်းမှားပြီး၊ သူများ. . . ချက်ကျောက်ကို၊ စိန်မှတ်ပြီး . . . ပြေးကောက်မိကြတော့တာပေါ့။

ကမ္ဘာနဲ့ရင်ပေါင်တန်းမယ် . . . ရင်ပေါင်တန်းမယ် . . .ပြောနေကြရအောင်၊ ရင်ပေါင်တန်းစရာ ကောင်းလောက်တဲ့၊ နည်းစနစ်မျိုး ဘယ်မှာ . . . ရှိလို့လဲ။ သေသည်အထိ . . . အားလုံးငြိမ်းချမ်းပါတယ် . . .၊ ဘာ ပြဿနာမှ . . .မရှိ၊ ဘာ . . . ဘေးရန်မှ မရှိပါဘူး ခင်ဗျား . . .ဆိုတဲ့၊ နိုင်ငံမျိုးရော။ ဒီ . . .ကမ္ဘာပေါ်မှာ ရှိလို့လား”

ကျွန်တော် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေရတော့သည်။

“တစ်ကမ္ဘာလုံးက၊ သတ်မှတ်ထားတဲ့၊ တန်ဖိုးထားမှု။ တစ်ကမ္ဘာလုံးက၊ အသည်းအသန်၊

ကြိုးပမ်းနေတဲ့၊ ကိစ္စတွေ. . .။

မင်း . . .နားထောင်။

ငြိမ်းချမ်းရေး . . .တဲ့။

ဆင်းရဲမွဲတေမှု လျှော့ချတိုက်ဖျက်ရေး . . .

တဲ့။

သဘာဝ ပတ်ဝန်းကျင်၊ ထိန်းသိမ်း ရေး .

. . တဲ့။

သဘာဝသယံဇာတ, များကို၊ ချွေတာသုံးစွဲ

ရေး . . .တဲ့။

လူသားအားလုံး၊ ကျန်းမာအသက်ရှည်

ရေး . . .တဲ့။

အဲဒါ . . .အကုန်လုံးကို၊ ရင်ဆိုင် ကျော်

လွှားနိုင်ဖို့ ငါတို့တိုင်းပြည်မှာ၊ ကိုယ်ပိုင် . . .

မိရိုးဖလာနည်းစနစ် မရှိဘူးလို့၊ မင်း . . .

ထင်သလား”

ကျွန်တော် မဖြေနိုင်။

“ဘွဲ့ရ . . . ပညာတတ်။ အထက်တန်း

စာရေး။ အသက်သုံးဆယ်ပြည့်ခါနီး၊ မင်းလို

ကောင်တောင်၊ ဒက်ကနဲ . . .မဖြေတတ်ဘူး၊

မဟုတ်လား”

“အေး . . .။ မဖြေတတ်ဘူး”

“အေး . . .။ ငါ, ဖြေပြမယ်။ ငြိမ်းချမ်းရေး

. . .တဲ့။ လွယ်လွယ်လေးပဲ။ တစ်ကမ္ဘာလုံးက၊ လူတွေအားလုံး၊ ဝိပဿနာ အားထုတ်။ ငြိမ်းရုံချမ်းရုံ တင်မကဘူး၊ ငြိမ်းပြီး . . .ချမ်းပြီး အေးသွား လိမ့်မယ်"

"သြော် . . .၊ အေး။ ဟုတ်သားပဲ"

"ဆင်းရဲမွဲတေမှုလျှော့ချတိုက်ဖျက် ရေး . . .တဲ့။

ဆင်းရဲကြောင်း . . .ဖြစ်တဲ့၊ လောဘ, ဒေါသ, မောဟ စိတ်တွေကို . . . ငြိမ်းကြလေ။ ဆင်းရဲကြောင်းတွေကို၊ ပယ်သတ်တတ်ရင်၊ ချမ်းသာ ကြောင်းက၊ ရောက်လာမှာပဲ"

ကျွန်တော် ခေါင်းညိတ်ထောက်ခံဖြစ်သည်။ ညိုမြင့် . . . ဘားဆက်၏။

"သဘာဝ, ပတ်ဝန်းကျင် ထိန်းသိမ်းရေး . . .တဲ့။

လောဘ. . .မီး, ဒေါသ . . .မီး, မောဟ . . .မီး, လောင်ကျွမ်းနေကြရင်၊ ရေ . .၊ မြေ . .၊ သဘာဝ . . .။ နက္ခတ်တာရာ၊ တွေ . . . ပျက်စီးတယ်။ အဲ့ဒီ မီးတွေ၊ ငြိမ်းရုံပဲလေ။

သစ်တောတွေ . . . ဒီရေတောတွေ. . .ကို၊ ဝန်းခတ်နေရမှာ၊ မဟုတ်ဘူး။

ဒီ . . . ကမ္ဘာမှာ နေထိုင်မှီတင်းတဲ့၊ လူက.

. .မွေးတဲ့၊ လူတွေရဲ့ . . . လောဘ . . စိတ်၊ ဒေါသ . .စိတ်၊ မောဟ . . စိတ်တွေကို၊ မပွားများအောင် ထိန်းသိမ်းကြရမှာလေကွာ။ နော်”

“အေး . . . ဟုတ်တယ်”

“နောက် . . .၊ သဘာဝ, သယံဇာတများကို ချွေတာသုံးစွဲရေး . . .တဲ့။

အဲဒါလည်း၊ လွယ်လွယ်လေးပဲလေ။ လောဘ . . . မကြီးကြနဲ့တော့ပေါ့။ မဟုတ်ဘူးလား”

“အေး . . .။ ဟုတ်တယ်”

ဤအခါ၊ ကျွန်တော် . . .သက်ပြင်းမောပါ ချမိသည်။

“ဒီမိုကရေစီ ထွန်းကားရေး . . . တဲ့။

ဒီမိုကရေစီစနစ်ဆိုတာ၊ ဂေါတမ ဗုဒ္ဓ လက်ထပ်တော်ကတည်းက၊ ထွန်းကားခဲ့ပြီးသား။ ပြန်သုံးကြရုံပဲ။

စာပေ . . . လေ့လာဖူးတဲ့သူတိုင်း သိ တယ်။ ဒီမိုကရေစီစနစ်ဆိုတာ၊ ဘုရား လက်ထပ် ကတည်းက ရှိပြီးသား။

ဘုရားကြည်ညိုစိတ်နဲ့၊ ဖော်ဆောင်လိုက် ကြရုံပါပဲ”

“လူသားအားလုံး၊ ကျန်းမာအသက်ရှည်ရေး . . . ဆိုတာကျ တော့ရော . . .” . . . ဟု၊ ကျွန်တော် မှတ်မိတာလေး၊ ဝင်မေးလိုက် သည်။ ညီမြင့်က . . .

“သီလမြဲရင်၊ ကျန်းမာတယ်. . . အသက်

ရှည်တယ်။

လောဘ. . မီး၊ ဒေါသ . .မီး၊ မောဟ . .မီးတွေ၊ လောင်မြိုက်နေရင်၊ အသက်တိုတယ် . . .တဲ့။

အဖြေရှိပြီးသားလေကွာ။ ဒါပေမဲ့ . . .၊ အဲဒါတွေ အားလုံးကို, ဖော်ဆောင် ကြိုးပမ်းနေကြသူတွေအားလုံးထဲမှာ၊ အခု . . .ငါ, ပြောတာတွေ၊ ထည့်ပြောမယ့်သူ၊ ငါ . . .မကြုံဘူးသေးဘူး။

ဘယ်နည်းကို၊ အသုံးပြုနေကြသလဲတော့၊ ငါလည်း . . . မသိဘူး။

မျက်နှာကျက်ပေါ် . . .တက်တက်နေတဲ့၊ ကြပ်ခိုး . . .တွေကို၊ လှေခါးထောင်ထောင်ပြီး၊ တက်တက်၊ သုတ်ဖယ်နေကြပေမယ့်အစား၊ မီးခိုးမှိုင်းတက်စေတဲ့၊ အောက်က မီးဖိုကို၊ ရိုက်ခွဲလိုက်ရင်၊ ဘယ် . . .ပင်ပန်းပါတော့ မလဲကွာ။

လောဘ . .ဒေါသ . .မောဟ . . မငြိမ်းသတ်ကြလို့၊ ဖြစ်နေတဲ့ . . .ကိစ္စတွေအပေါ်။

အဲဒီ . . .လောဘ . . ဒေါသ . .မောဟ မငြိမ်းဘဲ၊ ကျန်တာတွေ၊ လိုက်လိုက်ငြိမ်းနေတာက,တော့၊

အောက်က၊ မီးဖိုကို၊ ရိုက်မခွဲဘဲ၊ မျက်နှာကျက်ပေါ်က၊ ကြပ်ခိုးကို၊ တက်တက်သုတ်နေတာမျိုးနဲ့၊ တူနေကြမှာပဲလေ။

အဆိပ်သီးမပြန့်နှံ့စေချင်ရင်၊ အဆိပ်သီးတွေကို၊ လိုက်ခူးပြီး . . .လွှင့်ပစ်ရတာ မဟုတ်ဘူး။ အဆိပ်ပင်ရဲ့အမြစ်ကို၊ ချိုးချေပစ်ရတာ။

မူလ,ကို မငြိမ်းသတ်ကြဘဲနဲ့၊ အပေါ်ယံကို၊ လိုက်သတ်နေတာ၊ မီးဖိုကို ရေနဲ့ မလောင်းဘဲ၊ မီးခိုးကိုရေလောင်းသလို ဖြစ်နေတယ်"

"အဲဒါ . . . ဘာဖြစ်လို့လဲ . . .ညီမြင့်"

"ကြီးကြီးကျယ်ကျယ်၊ ထည်ထည်ဝါဝါပြောရရင်၊ ဉာဏ်ပေါ့ကွာ။

ဉာဏ်ပညာပေါ့။ ငါလည်း . . . စာသိလောက်နဲ့ပြောပြတာပါ။

စာ သိလည်း မသိ . . .။ ငါ သိလည်း . . .မရှိတဲ့ သူတွေ။ လောက,ကို ဦးဆောင်ရင်။ အသင်းအဖွဲ့ကို၊ ဦးဆောင်ရင်၊ အကုန်၊ ချောက်ထဲကျကုန်လိမ့်မယ်။

ဘယ်နည်းစနစ်ပဲဖြစ်ဖြစ်၊ အသုံးချရကောင်းမှန်း မသိရင်၊ အားလုံးနစ်နာတာပေါ့။

မျောက်တောထဲ၊ ရွှေချောင်းပစ်ချပေးထားသလိုပေါ့ကွာ။ ရွှေချောင်းကို၊ ဘယ်မျောက်က ငှက်ပျောသီးလောက်၊ မက်မောတတ်ပါ့မလဲ"

မနောခွေ့စရာ၊ ဥပမာ . . .စာ စကား။

♥ ♥ ♥

မြင့်မြင့် စာပေ
... အနောက်လမ်း
လှည်းတန်း၊ ကမာရွတ်

( ၁၃ )

"နင် . . .၊ ရန်ကုန်ကို ဘာသွားသွား
လုပ်နေတာလဲ"

"ညိုမြင့်နဲ့၊ စကားသွားပြောနေတာ" . . ဟု၊ ပန်းကတ္တီပါကို၊ ကျွန်တော် ပြော၏။

"ဘာလဲ . . .။ နိုင်ငံရေးတရား၊ သွား
နာတာလား"

"အဲဒီလောက် မကျဉ်းမြောင်းပါဘူး။
လောက,ရေး . .ဓမ္မရေး . .အစုံပေါ့"

"အမယ်။ ကြီးကျယ်လိုက်တာ။ လောက,
ရေး . . ဓမ္မရေး . . တဲ့။

အဲဒီလို မြင့်မြင့်မြတ်မြတ်စကားမျိုး၊
ကြားရမယ်ဆိုရင်၊ ငါ ပါလိုက်ချင်ပါရဲ့"

ကျွန်တော်က. . .၊ စာရင်းပြုစုရန်၊ အလုပ်ဖိုင်တွဲကို၊ လက်ပြောင်း

ကိုင်ရင်း . . .

"အမှန်က၊ သူ . . .ပြောတာ၊ ငါ, နား

ထောင်တာပါ။ ငါက, သူ့လောက် သိတာ

မဟုတ်ဘူး"

"ညီမြင့်က၊ အဲဒီလောက်တော်တာလား"

"တော်တယ်။

တော်သလောက်၊ ထည်ဝါအောင်၊ မနေ

ဘူး။ ငြိမ်းအောင်နေနေတာ"

"ဩော် . . ."

ပန်းကတ္တီပါ၊ တလေးတစား နားထောင်နေသဖြင့် . .

"ငါ့ကို၊ စာမဖတ်လို့ . . .တဲ့။ တုံး . . .

လို့ခေါ်တာ။ ဒီကောင်က . . ."

"ဟယ် . . .။ ဟုတ်လား။ စာမဖတ်ရင်

တုံးဖြစ်ရောတဲ့လား"

"စာမဖတ်ရင် သူများသိသလောက်

မသိဘူး . . .တဲ့။ သူများ သိသလောက်မသိရင် . . .

တုံးပဲ . . .တဲ့။

ပြီးတော့ . . .။ ဘဝ,လွတ်မြောက်ကြောင်း

. . .မသိရင်။ ငယ်ငယ် . . .ကြီးကြီး။ ဘယ်လောက်

ကြွယ်ဝ . .ကြွယ်ဝ . .။ ဘာ ဘွဲ့တွေပဲ ရ,ထား . .

. ရ,ထား။ တုံးပဲ . . တဲ့"

"အေး . . .။ အဲဒါတော့၊

ငါလည်း . . .၊ ထောက်ခံတယ်ဟ။

ရပ်ကွက်ထဲမှာ၊ ညိုမြင့်က၊ နင့်သူငယ်ချင်း ဆိုပေမယ့် မျက်နှာထားက,လည်း၊ တည်။ နေထိုင်ဝတ်စားတာလည်း၊ စုတ်တီးစုပ်ဖတ်နဲ့ ဆိုတော့၊ ငါက, သူ့ကို . . .လူမိုက်လို့၊ ထင်ထား တာဟ။

ငယ်ငယ်ကတည်းက၊ ရောရောနှောနှောမှ၊ မခေါ်ပြောဘူးတာ"

"သူက၊ အဲဒီလိုပဲ နေတတ်ထိုင်တတ်တာ။ ပကာသန ရှောင်တာပေါ့ဟာ။

ငါနဲ့နင့်ကိုတောင်၊ သတိပေးလိုက်သေး တယ်"

"ဘာ . . .သတိပေးတာလဲ"

"ဝန်ထမ်းအိမ်ရာတွေပဲဖြစ်ဖြစ်၊ အဆောင် တွေပဲဖြစ်ဖြစ်။ ဝန်ထမ်းတွေကို၊ မြေကွက်ပေးတာပဲ ဖြစ်ဖြစ်၊ စုဆောင်းငွေ ပေးတာပဲဖြစ်ဖြစ်။ အဲဒါ . . . ပြည်သူပေးတာတွေ . . . လို့ နှလုံးသွင်းပါ . . .တဲ့။

အစိုးရပေးတယ် . . . လို့၊

မစွဲပါနဲ့ . . .တဲ့။

ပြည်သူ့ဘဏ္ဍာငွေကို၊ ဟိုမှာ. . . ဒီမှာ . . .၊ လိုသလို . . . အသုံးပြုဖို့၊ စီမံခန့်ခွဲပေးတဲ့

အဖွဲ့အစည်းကို၊ အစိုးရ . . .လို့၊ ခေါ်တာ . . .တဲ့။

တိုင်းပြည် ငြိမ်းချမ်းသာယာ. . .ဖွံ့ဖြိုး တိုးတက်အောင်။ တိုင်းပြည်, အကြွေးကင်းအောင်၊ မျှမျှတတ၊ စီမံခန့်ခွဲမှုပေးနိုင်တဲ့၊ အစိုးရက၊ အစိုးရကောင်း။

ငြိမ်းချမ်း, သာယာ, ဖွံ့ဖြိုး တိုးတက် . . . မျှတ,အောင်၊ အကြွေးကင်းအောင် စီမံခန့်ခွဲမှု မပေးနိုင်တဲ့အစိုးရက. . .၊ ညံ့ဖျင်းတဲ့အစိုးရ . . . တဲ့။

အဲဒီ စီမံခန့်ခွဲပေးနေတဲ့ အစိုးရအဖွဲ့ ကိုယ်တိုင်လည်း . . . ပြည်သူ့ဝန်ထမ်းပဲ။ နင်တို့ ငါတို့ . . . အားလုံးလည်း၊ ပြည်သူ့ ဝန်ထမ်းပဲ . . .တဲ့ . . . ။

စီမံခန့်ခွဲမှု ကောင်းမွန်တဲ့ အစိုးရကို၊ ကျေးဇူးတော့တင်ရမယ် . . .တဲ့။ ဒါပေမဲ့. . လ,ခ တိုးပေးတာ၊ အပါအဝင်၊ အဲဒီ . . .အစိုးရရဲ့၊ ပေးကမ်းဝေခွဲသမျှတွေအားလုံးဟာ၊ ပြည်သူ့ဘဏ္ဍာ . . .တိုင်းပြည်ဘဏ္ဍာဆိုတာတော့၊ ဗဟုသုတ ရှိရှိနဲ့၊ သိထားဖို့လိုတယ် . . .တဲ့"

"ဩော် . . .။ ဟုတ်တယ်နော်"

ကျွန်တော်၊ စကားဆက်သည်။

"ရုံး လုလင်လေးပဲ ဖြစ်ဖြစ်။ စာရေးကြီး၊

စာရေးလေးပဲ ဖြစ်ဖြစ်၊ ဦးစီးမှူး ညွှန်မှူးပဲဖြစ်ဖြစ်၊ ရတဲ့လခ,လေးနဲ့၊ ဘယ် . . .ကြားပေါက်မှ မရှာဘဲ၊ ခြိုးချုန်ချွေတာပြီး၊ မိသားစုဘဝကို ခက်ခက်ခဲခဲ ဖြေရှင်း . . . ရင်ဆိုင်နေသူတိုင်းဟာ၊ တိုင်းပြည်ရဲ့ တကယ့်သူရဲကောင်း. . .တွေ၊ တကယ့် အာဇာနည်တွေပဲ . . .တဲ့။

မခိုးမဝှက် . . .မတောင်းမရမ်းတဲ့၊ ဝန်ထမ်းကောင်းအားလုံးဟာ၊ အသံမထွက်တဲ့ သူရဲကောင်း, အာဇာနည်တွေပဲ . . .တဲ့"

"ဒါဆို . . .၊ နင်နဲ့ ငါနဲ့ပါတာပေါ့"

ကျွန်တော်က ရယ်လျက် . . .

"ငါတော့ မပါလောက်ဘူး။ ရန်ကုန်သွားစရာရှိရင် ကျွန်တော့်ကိုလွှတ်ပါ. . .လို့၊ အထက်အရာရှိကို၊ တောင်းဆိုဘူးသလို၊ ဆိုင်ကယ်နဲ့ သွားရမယ့်ကိစ္စ၊ ကျွန်တော့်ကိုခိုင်းပါ . . . ဆိုတာမျိုးတွေ၊ ကိုယ်ကျိုးအတွက်၊ တောင်းခံဖူးတယ်လေဟာ"

"ဩော် . . .၊ ငွေကြေးမသမာမှု လုပ်တာမှ မဟုတ်တာ"

ကျွန်တော် ခေါင်းခါလျက် . . .

"ညိုမြင့်က၊ နည်းနည်းတောင်း တောင်း. . .၊ များများတောင်းတောင်း. . .၊ တောင်းရင်

သူတောင်းစားပဲ . . . တဲ့။

နည်းနည်းခိုးခိုး၊ များများခိုးခိုး၊ ခိုးရင် . . သူခိုးပဲ . . .တဲ့။

ဥပမာ ။ ။ ကျွန်တော့်ကို ဟိုမှာ . . . မထားပါနဲ့။ ဒီမှာ . . .ထားပါနော် . . . ဆိုတာမျိုး။

လုပ်ပိုင်ခွင့်ရှိတဲ့သူဆီမှာ၊ ကန်တော့ပန်း . . .ပန်ဆင်ပြီးတောင်းဆိုမိတာမျိုးတွေပေါ့ဟာ။

စာရွက်လေး တစ်ရွက် . . ၊ ပန်းပင်လေး တစ်ပင် ယူမိတာမျိုး အပါအဝင်ပေါ့"

"အထက်အရာရှိဆိုတာ၊ လက်အောက်ဝန်ထမ်းရဲ့ အခက်အခဲကို၊ ဘယ်သိပါ့မလဲ။

ပြောပြမှ သိမှာပေါ့ဟာ။ သိအောင် ပြောတာကို၊ တောင်းဆိုတယ်လို့တော့၊ မယူဆ,ချင်ဘူး"

"ကိုယ့်လက်အောင်က၊ ဝန်ထမ်းက၊ မတောင်းဆိုဘဲ၊ အထက်အရာရှိက၊ သိအောင်ကြိုးစားထားဖို့ လိုတယ် . . .တဲ့။

ငါ့ စားပွဲပေါ်က၊ ကိစ္စမှသာ၊ ငါ့ကိစ္စ လို့၊ အထက်အရာရှိတွေ . . .ယူဆ,နေသမျှ၊ ဘယ်ဌာနမှ မတိုးတက်ဘူး . . .တဲ့။

ခိုင်းမှ . . .လုပ်၊ တောင်းမှ . . . ပေးနေသမျှလည်း၊ တကယ် . . . တိုးတက်တယ် လို့၊ မခေါ်ဘူး . . .,တဲ့။

အထက်အရာရှိက၊ ကိုယ့်လက်အောက်ဝန်ထမ်းတွေရဲ့၊ တကယ့်အခက်အခဲကို၊ သိအောင်ကြိုးစားထားပြီးသား ဖြစ်ရမယ် . . .တဲ့။

လက်အောက်ဝန်ထမ်းက,လည်း၊ အနစ်နာခံသင့်တာခံပြီး၊ မခိုင်းဘဲနဲ့လုပ်ပြီးသား ဖြစ်နေရမယ် . . .တဲ့။

အဲဒါမှ အဆင့်မြင့်မြင့်တိုးတက်တယ် . . .လို့၊ ခေါ်သင့်တယ် . . .တဲ့"

"အဲဒါ . . .ဘယ်နိုင်ငံမှာ . . . ရှိသလဲဟင်"

"အတည်ပြောနေတာ။ မနောက်နဲ့လေ ဟာ"

ပန်းကတ္တီပါ ရယ်လေ၏။ သူ့ဌာနရှေ့သို့၊ ရောက်လာသည်။ အဝင်တံခါးအနီးတွင်၊ ခြေစုံရပ်လျက် . . .

"နင်လည်း၊ တော်ပါတယ် . . .မင်းသုခ,ရယ်"

"ဘာကိုလဲ"

"သြော် . . ."

"စိတ်ပြေလက်ပျောက်၊ သောက, ဖြေတဲ့နည်း၊ ကောင်းလွန်းလို့ပါ။

သူငယ်ချင်းကောင်းဆီမှာ၊ တကူးတက စကားသွားပြောပြီး၊ စိတ်ဖြေတတ်တာ။ ဒါ၊ . . . လူညံ့တစ်ယောက်၊ ဘယ်, လုပ်နိုင်ပါ့မလဲ"

ရင်ထဲမှာ၊ နင့်ကနဲဖြစ်သွားရသော်လည်း၊ ကျွန်တော် အပြုံး
မပျက်။

မချိုပြုံးဟု၊ ပန်းကတ္တီပါ၊ ရိပ်စားမိမှာစိုးသည်။ (ဝေဒနာ တူသူ
အချင်းချင်း)။

♥ ♥ ♥

( ၁၄ )

ခြောက်လ, အတွင်း၊ ချစ်သူ ဖူးစာခိုင်နှင့် ဖုန်းအဆက်အသွယ် သုံးခါသာ ရသည်။ စကားပြောဆိုရသည်မှာ၊ အဆင်မပြေ။ လွမ်းမောဖွယ် မကောင်း။ သာယာနာပျော်ဖွယ် မရှိ။

သူငယ်ချင်းဖြစ်သူ ညိုမြင့်က၊ စကားပြောရင်း . . ., ဆွေးနွေးရင်းမှ၊ စေတနာကြီးသည့်အခါ "ငတုံး"ဟု၊ ကျွန်တော့်ကို ခေါ်ဝေါ်လေ့ရှိသော်လည်း၊ ကျွန်တော့်ကို ချိုးနှိမ်သည်ဟု၊ ကျွန်တော်မခံစားရ။ သူ့စေတနာကို၊ စိတ်မှမြင်သိသည်။

ချစ်သူ ဖူးစာခိုင်၏ ဆိုစကားတို့၌ "ငတုံး" ဟူသော ဝေါဟာရတို့မပါ။ သို့သော် ပြောဆိုဆက်ဆံသုံးသပ်စွပ်စွဲခဲ့ရာ စကားအရာများ၊ အားလုံးနီးပါးသည်၊ ကမ္ဘာလောက,၌၊ "မင်းသုခ" အမည်ပိုင်ရှင်၊ ကျွန်တော့်မှာ၊ လုံး၀သုံးမရတော့သည့်၊ ဆန်ကုန် မြေလေးတစ်ကောင်ဟု တိတ်ခတ်ခေါ်မည်နေသကဲ့သို့၊ ရင်မှ . . . အခါခါ၊ ခံစားရစေ၏။

သူ့ကဲ့သို့၊ စီးပွားရေးဘွဲ့လည်း၊ ကျွန်တော် ရယူပြီးသား။

သူ့ကဲ့သို့ . . .အင်္ဂလိပ်စာ ဒီပလိုမာဘွဲ့ကိုလည်း၊ ကျွန်တော် ရယူပြီးသား။

ဒါကိုပင်လျှင် ဝန်ထမ်းဘဝ (လခ,စားအလုပ်အကိုင်) ကို၊ လုပ်ဆောင်နေခဲ့သည့်၊ ကျွန်တော့် အား၊ ကမ္ဘာ့အတုံးဆုံး လူ့မျိုးနွယ်တစ်ဦးအပေါ်၊ ဆက်ဆံ ထင်မြင်သကဲ့သို့၊ ထင်မြင်ချိုးနှိမ်လျက်၊ စကားအရာတို့၊ တင်စီးခဲ့သည့်မှာ၊ အခါခါ။

အထူးသဖြင့်၊ စင်္ကာပူနိုင်ငံသို့၊ ကျောင်းဆက်တက်ဖို့ ထွက်ခွာသွားသည့်နောက်ပိုင်း၊ ပို၍ ဆိုးဝါးလွန်းလေသည်။

"ရှုံးက၊ စငွေလေး . . .ဘာလေး စုထားပေါ့။

များလာရင် ဖျာတစ်ချပ် ခေါင်းအုံးတစ်လုံးလောက်တော့ ဝယ်နိုင်မှာပါ။

ကံဆိုတာ ပြောလို့မရဘူး။ လခ, ထုတ်ပြီးတာနဲ့၊ အောင်ဘာလေထီပါထိုးထားဦးလေ။

လခ,စားလုပ်တာဆိုတော့၊ ငုတ်တုတ်ထိုင်ပြီး၊ ငေါ်တာထက်စာရင်တော့ ချဉ်ပေါင်ဟင်းလေး . .ပဲပြုတ်လေးနဲ့တော့၊ နပ်မှန်အောင်စားနိုင်တာပေါ့"

အထက်ပါ၊ စကားမျိုးများ အပြင်၊ သူ့မိဘ၊ သူ့အသိုင်းအဝိုင်း၊ ဂုဏ်မက်သဖြင့်၊ ကျွန်တော့်ကို၊ ဂုဏ်ကြီးစေချင်ကြောင်း၊ ပြောဆိုမည်တွန်သည်မှာ၊ ခဏ ခဏ။

"ဆွေဂုဏ်မျိုးဂုဏ်ကလည်း၊ မထည်ဝါ၊ ပညာဂုဏ်က,လည်း မတောက်တခေါက်။ နေဂုဏ်

ဆိုတာတော့ ပြောမနေနဲ့တော့”

“သီလဂုဏ်၊ သမာဓိဂုဏ် ဆိုတာကိုရော၊ နင် မကြားဘူးဖူးလား” . . ဟု ကျွန်တော် ပြန်ပက်ဖူးသည်။ “တောက ရှာဦးကျောင်းမှာ သွားပြော” . . ဟု၊ သူ . . .စော်ကား၏။

♥

မြသိန်းတန်ကို ဖုန်းဆက်ပြီး၊ “မင်းနဲ့ ပန်းကတ္တီပါနဲ့ အဆင်ပြေကြရဲ့လား။ ငါ. . . မေးတာ . . .ကတ္တီပါက၊ မပြောဘူး” ဟု၊ မေးမြန်းကြည့်ဖို့ ကျွန်တော်ကြံရွယ်သေးသည်။

သူတို့နှစ်ယောက်လည်း၊ ဘာဖြစ်နေမှန်း မသိသဖြင့်၊ ကြားဝင်သူ မဖြစ်ချင်သောကြောင့် အကြံအစည်ကို ပယ်ဖျက်ရ၏။

♥

ကျွန်တော့် မိဘ. . . ညီအစ်ကို မောင်နှမတို့ကိုပင်လျှင်၊ ရင်ထဲက နှလုံးသားရေးရာ ကိစ္စကို၊ အသိမပေးဖြစ်။

အိမ်ကို၊ ထောက်ပံ့လက်စ,အတိုင်း၊ ထောက်ပံ့သည်။ ရုံးဌာနက၊ ပေးသော၊ မြေကွက်ကိုပင်လျှင်၊ ပြန်ရောင်းပြီး၊ အဖေ အမေကို ကန်တော့ဖို့၊ ကျွန်တော်စီစဉ်သေးသည်။ တစ်မိသားစုလုံးက၊ မရောင်းချဖို့၊ တားသဖြင့်၊ အထ,မမြောက်။

ပန်းကတ္တီပါက,တော့၊ ဈေးကောင်းရသဖြင့်၊ ရောင်းလိုက်သည်

. . .ဟု ဆို၏။

"နင် . . .။ ဟိုတုန်းက ပြောတော့။ မြေကွက်လေးမှာ၊ အိမ်ဆောက်ပြီး၊ နင်နဲ့ မြသိန်းတန်နဲ့ နေကြမှာဆို"

"မင်းသုခ"

"ဟေ"

"ငါ . . .။ မနက်အစောကြီး၊ ထ,ပြီး ဘုရားရှိခိုး၊ သီလ,ခံယူ၊ ခင်ပွန်းကြီးဆယ်ပါး ကန်တော့။ မေတ္တာပို့။ ဗုဒ္ဓနုဿတိပွား။

ပြီးတော့ . . .ဝိပဿနာ ဘာဝနာ ရှု။ အမျှအတန်း ဝေခဲ့တယ်"

"အဲဒီတော့၊ ဘာဖြစ်လဲ"

"မနက်က၊ လုပ်ခဲ့တဲ့. . . ကောင်းမှု ကုသိုလ်စိတ်ကလေး၊ ငါ . . ., မပျက်ချင်ဘူးဟာ။ နင့်စကားထဲမှာ၊ မြသိန်းတန်နာမည် ထည့်မပြော ပါနဲ့တော့။ နော်"

"အေးပါ . . ."

ကျွန်တော့်မျက်နှာ နွမ်းသွားသည်ကို၊ သူ မြင်ပေမည်။ ထို့ကြောင့် သူ . . . အားနာသွားဟန်တူပြီး . . .

"နင်လည်း မြေကွက်ပြန်ရောင်းဖို့၊ လုပ် သေးတာပဲ မဟုတ်လား"

"အေး"

"ဘာဖြစ်လို့ လုပ်သလဲ။ နင်လည်း . . .

အဲဒီ. . . မြေကွက်မှာ အိမ်သေးသေးလေးဆောက်၊

သီနံ့ပင်လေးစိုက်ပြီး၊ ဖူးစာနဲ့ နေမှာဆို"

ထိုအမေးကြောင့်၊ သူ့မျက်နှာကို၊ ကျွန်တော် ငေးကြည့်လိုက်၏။

က်လုံးချင်းဆုံသွားသည့်အခါ၊ ကျွန်တော် . . .၊ အကြည့်လွှဲကာ

ဆေးသို့ ငေးရင်း . . .

"နေဖြစ်တော့မယ် မထင်လို့ပေါ့ ဟာ"

"နင်. . .ငါ့ကိုမေးတဲ့၊ အမေးရဲ့ အဖြေကို၊

နင် . . .ဖြေပြီးနေပါပြီ မင်းသုခ, ရယ်. . ."

တဲ့.ပြန်နှုတ်စကားများ၊ လွင့်ပါးသွားရသည်။

ဝေဒနာ တူချင်းပင်ဖြစ်လင့်ကစား၊ ရင်ဖွင့်သံ, ရင်ပွင့်သံကို၊

းလုံးစုံ၊ မကြားရသေး။ သို့သော် . . .

ရင်နင့်သံတော့ ကြားရပြီ။

♥ ♥ ♥

( ၁၅ )

ရုံးအားရက်၊ ရန်ကုန်သို့ မပြန်ဖြစ်သည့် အခါတိုင်း၊ ပန်းကတ္တီပါ ကို၊ ကျွန်တော် ဘုရားသို့၊ လိုက်ပို့သည်။ ဓာတ်ပေါင်းစုစေတီတော် ရင်ပြင်နှင့် ထိုစေတီတော်၏အနီး၊ မဟာမြတ်မုနိ ဆင်းတုတော်ကြီး၏ ရှေ့မှောက်သည်၊ ပန်းကတ္တီပါ၊ ကမ္မဋ္ဌာန်း စီးဖျန်းနေကျ၊ နေရာများ ဖြစ်၏။

ကျွန်တော်ပင်လျှင်၊ တရားဘယ်လို "ထိုင်ရတာလဲ" . . ဟု၊ ပန်းကတ္တီပါကို၊ မေးမြန်းပြီး၊ တစ်ခါတစ်ရံ အတူလိုက်ထိုင် ဖြစ်သည်။

မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များ၊ လုပ်ဆောင်နေကျ၊ ဘုရား ရှိခိုး . . .သီလယူ . . .မေတ္တာပို့ . . .ပုတီးစိပ် . . .ဝင်လေ . . ထွက်လေ. . .ရှုမှတ် . . .ဆိုတာမျိုးလောက်တော့၊ ကျွန်တော် လိုက်လုပ်နိုင်ပေသည်။

သို့သော်. . ၊ ညီမြင့် တစ်ခါတစ်ရံပြောလေ့ရှိသော၊ ပန်းကတ္တီပါ . . .အစဉ်အမြဲ၊ ဆောင်ရွက်လေ့ရှိသော၊ ဝိပဿနာ ဆိုတာကိုတော့ ကျွန်တော် နားမလည်။ မလုပ်ဆောင်နိုင်။ ဉာဏ် မမီ။

“ဝိပဿနာ ဉာဏ်ပညာမရှိသေးရင်။ မင်းရော . . .ငါရော . . .၊ ဘယ်သူပဲ ဖြစ်ဖြစ်။ တခြား ဘာဉာဏ်တွေပဲ ရှိရှိ၊ ဘယ် လောကစံကိုမှ၊ တည်တည်ကြည်ကြည်၊ ရင်ဆိုင်နိုင်မှာ မဟုတ် ဘူး” ဟု၊ ညီမြင့် ပြောဖူးသေးသည်။ မှတ်သားထားဖြစ်သော်လည်း၊ နားမလည်သည် က. . . ၊ နားမလည်သည်သာ ဖြစ်၏။

ပန်းကတ္တီပါကိုမေးကြည့်ပြန်တော့၊ ခင်ပွန်းကြီးဆယ်ပါးကို ပြစ်မှားခဲ့ဖူးရင်၊ တရားဘယ်လောက်ထိုင်ထိုင်။ ဘာမှ မသိဘူး . . .ဟု၊ ပြောပြ၏။ “ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ဖြုတ်ပစ်နိုင်ပြီဆိုမှ၊ ဝိပဿနာကျင့်လို့ ရမယ်” . . .ဟုလည်း၊ ပြောပြန်သည်။

မည်သူ မည်သို့၊ ပြောပြော၊ ရတနာသုံးပါးကို၊ ကြည်ညိုစိတ်ရင်း ရှိသည်မှအပ၊ ကျွန်တော် . . .ဒီအသက်အရွယ်အထိ၊ တခြား . . .ဘာမှ၊ ...မသိသေး။ (ကျေးရွာရှင်၊ သူတော်ကောင်းကြီးများကို၊ အတိတ်ဘဝ သံသရာမှာတုန်းက၊ စော်ကား ပစ်မှားခဲ့လို့ပဲ . . .ဟုတော့၊ ကိုယ့်ကိုယ်ကို၊ နှိမ့်မှန်းပစ်လိုက်သည်)။

♥

“ကဲ . . .။ ဘုရားက၊ အပြန်။ ငါနဲ့တော့ လိုက်ခဲ့ဦး။ ပြီးမှ၊ နင့် အဆောင်၊ ငါ, လိုက်ပို့မယ်။ နော်”

ပန်းကတ္တီပါက၊ ပခုံးတင် ပဝါလေးနှင့် အထိုင်ခင်းလေးကို၊ ခေါက်တကျ၊ သီးသန့် ခေါက်သိမ်းရင်း . . .

"ဘယ်သွားဦးမှာမို့လို့လဲ"

"အင်တာနက်၊ သွားချင်တယ်ဟာ။ ခဏလေးပါ"

ဖျတ်ကနဲ၊ ကျွန်တော့်ကို တစ်ချက်ကြည့်သည်။ ပြီးမှ၊ အကြည့်လွှဲကာ၊ ခေါင်းညိတ်၏။ (သူ . . .၊ သိပ်, သဘောကျပုံ မရ)

♥

". . .၊ နင်နဲ့ ရည်းစားဖြစ်ပြီးတဲ့ အချိန်ကနေ၊ အခု . . . ဒီ,စာရေးချိန်အထိ၊ နင်ဟာ ငါ့ရည်းစားပါ. . .လို့၊ ငါ့ မိဘ,ကို ငါ. . ., ထုတ်မပြောရဲခဲ့ဘူး . . .မင်းသုခ။

ဘာဖြစ်လို့လဲ ဆိုတော့၊ ငါတို့, အသိုင်းအဝိုင်းကြားမှာ၊ ထုတ်ပြရဲရလောက်အောင်၊ ကြီးမားထည်ဝါတဲ့၊ အရည်အသွေးမျိုး၊ နင့်မှာ . . . မရှိခဲ့လို့ဘဲ။

မရှိခဲ့တဲ့ အပြင်၊ ရှိအောင်လည်း မလုပ်ဘူး။ အဲဒါကြောင့်၊ ဘယ်တော့မှ ရှိလာမှာလည်း မဟုတ်ဘူး. . .လို့၊ ငါ, သိနေပြီ မင်းသုခ။

ကျောင်းမှာတုန်းက,တော့၊ ရည်းစားအဖြစ်၊ တွဲသွား,တွဲလာ . . .အတူနေ, အတူစား၊ လုပ်ရဲခဲ့ပေမယ့်၊ မြင့်မားတဲ့ လူ့အသိုင်းအဝိုင်းကြားမှာ

ရော . . .၊ ပြီးတော့ . . .ဘဝ ဆိုတဲ့၊ ခရီးသက်တမ်းကြားမှာရော၊ တလျှောက်လုံး တွဲသွား,တွဲလာ၊ အတူနေ, အတူစားဖို့၊ ဆိုတာက,တော့၊ အရည်အသွေး အရောင်အဆင်း၊ ဘက်ညီမှဖြစ်လိမ့်မယ် . . . မင်းသုခ။

ဒါဆို . . .ဟိုတုန်းကတည်းက၊ ဘာဖြစ်လို့၊ ချစ်ခဲ့ကြိုက်ခဲ့တာလဲ . . .လို့၊ နင် . . , မေးချင်မှာပဲ။ နင် မမေးခင်၊ ငါ, ဖြေမှာပါ။

နင်, ပိုပြီး နားရှင်းအောင်၊ ဥပမာလေးနဲ့၊ ပြောရရင်၊ ငယ်ငယ်တုန်းက၊ စစ်တိုက်တမ်း ကစားခဲ့ကြသလိုပေါ့။

ပါးစပ်က, ဒိုင်းကနဲအော်ပြီး၊ နီးစပ်ရာအပင်ကို၊ အကာအကွယ်ယူခဲ့ကြရတာလေ။ ပစ်တဲ့သူကလည်း သေစေတဲ့ကျည်ဆံမပါသလို၊ ထိတဲ့သူကလည်း၊ ငှက်ပျောပင်လောက်နဲ့ပဲ၊ အကာအကွယ်၊ ယူထားပေမယ့်၊ ပါးစပ်က အားကနဲအော်ပေမယ့်၊ တကယ် မသေပါဘူး။

ဘာဖြစ်လို့လဲ၊ ဆိုတော့၊ ဒါ . . . ကလေးကစားတာကိုး။

ဒါပေမဲ့ . . .တကယ့် စစ်မြေပြင်မှာ၊ ပါးစပ်က ဒိုင်း . . .လို့၊ အော်ပြီး၊ စစ်တိုက်လို့၊ မရသလို၊ ငှက်ပျောပင်လောက်နဲ့လည်း၊ ရန်သူ့

ကျည်ဆံကို၊ ကာကွယ်နေလို့၊ မရဘူး။

ဘာဖြစ်လို့လဲ၊ ဆိုတော့၊ ဒါ . . . ကလေး ကစားတာ မဟုတ်တော့ဘူးလေ။ ဒါ. . တကယ် စစ်တိုက်နေတဲ့၊ တကယ့် စစ်မြေပြင်လေ။

အဲဒီလိုပဲပေါ့။

မိဘ, အထောက်အကူနဲ့၊ ကျောင်းတက်နေရတဲ့၊ ကျောင်းသူ. . . ကျောင်းသား ဘဝ,မှာ၊ ရည်းစားထားပြီး၊ စိတ်ကူးတွေယဉ် . . .၊ အိပ်မက်တွေ မက်နေခဲ့တာဟာ၊ ကလေးဘဝ, စစ်တိုက်တမ်း ကစားသလိုပါပဲ။ ငှက်ပျောပင်ကို လုံခြုံတဲ့ အကာအကွယ်ထင်၊ သေနတ်မပါဘဲ၊ လက်ညှိုးကွေးပြီး၊ ပါးစပ်က၊ ဒိုင်းကနဲအော်တာကိုပဲ၊ တကယ့်တိုက်ပွဲလို့တွေးမှတ်၊ ပျော်ရွှင်ခဲ့ကြတာ ပေါ့လေ။

အခု . . .အသက်အရွယ်၊ အသိဉာဏ်နဲ့ သေသေချာချာပြောရရင်တော့၊ ဘဝ . . .တိုက်ပွဲကို၊ ပါးစပ် သေနတ်နဲ့၊ ပစ်လို့မရဘူး . . . မင်းသုခ။

မခွဲနိုင်ဘူး . . .တို့၊ လွမ်းလိုက်တာတို့ . . .ဆိုတာ၊ ကျောင်းပိတ်ရက်၊ အိမ်မှာနေကြစဉ်က၊ တွေ့တဲ့အခါပေးဖို့၊ စာရွက်မှာ၊ ရေးထားခဲ့ကြတုန်းက, လောက်ပဲ၊ အသုံးဝင်မယ်။

ဘဝ စစ်တလင်းမှာ၊ လွမ်းစာခွေလေး

တစ်ခွေ နှစ်ခွေလောက်နဲ့ လွမ်းတောင်တန်းကြီး၊ ဘယ်လောက်ကာစီးနေနေ၊ တိုက်ပွဲအတွက်၊ ဘာမှ . . .အသုံးဝင်မှာ မဟုတ်ဘူး။

ဒါ . . .၊ ငါ့,ဘာကို ဆိုလိုနေတယ်ဆိုတာ၊ နင် သိလောက်မှာပါ။ ငါ့, အားမနာတတ်ပေမယ့်၊ အားနာစရာ တချို့တလေကို ထောက်ထားပြီး၊ ဒီလောက်ပဲ ပြောပြပါရစေ။ ဒါပါပဲ။ . . .”

(ဖူးစာခိုင်)

♥

“. . . တစ်သက်လုံးအတွက်၊ မရည်ရွယ်ခဲ့ဘဲနဲ့၊ ချစ်တယ်လို့ . . .၊ ငါ့, ဘယ်ပြောခဲ့ပါ့မလဲ ဖူးစာရယ်။

ငယ်ငယ်တုန်းက၊ စစ်တိုက်တမ်းကစားခဲ့လို့၊ အရွယ်ရောက် လူလားမြောက်တဲ့အခါ၊ စစ်ဗိုလ်ကြီးတွေ၊ ဖြစ်ခဲ့ကြတဲ့၊ သူတွေ . . . အများကြီးပါ။

ငယ်စိတ်ကူးကို၊ အခြေခံပြီး၊ နေ့စဉ် . . . နေ့စဉ်၊ အိပ်မက်,မက်ပြီး၊ စိတ်ကူးအိပ်မက်တွေကို၊ အကောင်အထည်ဖော်ခဲ့လို့၊ တိုးတက်အောင်မြင်ခဲ့တဲ့၊ သူတွေလည်း၊ လောက,မှာ၊ အများကြီးပါ။

အဲဒီလိုပဲပေါ့ဟာ။

လူငယ်ဘဝ, ချစ်ခင်စုံမက်ခဲ့ကြရင်း၊ စိတ်ကူးနဲ့ထားရှိခဲ့ကြတဲ့၊ နှစ်ကိုယ်တူဘဝ ရည်ရွယ်ချက်ကို၊ အတူတကွကြိုးစား အကောင်အထည်ဖော်ခဲ့လို့၊ အရွယ်ရောက်, လူလားမြောက်တဲ့အခါမှာ . . . ဆုံစည်းပျော်ပိုက်ခဲ့ကြတဲ့၊ တူစုံမောင်နှံတွေလည်း၊ အများကြီးပါ။

ငါက၊ နင့်ကို ဘယ်လောက်တောင် ချစ်ခဲ့သလဲ . . .ဆိုရင်၊ နင့်ကို . . .

ငါ့ရည်းစားလို့တောင်၊ မသုံးနှုန်းဘဲ၊ ချစ်သူလို့သာ၊ ခေါ်ဝေါ်သုံးနှုန်း မြတ်နိုးခဲ့ရတဲ့သူပါ။

ဒါကို . . .နင်၊ သိခဲ့ . . .မြင်ခဲ့ . . ခံစားခဲ့ရမှာပါ။

လူဆိုတာ၊ မတိုးတက် မအောင်မြင်ချင်တဲ့သူ၊ မရှိပါဘူးဟာ။ ဒါပေမဲ့ . . ., ကိုယ့်အထွာကိုယ်သိဖို့တော့၊ လိုတာပေါ့ဟာ။ ကြွက်ရဲ့, အထွာနဲ့ဆင်ရဲ့ အထွာတော့၊ ဘယ်တူပါ့မလဲ။

ပင်လယ်ပြင်ကို၊ သင်္ဘောကြီးနဲ့ ခရီးနှင်ဖြတ်သန်းရင်၊ ပိုပြီးခရီးတွင်မယ်ဆိုတာ၊ လူတိုင်းသိတယ်။ သင်္ဘောကြီး မရှိတဲ့သူအနေနဲ့၊ မဖြစ်မနေ၊ ပင်လယ်ကိုဖြတ်သန်းရမယ်ဆိုရင်လည်း၊ နိုင်ခန့်တဲ့လှေငယ်လောက်နဲ့လည်း ခရီးရောက်နိုင်ပါတယ်

ဟာ။

သဘော်ာပေါ်က,နေ၊ လှေငယ်ကို အထင်သေးရမှာမဟုတ်ဘူး . . .ဖူးစာ။ တကယ်က, လှေပေါ်မှာထိုင်ပြီး၊ ကိုယ့်လှေ ကိုယ်မလှော်ဘဲ၊ သဘော်ာကိုငေးပြီး၊ အားကျနေသူမျိုးကိုသာ၊ နင် . . . အထင်သေးသင့်တာပါ။

ဘာပဲဖြစ်ဖြစ်လေ။ အခုအခါမှာ၊ နင့်စကားတွေကို၊ ဖတ်ရတာ၊ ငါနဲ့နင် မဖြစ်နိုင်ဘူး . . .ဆိုတဲ့၊ အဓိပ္ပာယ်ကို၊ ဖော်ဆောင်နေပြီဆိုတာ၊ တစ်နေ့ တခြား၊ ငါ.., ပိုပိုပြီး နားလည်လာပါတယ်။

ဒါကြောင့် . . .မဖောက်လွဲမဖောက်ပြန် ချစ်ခင်စုံမက် မြတ်နိုးတွယ်တာနေရတဲ့၊ ယောကျ်ား တစ်ယောက်ကို၊ အပြစ်မရှိအပြစ်ရှာနေတဲ့၊ မိန်းမသားတစ်ယောက်၊ အထင်ကြီး . . . လက်ခံအောင်၊ ငါ . . .ဘာမှ လုပ်ပြနိုင်မှာ မဟုတ်တဲ့အတွက်၊

နင်ပြောတဲ့၊ နင့်ဘဝ,ခရီးအတွက်၊ ငါ . ., မပါဝင်တော့ပါဘူး ဆိုတဲ့၊ အကြောင်း. . . လမ်းခွဲစကားကို၊ ငါက,ပဲ . . .စ,ပြောလိုက်ပါ့မယ် ဖူးစာ။

အခုက . . .စပြီး၊ နောက်ဆုံး ထွက်သက်အထိ၊ ငါ့ ဘဝ,မှာ၊ နင် . . . မရှိတော့ပါဘူး။

ဒါပါပဲ . . .။ ။

(မင်းသုခ) . . .”

♥

ပေးပို့သည့် ခလုတ်ကို၊ နှိပ်လိုက်တော့မည့်၊ လက်ပြင်စဉ်၊

“မင်းသုခ”

အနားမှ၊ ပန်းကတ္တီပါ၏၊ ခေါ်သံကို နီးကပ်စွာ၊ ကြားလိုက်ရသည်။ ဖူးစာခိုင်ထံသို့၊ ပေးပို့တော့မည့်စာကို၊ သူ ဖတ်နေသည်မှန်း၊ ကျွန်တော် မသိ။

“ဘာလဲ . . . ကတ္တီပါ”

ကျွန်တော့်လက်အနီးရှိ၊ ကွန်ပျူတာ ရွှေ့ညွှန်းကရိယာငယ်ကို၊ ယူပြီး၊ ကျွန်တော် ရေးထားရာ၊ စာကြောင်းများ အားလုံးကို၊ ပန်းကတ္တီပါ ဖျက်စီးပစ်လိုက်လေ၏။

“ဘာလုပ်တာလဲ . . .ကတ္တီပါ”

အမေးကို မဖြေဘဲ၊ ကွန်ပျူတာကိုပါ၊ အပြီးပိတ်လိုက် ပြီး . . .,

“ငါ့ကို၊ ရေပန်းဥယျာဉ်လိုက်ပို့ပေး။
လာ . . .”

“နင် . . .ဘာဖြစ်လို့၊ ငါ့စာကို၊ ဖျက်
လိုက်တာလဲ။ ပြော . . .”

“အေး . . .ပြောမယ်။
ဟိုရောက်မှ ပြောမယ် . . .လာ . . .လာ”

ငယ်ရွယ်သူကို၊ ချော့မော့သော လေသံဟာန်ပန်ဖြင့်၊ ပန်းကတ္တီပါ

ဟာ၏။ ကျွန်တော် . . .စိတ်ဆိုးချိန်ပင် မရ။

( ၁၆ )

"ငါတို့နှစ်ယောက်၊ အခုအချိန်က၊ စပြီး၊ ပွင့်ပွင့်လင်းလင်း ပြောကြရအောင်။ နော် . . . မင်းသုခ"

စကားအဓိပ္ပာယ်ကို၊ သေသေချာချာ မသိသေးသော်လည်း၊ အကြောင်းတော့ရှိလိမ့်မည်ဟု၊ နားလည်သဖြင့်၊ ကျွန်တော် ခေါင်းညိတ်လိုက်သည်။ ပန်းကတ္တီပါက၊ ကျွန်တော့် ရှေ့တည့်တည့်တွင်၊ ထိုင်ပြီး . . .

"လေယာဉ်ကွင်းကို၊ လိုက်ပို့တဲ့နေ့တုန်းက၊ ဖူးစာခိုင်ရဲ့ မိဘ,တွေနဲ့ မြသိန်းတန်ရဲ့ မိဘ,တွေ . . .၊ နေ့လည်စာ ထွက်စားကြတဲ့အချိန်၊ နင်နဲ့ဖူးစာခိုင်နဲ့၊ ငါနဲ့ မြသိန်းတန်နဲ့။ စကားပြောခွင့်၊ ရခဲ့ကြတာ နင် . . ., မှတ်မိတယ် မဟုတ်လား"

မြသိန်းတန်ကို၊ "မောင်" . . . ဟု၊ နာမ်စား၊ မသုံးတော့။

းစာခိုင်ကို ဖူးစာ . . .ဟု၊ နာမ်စား မသုံးတော့သည်ကို၊ သတိပြု မိသကဲ့သို့၊ သူ ပြောပြရာ၊ ကာလ,ကိုလည်း၊ ကျွန်တော် သတိတရ၊ မှတ်မှတ်မိမိ ရှိနေသည်။

"အေး။ ငါ, မှတ်မိပါတယ်"

"အဲဒီတုန်းက၊ နင်နဲ့, ဖူးစာခိုင်နဲ့၊ နှစ်ကိုယ်ကြား၊ စကားပြောခွင့်ရကြသလို။

ငါနဲ့ မြသိန်းတန်လည်း၊ နှစ်ကိုယ်ကြား၊ စကားပြောခွင့်၊ ရလိုက်ကြတယ်။ နော်"

"အေး"

"အဲ့ဒီတုန်းက၊ ဖူးစာခိုင် နင့်ကို၊ ဘာပြော သလဲ"

ဒါကတော့၊ အသေးစိပ် ပြန်သတိရ,ရမည့် ကိစ္စဖြစ်သဖြင့်၊ အချိန်အနည်းငယ်၊ ကျွန်တော် ပြန်စဉ်းစားရသည်။

စဉ်းစားနေစဉ်၊ ပန်းကတ္တီပါက,

"အသေးစိပ် ပြောပြပါဟာ"

စဉ်းစားရင်း၊ ကျွန်တော် ခေါင်းညိတ်လိုက်။

♥ ♥ ♥

"ဟဲ့ . . .၊ ကိုမင်း။ အတင့်မရဲနဲ့လေ၊ လူကြီးတွေ. . .၊ တွေ့သွားမယ်"

"စားသောက်ဆိုင်သွားကြတယ်လေဟာ၊ ချစ်သူချင်း၊ လက်ဖျားလေးကိုင်မိတာ၊ ဘာဖြစ်လို့လဲ။

မကြာခင်၊ ခွဲကြရတော့မယ့်ဟာ။ လက်ဖျားလေး၊ ကိုင်ထားတာလောက်ကို၊ ကပ်စေးမနဲစမ်းပါနဲ့ ဖူးစာရယ်။ နော်. . ."

"ဘေးမှာ . . . တခြားလူတွေ . . . ရှိနေတာ နင်, မသိဘူးလား"

"တခြားလူတွေက၊ နင့်ဆွေမျိုးတွေမှ၊ မဟုတ်တာ။

လူရှေ့သူရှေ့မှာ၊ ဘယ်တုန်းက၊ ငါ . . ၊ ဒီလို လုပ်ဖူးလို့လဲ။ အခု . . .ခွဲရတော့မှာမို့လို့၊ လက်ချင်းချိတ်ခွင့်၊ မရတော့မယ့် အတူတူ၊ နင့်လက်ဖျားလေးကို၊ ငါ . . . ဆုတ်ကိုင်ထားမိတာပါ။

ဟိုမှာ . . .မြသိန်းတန်နဲ့ ကတ္တီပါတောင်မှ၊ တီးတိုး တီးတိုးနဲ့။ နာရီဝက်သာသာလောက်တော့၊ လွတ်လွတ်လပ်လပ်၊ လွမ်းခွင့်ပြုပါဟာ"

မျက်စောင်းထိုးသည်။ (ထိုးနေကျ မျက်စောင်း)။

"နင်သာ၊ ကုမ္ပဏီပိုင်ရှင်၊ စီးပွားရေး

လုပ်ငန်း၊ ထည်ထည်ဝါဝါရှိတဲ့သူဆိုရင်၊ အခုလို၊ ခိုး . . .လွှမ်းစရာမလိုဘူးလေဟာ။ နော်။

ခိုးချောင်ခိုးဝှက်၊ ပြုမူရတယ်ဆိုတာ။ ဘယ်ကိစ္စမှာ ဖြစ်ဖြစ်၊ အားနည်းချက် ရှိနေလို့ပဲပေါ့”

မချိုပြုံးလေးဖြင့်၊ ခနဲ့တဲ့တဲ့၊ ပြောသည်။ (ပြောနေကျ စကား)။

သူ . . ., ဘာပြောပြော၊ သူ့ လက်ခလယ် လက်ချောင်းလေးကို၊ ကျွန်တော် မလွှတ်။ ခိုးချောင်ခိုးဝှက် ဆုတ်ကိုင်ထားရသည်။

♥

“အဲဒီ လောက်ပါပဲ။ တခြား ထွေထွေထူးထူး ဘာမှ၊ မပြောပါဘူး။ ငါက,တော့၊ ထုံးစံအတိုင်း၊ အမြန်ပြန်လာနော်, ဖုန်းဆက်မယ်နော်, စာမျှော်နေမယ်နော်, လွမ်းနေမယ်နော် . . .တွေ, ပြောနေမိတာပေါ့” . . .ဟု၊ ပန်းကတ္တီပါကို၊ ကျွန်တော် ပြောပြ၏။ ပန်းကတ္တီပါက၊ သေချာစေရန်၊ ထပ်မေးပြန်သည်။

“တခြား . . .၊ ဘာ အကြောင်းမှ၊ ပြောမသွားဘူးပေါ့”

“အေး”

“ကဲ. . .။ ငါလည်း၊ နင့်ကို၊ ပွင့်ပွင့်လင်းလင်း ပြောပြမယ်နော်။ သေသေချာချာ နားထောင်”

ဖူးစာခိုင်ထံသို့၊ ရေးပို့မည့်၊ ကျွန်တော့် စာကြောင်းတွေကို၊

ဘာကြောင့်၊ ဖျက်ပစ်လိုက်ရသလဲ ဆိုတာ၊ ပန်းကတ္တီပါ၏ ပြောစကား တွေထဲမှာ၊ ယခုအချိန်အထိ၊ မပါဝင်သေး။

♥

"ပန်း"

"ပြောလေ . . .မောင်"

"မောင် အခုပြောမယ့်စကားကို၊ သေသေ ချာချာ နားထောင်နော်"

"အင်း"

"ဟိုရောက်ပြီးမှ၊ ပြောမလို့ပဲ။ အခု . . . စကားပြောခွင့်ရလို့။ အခုပဲ၊ ပြောခဲ့တာ ကောင်းမယ် . . .လို့၊ စဉ်းစားဖြစ်တာ"

"ပြော"

"မောင် ပြောတဲ့အကြောင်းကို၊ မင်းသုခ,ကို၊ မသိစေချင်သေးဘူး"

"ဘာဖြစ်လို့လဲ။ ဘာအကြောင်း မို့လို့လဲ"

"သူ့ကို၊ ဖူးစာခိုင်ပြောလိမ့်မယ်။ မောင်က . .၊ ပန်းကိုပြောမှာလေ"

"ဘာ အကြောင်းများလဲ မောင်ရယ်"

"ဒီလို . . .။ ဖူးစာနဲ့ မောင်နဲ့က၊ ပြီးခဲ့တဲ့ တစ်ပတ်လောက်မှာ၊ စေ့စပ်ထားကြတာ"

"ဘာ"

"နားထောင်ဦး . . .နားထောင်ဦး။ မိဘ, တွေကို ငြင်းလို့မရတာနဲ့၊ သတင်းစာထဲ မထည့်ချင်ဘူး . . . လို့တော့၊ တောင်းဆို နိုင်ခဲ့ကြတယ်။

ဟိုမှာ . . .၊ ကျောင်းတကယ်သွားတက်ကြမှာပါ။ ပြီးရင် . . . ဟိုမှာပဲ အခြေချကျမှာ"

"အာ . . .။ အဓိပ္ပာယ်မရှိတာ"

"နားထောင်ဦး. . ၊ နားထောင်ဦး။ ဒီကြားထဲမှာ၊ မောင်က . . .ရတဲ့နည်းနဲ့၊ ပြန်လာနိုင်အောင် ကြိုးစားမှာ။

အခုအချိန်မှာတော့၊ ဟိုမှာ . . . ကျောင်းတက်ချင်တာကြောင့်၊ မိဘ,အလိုကို၊ လိုက်ပေးနေတာ"

"ဖူးစာက၊ မကန့်ကွက်ဘူးလား"

"ဟင့်အင်း။ မကန့်ကွက်ဘူး။ သူ့မှာ၊ မင်းသုခ, ရှိတယ်ဆိုတာ၊ သူ့အိမ်ကို မပြောဘူး"

"မောင်က,ရော. . ."

"မောင်လည်း၊ မောင့်ချစ်သူက . . .၊ ပန်းပါ. . .လို့၊ ဘယ် ပြောမလဲ။ ပြောလိုက်ရင်၊ အခုတောင်၊ ဒီမှာ. . . ပန်းနဲ့စကားပြောခွင့် ဘယ်ရပါ့မလဲ။ အားလုံးက၊ ပန်းကို၊ မင်းသုခရဲ့ ရည်းစားလို့၊ ထင်နေကြတာလေ"

"အခု . . .၊ ပန်းကို၊ မောင်ပြောတဲ့ ရည်ရွယ်ချက်က၊ ဘာလဲ။

အသိပေးတားလား။ နောက်ဆုတ်ခိုင်းတာလား"

"မဟုတ်ဘူး၊ မဟုတ်ဘူး။ ဘာမှ၊ မဟုတ်ဘူး။ ဟိုရောက်မှ၊ လှမ်းပြီး ဆွေးနွေးရင်၊ နားမရှင်းမှာစိုးလို့၊ အခု . . .ပြောပြထားတာ။

မိဘ,တွေကို၊ အယုံသွင်းပြီးသွားတယ်။ အချိန်တန်ရင်၊ ကိုယ်လုပ်ချင်ရာ . . . ကိုယ်လုပ်မယ်။

အဲဒါကို၊ ပန်း နားလည်အောင်၊ ကမန်းကတန်း ရှင်းပြတာ။

မင်းသုခ,ကို၊ မပြောနဲ့ဦးဆိုတာက၊ သူက၊ သူ့ရည်းစား . . .ဖူးစာကို၊ မေးလိုက် မြန်းလိုက်လို့၊ ပြဿနာဖြစ်ရင်၊ မောင်နဲ့ပန်းနဲ့ ကိစ္စပါ၊ ဒုက္ခဖြစ်မယ်။

အဲဒါကြောင့်၊ မင်းသုခ, ကိုတော့၊ မသိစေချင်သေးဘူး။ နောက်မှ . . ., ဖူးစာ ရှင်းပြလိမ့်မယ်၊ ထင်တယ်"

"ဖူးစာ ရဲ့၊ သဘောထားက,ရော"

"မောင့်လိုပဲ . . . ထင်ပါတယ်။ သူက . . .မိန်းကလေး ဆိုတော့၊ မိဘ,ကို ဆန့်ကျင်ရမှာ၊ နည်းနည်းတော့ကြောက်မှာပေါ့။

ဟိုရောက်တာနဲ့၊ ဘာဆက်လုပ်ကြမယ် ဆိုတာ၊ မောင် . . .လှမ်းပြောမယ်လေ။ နော်"

". . . . . .။

. . . . . . . . ."

♥

"တစ်လ,လောက်ကြာတာနဲ့၊ သူ . . . ပြန်ပြေးလာမယ်. . .လို့၊ ငါ့ကို၊ ပြောသွားတယ်။

လေယာဉ်ကွင်းမှာ၊ ပြောနေတုန်း က, လည်း၊ မြသိန်းတန် စကားကို၊ ငါ. . . မယုံကြည်ဘူး။

နောက်ပိုင်း အင်တာနက်ကနေပြောကြဆိုကြတဲ့၊ စကားတွေကိုလည်း၊ ငါ . . .မယုံဘူး။

နင့်ကို၊ အသိမပေးပါနဲ့ . . .လို့၊ သူတားခဲ့လို့၊ ငါ . . .အသိမပေးခဲ့တာ မဟုတ်ဘူး။ မင်းသုခ။

နင့်သူငယ်ချင်း၊ ညိုမြင့် ခေါ်သလို၊ နင်က . . ., ခပ်တုံးတုံး၊ ခပ်အအ,ဆိုတော့၊ ဘယ်လိုမှ၊ ဖြေရှင်းလို့မရနိုင်တော့တဲ့ ပြဿနာကို၊ နင် . . . စောစောသိရင်၊ စောစော စိတ်ဆင်းရဲမှာစိုးလို့၊ ငါ . . . မပြောခဲ့တာပဲ။

မြသိန်းတန်စကားကို၊ လိုက်နာလို့ မပြောခဲ့တာမဟုတ်ဘူး။

ဒါတောင်၊ လေယာဉ်ကွင်းက၊ ပြန် ပြန်ချင်း၊ ငါ . . .ငိုမိပါသေးတယ်။

ဘာဖြစ်လို့၊ ငိုတာလဲ. . .ဆိုတာ၊

နင် . . .မေးပေမယ့်၊ ငါ . . .မဖြေခဲ့ပါဘူး။

ငါက. . . မိန်းမသား။ မြသိန်းတန်ရဲ့ မိဘ၊ လောက်လည်း၊ ငါ့ မိဘက၊ မချမ်းသာဘူး။ ပြီးတော့ . . .၊ ငါတို့က၊ သူငယ်ချင်းတွေ။

သူငယ်ချင်း သံယောဇဉ်ကို၊ အကာ အကွယ်ယူ။ မိန်းမသား . .ဆိုတဲ့၊ အားနည်း ချက်ကိုအညှာကိုင်။ အသိုင်းအဝိုင်း အရှိန်အဝါကို၊ ခုတုံးလုပ်ပြီး၊ ငါ့ကို ညင်ညင်သာသာ နောက်ဆုတ် ခိုင်းသွားတာကို၊ ငါ, ချက်ချင်းသိတယ်။

စက်ဘ်ပူနိုင်ငံအထိ လိုက်ပြီး၊ ငါ . . သူ့ကို၊ သတ်မပစ်နိုင်ဘူး. . .လို့၊ မြသိန်းတန် ထင်ခဲ့ပုံ ရတယ်။

လိုက်သတ်ဖို့ အထိ၊ ငါ. . .စဉ်းစား ဖူးတယ် . . .မင်းသုခ။

အရင်သိရတဲ့သူက၊ အရင်၊ အ,ကုသိုလ် ပွားခဲ့မိတာပေါ့ဟာ။ နင်က . . အခုမှသိခွင့်ရတာ၊ ကံကောင်းတာပေါ့။

အ,ကုသိုလ် . . .မကြီးတော့ဘူးပေါ့"

ကျောက်ရုပ်ကဲ့သို့၊ ကျွန်တော် ငြိမ်ဆိတ်သွားရသည်။ ဆင်းရဲသာ၊ ဝေဒနာ ဟူသည်ကား၊ အပြင်းအထန် အမြင့်မားဆုံးကို၊ ကျွန်မြောက်ပြီးသည့်အခါ၊ ဆက်လက်၍ မပြင်းထန်နိုင်တော့သကဲ့သို့၊ ရင်နှင့်မဆန့်နိုင်လောက်အောင်၊ ကြီးမားသော၊ ဝေဒနာ အစိုင်အခဲ၏၊ ပြင်းထန်အားသည်၊ ကိုယ်ခန္ဓာတစ်ခုလုံးကိုပင်၊ တောင့်တင်းငြိမ်သက်သွားစေ၏။

ပြင်းထန်စွာ ရွာသွန်းပြီးသော၊ မိုးကောင်းကင်တွင်၊ မိုးရိပ်၊ မိုးငွေ့တို့၊ မကြွင်းကျန်ရစ်တော့သကဲ့သို့၊ အသည်း . . .ရင် . . .နှလုံးသားအတိုက်၌ မီးအမြှုက်ခံလိုက်ရပြီးသောအခါ၊ ဆက်လက်လောင်ကျွမ်းစရာမရှိတော့ဘဲ၊ ပြာမှုန်အထိ ပြီးသကဲ့သို့၊ ခန္ဓာတစ်ခွင်တွင်၊ လောင်မြိုက်စရာ ဘာမျှမရှိတော့။

"ငါ . . .၊ ဖူးစာ . . .။ အဲ . . . ဖူးစာခိုင်
ဆီကို၊ ရေးတဲ့ . . .စာကို၊ နင် . .၊ မပို့စေချင်တဲ့၊
ရည်ရွယ်ချက်က . . ."

ပန်းကတ္တီပါက . . .၊ မြက်ခင်းစိမ်း၏ တဆုံးသို့ ငေးမောရင်း . . .

"သူ့ . . .အမှန်အတိုင်း၊ ပြောဖို့ ခက်နေတဲ့
အတွက်။

နင့်ကို ချိုးနှိမ်တဲ့ . . .စကား၊ ချိုးနှိမ်တဲ့ .
. .စာတွေပဲ၊ ပြောနေရေးနေတော့မှာပေါ့။

ပြောရင်း . . .ရေးရင်း . . .ပြောပါ . .

.ရေးပါ၊ များလာတော့၊ နင် . . .တဖြည်းဖြည်း၊ စိတ်နာလာမယ်လေ။

အဲဒီလို . . .စိတ်နာလာပြီးရင်၊ နင်က . . .စ,တင် လမ်းခွဲမယ့်စာကို၊ ရေးတော့မယ်လေ။

ရေးတဲ့အခါကျတော့၊ နင်က, စ,ဖြတ်တယ်၊ နင်က, စ,တင် လမ်းခွဲတယ် . . .လို့၊ အဓိပ္ပာယ် သက်ရောက်သွားမှာပေါ့။

ရှေ့မှာ . . .

ဖူးစာခိုင် နင့်ကို၊ ချိုးချိုးနှိမ်နှိမ်တွေ၊ ပြောခဲ့ဆိုခဲ့တာ။ သူ ကိုယ်တိုင် သူတစ်ပါးနဲ့၊ စေ့စပ်ထားတာ မပေါ်လွင်တော့ဘဲ၊ နင်, ဖြတ်လိုက်လို့၊ သူ . . .ကျန်ရစ်ခဲ့ရပါတယ်ဆိုတာပဲ၊ ပေါ်လွင်သွားမှာပေါ့။

အဲဒါကြောင့် . . .,

နင့်စာကို၊ ငါ ဖျက်ပစ်လိုက်တာပဲ။ နင် . . .၊ ငါ့စကားတွေအပေါ် မယုံကြည်နိုင်သေးရင်၊ ခဏ စောင့်ကြည့်ပါဦးဟာ။ ဒါမှ . . .မဟုတ်၊ လုံးဝ . . .အယုံအကြည်မဲ့တယ်ဆိုရင်လည်း၊ နင့် သဘောပါပဲ။

ဖြတ်စာကို၊ နင် . . .ရေးချင်ရင်၊ ရေးလိုက်ပေါ့”

“မရေးပါဘူး”

"ရည်းစားပစ်သွားတာ၊ ခံရတဲ့ကောင်. . .လို့၊ ညီမြင့် နင့်ကို၊ နောက်တယ် ဆိုတုန်းက၊ နင် . . .သိသွားပြီတောင်၊ ငါ . . .ထင်မိတာ။

အဲဒါကြောင့်၊ နင့်ကို၊ ငါ . . . စကားနိူက်ခဲ့ပါသေးတယ်။ အဲ့ဒီကတည်းက၊ ပြောလည်းပြောပြချင်၊ နင့်ကိုလည်း . . . စောစောစီးစီး မခံစားစေချင်နဲ့၊ ငါ. . .တော်တော်၊ စိတ်ဝန်ပိခဲ့တယ်"

"အဲဒါတွေ. . .အတွက်၊ ငါ . . . ကျေးဇူးတင်ပါတယ် ကတ္တီပါရယ်"

"မိန်းကလေးတစ်ယောက် အနေနဲ့၊ သူတစ်ပါးကိစ္စ၊ ဝင်မပါချင်ပေမယ့်၊

သူငယ်ချင်းတစ်ယောက်အနေနဲ့တော့၊ ငါ . . .ဝင်ပါရမှာပဲလေ။

ပြီးတော့ . . .၊ ပြဿနာက၊ နင့်ပြဿနာက၊ ငါ့ပြဿနာနဲ့ ထပ်တူကျနေတော့။ နှစ်ယောက်အနက်တစ်ယောက်သက်သာအောင်၊ ငါ . . . အချိန်ဆွဲခဲ့တာလည်း ပါတာပေါ့"

"ငါ. . .၊ သူ့ကို၊ ဖြတ်စာရေးဖို့၊ မလိုတော့ဘူးပေါ့။ နော်"

"လိုမလို . . .၊ နင် . . .စောင့်ကြည့်ပေါ့ဟယ်"

ညိုမြင့် နင့်ကို ခေါ်သလို၊ တေုံးလို့၊ ငါ..
. မခေါ်ရက်ဘူး။

ရိုးတဲ့ အ,တဲ့ သူ ကို၊ သစ္စာမဲ့ တဲ့ သူ က၊
သူခိုးက လူ . . .လူဟာစ်သလိုမျိုးလုပ်မှာ၊ ငါ . . .
မလိုလားဘူး"

တည်ငြိမ်လှသော၊ ပန်းကတ္တီပါကို၊ ကျွန်တော် အားကျစွာ၊
ငေးကြည့်ဖြစ်သည်။

"တချို့ စစ်ရေးတွေမှာ၊ သတ်ကွင်း ဟုတ်
. . . မဟုတ်၊ သိချင်တဲ့အတွက်၊ တစ်ဖက်က၊
အခြားတစ်ဖက်ကို၊ သေနတ် တစ်ချက် နှစ်ချက်,
ပစ်ကြည့်တယ်။

အဲဒါကို၊ ထက်မြက်ပြီး၊ သတိကြီးတဲ့
တစ်ဖက်က လုံးဝ . . .ပြန်မပစ်ဘူး။

သေနတ် တစ်ချက် နှစ်ချက်လောက် ပစ်ပြီး၊
ဘာတုံ့ပြန်မှုမှ၊ မရှိလောက်ဘူး ထင်တဲ့အခါ၊
စစ်ကြောင်းရွေ့ဆက်တယ်။ အဲ . . . အဲဒီလို၊
တက်လာတော့မှ၊ စောစောက၊ ငြိမ်နေတဲ့ဘက်က၊
ဖိ . . .တိုက်ပါလေရော။ အဲဒါကို၊ သတ်ကွင်းလို့၊
ခေါ်တယ်။

ရန်သူ သွားဖို့လမ်းလည်း၊ ပေးထားတယ်။
ရန်သူက၊ သေနတ်ဖောက်တာတောင်၊ တုံ့ပြန်မှု၊
မလုပ်ဘူး။ ရန်သူ . . .ကျွံဝင်လာတော့မှ အပြုတ်

တိုက်ပစ်တာ"

ပန်းကတ္တီပါ၏ ဥပမာစကားကြောင့်၊ စိတ်နှလုံးပင် ကြည်လင်လာရသည်။

"တချို့နိုင်ငံရေးတွေမှာလည်း၊ ကိုယ့်ဒေသမှာ၊ ကိုယ့်ဘာသာ ဖောက်ခွဲမှုလုပ်ပြီး၊ တစ်ဖက်အတိုက်အခံကို၊ စွပ်စွဲပြီး၊ သွေးတိုးစမ်းတာမျိုးလည်း၊ ရှိတတ်တယ်။

အတိုက်အခံဘက်က၊ ကျုပ်တို့ . . . ဒီဖောက်ခွဲမှု၊ မလုပ်ဘူး။ ကျုပ်တို့က ဘယ်လိုနေတာ၊ ဘယ်လိုထိုင်တာ၊ ဆိုတာမျိုး၊ စကားကျွံထွက်လာတဲ့အခါ၊

အတိုက်အခံရဲ့၊ အင်အား အခြေအနေကို ခန့်မှန်းရလွယ်သွားတာပေါ့။

တစ်ခါတစ်ရံ၊ အတိုက်အခံအုပ်စုဘက်က၊ သိပ်ပြီး. . . ငြိမ်နေရင်၊ အာဏာရ အစိုးရဘက်က,ပဲ၊ တမင်ဗုန်းခွဲပြီး . . . သွေးတိုး စမ်းကြည့်ကြတာ။

ဘယ်အဖွဲ့အစည်းက၊ ဗုန်းခွဲသွားပါတယ် . . .ဆိုတာမျိုး၊ တမင် သတင်းထုတ်ပြန်တယ်။ အဲ့ဒီအခါ၊ ခုနက. . . ငြိမ်နေတဲ့ အဖွဲ့အစည်းက၊ ကျုပ်တို့မခွဲဘူး။ ကျုပ်တို့က . . .ဘာလုပ်နေတာပါ . . . ဆိုတာမျိုး၊ ကာကွယ်ပြောဆိုတဲ့အခါ၊ ငြိမ်နေတဲ့၊ သူတို့ရဲ့၊ အခြေအနေကို၊ အာဏာရအစိုးရက၊

သိခွင့်ရသွားတာပေါ့။

အခုလည်း၊ နင့်အဖြစ်က၊ အဲဒီလိုပဲ။

နင်. . .ငြိမ်နေမှာလား. . .၊ ပေါက်ကွဲမှာလား။ နောက်ဆုတ်မှာလား။ သိရဖို့အတွက်၊ ဖူးစာခိုင်က၊ နင့်ကို၊ သေနတ်သံလေး တဖောက်ဖောက်၊ ပစ်ပြနေတာလေ။

ဟိုက . . .သေနတ်လေးနဲ့ ပစ်ပြနေတာကို၊ နင်က . . .လက်နက်ကြီးသံပေးလိုက်လို့က,တော့၊ ရန်သူကို၊ နောက်ထပ်ဗျူဟာတစ်မျိုးနဲ့ ထပ်တိုက်ပါ. . .လို့၊ အသိပေးလိုက်သလိုမျိုး၊ ဖြစ်သွားမှာ အမှန်ပဲ။

ဖူးစာခိုင်ရဲ့၊ ရည်ရွယ်ချက်လိုရင်းက၊ နင်က . . .စ,ဖြတ်တာကို၊ လိုချင်တာလေ။ နင် . . . စ,ဖြတ်လိုက်တော့မှ၊ သူလုပ်ချင်တာကို၊ သူ . . . ဘာသာလုပ်တာတောင်၊ နင် . . .စ,ဖြတ်လို့၊ လုပ်တာပါ. . .လို့၊ အကြောင်းပြစရာရသွားမှာပေါ့။

ငါ . . .နင်တို့ သမီးရည်းစားကြားထဲ၊ ဝင်ပါနေတာ၊ မဟုတ်ဘူးနော်။ ငါ . . . သူငယ်ချင်းတစ်ယောက်၊ လုပ်ရမယ့် အလုပ်ကို၊ လုပ်နေတာ"

"ငါ. . .၊ နားလည်ပါတယ် ကတ္တီပါရယ်။ ငါ . . .၊ ကျေးဇူးလည်းတင်ပါ တယ်။

နင့် သတိပေးစကားက၊ ငါ့အတွက်

တန်ဖိုးကြီးပါတယ်"

"သေနတ်လေး တစ်ချက်နှစ်ချက် ဖောက်တာကို၊ လက်နက်ကြီးနဲ့ ပြန်ပစ်လိုက်မိရင်။

လက်နက်ကြီးနဲ့တောင်ပစ်တယ်။ ရန်သူအင်အားကြီးတယ်။ မြေပြင်က, တိုက်လို့၊ ရမှာမဟုတ်ဘူး။

ဝေဟင်က, တိုက်ပါ . . .လို့၊ ဗျူဟာပြောင်းတိုက်ခိုင်းလိုက်သလိုမျိုး၊ တစ်ဖက်ကို၊ ထိုးစစ်ဆင်ဖို့၊ သင်ပေးလိုက်သလိုမျိုး၊ ဖြစ်သွားတတ်တယ်. . .မင်းသုခ။

ဖူးစာခိုင် . . .ဘာပြောပြော။ နင် . . ., ဘာမှ မတုံ့ပြန်တဲ့အခါ။ သူ လုပ်ချင်တာကို၊ သူ နင့်အပေါ် အပြစ်ရှာပြီး၊ လုပ်လို့မရတော့ဘူး။ သူ့ဘာသာ၊ ပေါ်ပေါ်တင်တင်၊ သစ္စာမဲ့ပြီး၊ လုပ်မှ ရတော့မယ်လေ။ ငါ . . . ယူဆ,တာတွေကို နင်. . . သဘောပေါက်ရဲ့လား"

"ပေါက်ပါတယ်။ နားလည်း. . . ရှင်းတယ်။ ကျေးဇူးလည်း . . .တကယ်တင်တယ်။

နိုင်ငံရေး . . .စစ်ရေးတွေနဲ့တောင်၊ နှိုင်းပြ၊ ရှင်းပြတဲ့၊ နင့် အရည်အချင်းကိုလည်း၊ ငါ . . . အံ့သြမိတယ်"

"ဟဲ့ . . .၊ ငါက မိန်းကလေး။ ကိုယ်ပိုင်
အသိတော့၊ ဘယ်ဟုတ်ပါ့မလဲ။ ဦးကြီး . . .
ဘကြီးတွေရဲ့ စကားဝိုင်းက၊ ကြားရတဲ့ ဗဟုသုတ
တွေ . . .မှတ်ထားရတာပါ"

"ငါ့. . .သူငယ်ချင်းတွေအားလုံး၊ အားလုံး
တော်ကြပြီး၊ ငါ . . ., ညံ့များညံ့နေတာလား . . .
မသိဘူး"

"နင်က ညံ့တာမဟုတ်ပါဘူး။ ရိုးလွန်း
တာပါ။

ကွေ့ကွေ့ကောက်ကောက်၊ လူ့ လောက
မှာ၊ လူရိုးလူဖြောင့်တွေကို၊ လူညံ့လို့တော့၊ ထင်တတ်
ကြတယ်။ အဲဒီလို၊ ထင်တဲ့အထဲမှာ၊ သူတော်ကောင်း
တွေ မပါဘူး။

နင့်အိမ် အစီးအပွားကို၊ ဟိုအိမ်ဒီအိမ်ထက်
သာရမယ် . . .လို့၊ တွေးပြီး၊ နင်. . ., ပြိုင်ဖူးသလား"

"ဟင့်အင်း။ ငါ . . . မပြိုင်ဖူးပါဘူး"

"အေး။ အဲဒီလို၊ မပြိုင်ဘူးရင်၊ ပြိုင်ပြိုင်ပြိုင်
နိုင်နိုင်နေတဲ့ လူတွေထက်၊ နင် . . .ပိုပြီး၊ မြင့်မြတ်
တယ်။

အဲဒီ့မြင့်မြတ်မှုကို၊ သူတော်ကောင်းတွေ
သိတယ်"

"အားမေးစကားအတွက်၊ ငါ . . . အားတက်ပါတယ် . . . ကတ္တီပါရယ်။

ဒါနဲ့ . . .၊ ငါ . . .ဖြတ်စာ . . . ရေးရေး၊ မရေးရေး။ ဖူးစာခိုင်က မြသိန်းတန်နဲ့ ယှူမှာပေါ့ နော်။

အဲဒီလိုမေးရတာ၊ ငါလည်း အားနာတယ်"

"အားနာစရာ မလိုဘူး။ ငါ့ရင်ထဲမှာ၊ ဘာမှ မထားတာ၊ ကြာပြီ"

"သြော် . . ."

"နင်. . . , သိပ် စိတ်လောရင်လည်း၊ ကိုယ်တိုင်မေးလိုက်ပေါ့။ ဒါမှမဟုတ်၊ စိတ်မလောရင် . . .၊ ဒီအတိုင်း စောင့်ကြည့်နေပေါ့။

နင့်အပေါ်၊ အပြစ်ပုံချပြီး၊ ယူမှာလား။ အပြစ်ပုံခွင့်မရတော့တဲ့အဆုံး၊ မျက်နှာပြောင် တိုက်ပြီး၊ ယူမှာလား ဆိုတာတော့၊ နင့်အပေါ်မှာပဲ၊ မူတည်တယ်။

နင် . . .၊.လက်နက်ကြီးနဲ့၊ မပစ်မချင်း၊ နင့်ကို၊ အပြစ်ပုံလို့၊ မရဘူး မင်းသုခ"

"အေး အေး။ ငါ . . .သဘောပေါက်ပြီ။ သဘောပေါက်ပြီ"

ပန်းကတ္တီပါက၊ အဝေးဆီမှ၊ အကြည့်ကို ရုတ်သိမ်းလျက်၊ အနီးရှိ

သစ်ကိုင်းခြောက်ကို၊ ဖျောက်ကနဲချိုးလိုက်ပြီး . . .

"သစ္စာဖောက်ဖို့၊ ခြေလှမ်းပြင်ပြီးသား လူဟာ။

သူ သစ္စာမဲ့မှု၊ မပေါ်လွင်ဖို့၊ သစ္စာနဲ့ ထားသူအပေါ်ကို၊ အပြစ်ဦးအောင်ရှာနေတတ်တယ်။

အပြစ်ရှာစရာတွေ့ပြီ၊ ဆိုတာနဲ့၊ အဲဒီအပြစ် ကို၊ ပုံကြီးချဲ့ပြီး၊ သူ့ရဲ့သစ္စာမဲ့၊ ဖောက်ပြန်မှု လုပ်ငန်းကြီးကို၊ မလွှဲမရှောင်သာလို့၊ လုပ်ရပါ တယ်ဆိုတာမျိုး၊ ချိုးပြတတ်တယ်။

လောက,မှာ၊ သစ္စာဖောက်တွေက၊ တစ်ဖက်သားအပေါ်၊ အပြစ်ရှာတာ သိပ်တော် တတ်တယ် . . . မင်းသုခ။

ငါ့သူငယ်ချင်း . . .နင်။ လူရိုး . . . လူအ,ပဲ၊ ဖြစ်ပါဟာ။ သူများလှောင်ရယ်ရမယ့် . . . ငတုံးတော့၊ မဖြစ်ပါစေနဲ့"

"အေးပါ။ စိတ်ချ"

"ငါက,တော့၊ ငတုံးလည်း၊ အဖြစ် မခံဘူး။

ဘာ လက်နက်မှလည်း၊ ပြန် မပစ်ဘူး။

ယောကျ်ားတန်မဲ့၊ စကားတွေ. . .ဖွာလန်ကျဲနေပြီ၊ ဆိုကတည်းက၊ မြသိန်းတန်ဟာ၊

ငါ . . .ဝတ်ရမယ့်၊ ငါ့ ဘဝ,ဝတ်စုံ

မဟုတ်ဘူးလို့ တွေးပစ်လိုက်တယ်”

ပြောပြီး၊ ထိုင်ရာမှ ထ,လေ၏။

လေအဝေ့တွင်၊ သူ့ဆံပင် ရှည်လျားတို့သည်၊ သူ့ဘက်က၊ ရပ်တည် ကာကွယ်နေသော၊ စစ်သည်တော်များကဲ့သို့၊ ညီညာစွာ လှုပ်ယိမ်းသွားကြ၏။

♥ ♥ ♥

## ( ၁၇ )

မြသိန်းတန်နှင့် ဖူးစာခိုင်တို့၊ စင်္ကာပူမှာ၊ မင်္ဂလာဆောင်ကြသည်။ ပြီးနောက်, မြန်မာနိုင်ငံမှာပါ၊ လာဆောင်ကြသေးသည်။

မင်္ဂလာဆောင် နှစ်ခုစလုံး၏ဖိတ်စာ၊ ကျွန်တော်နှင့် ပန်းကတ္တီပါ ထံသို့၊ မရောက်။ သူတို့နှစ်ဦး၏ မင်္ဂလာလက်ထပ်သတင်း၊ သတင်းစာ ထဲပါလာသည့်နေ့က၊ ညိုမြင့် နေပြည်တော်သို့၊ ရောက်လာသည်။

ကျွန်တော်နှင့် ပန်းကတ္တီပါ (အထူးသဖြင့်၊ ကျွန်တော်) သောက, သည်းထန်နေမည်စိုးသဖြင့်၊ လာရောက်အဖော်လုပ်ပေးခြင်း ဖြစ်သည် . . .ဟု၊ ညိုမြင့် ဆို၏။

"ရုပ်ရှင်တွေ . . .၊ ဗီဒီယိုတွေထဲက,လို၊ အဲ့ဒီမင်္ဂလာဆောင်ထဲကို၊ မင်းနဲ့ ပန်းကတ္တီပါနဲ့၊ တပြိုင်တည်း ဝင်သွားပြီး၊ တပြိုင်တည်း ပြဿနာ ရှာလိုက်ရင်၊ တော်တော်ကြည့်ကောင်းမယ့် ဇာတ်ဝင် ခန်းပဲ"

"ငါရော . . .ကတ္တီပါရော . . .။ အဲဒီ စိတ်ကူး မရှိပါဘူးကွာ။

မရှက်တမ်းဝန်ခံရရင်၊ ကတ္တီပါက၊ ငါ့ထက် ပိုပြီး၊ ခံနိုင်ရည်ရှိပုံရတယ်။

ငါက,မှ၊ တစ်ခါတစ်ရံ၊ မျက်ရည်ဝဲမိသေးတယ်။ ပြီးတော့ . . .မြသိန်းတန်အပေါ်လည်း၊ မကျေမချမ်းစိတ်နဲ့၊ သတ်ဖို့ဖြတ်ဖို့အထိတောင်၊ တွေးဖူးတယ်"

"ပညာမဲ့တဲ့အတွေးမျိုး၊ မတွေးပါနဲ့ကွဝ။ ကိုယ့် အပြစ် ကိုယ်ရှာတတ်ရင်၊ သူ တစ်ပါးကို၊ အပြစ်တင်ဖို့၊ မလိုတော့ပါဘူး"

"ငါ, နားလည်နေပါပြီ။ ဘာမှ မတုံ့ပြန်တော့ပါဘူး။ ကိုယ့် အ,ကုသိုလ် . . .ကိုယ်သိလို့၊ ငြိမ်နေတဲ့သဘောပါ"

"ငုတ်တုတ်ထိုင်ပြီး၊ ငြိမ်ခံနေရတာ၊ မဟုတ်ဘူး သူငယ်ချင်း။

ချစ်သူ . . .ရည်းစား . . .ဇနီး မယား . . .လင်ယောကျ်ားရဲ့၊ အပစ်အပယ်၊ ခံရတာ။ အဖောက်ပြန်ခံရတာ၊ အတိတ် သံသရာ ဘဝ . . . ဘဝ . . .တုန်းက၊ ဖြစ်ဖြစ်။ အခုဘဝ အတိတ် . . .ကာလ,တုန်းက ဖြစ်ဖြစ်။ သူတစ်ပါးအိမ်ရာကို ကာယ . . ဝစီ . . မနောတစ်ခုခုနဲ့ဖြစ်စေ၊

သုံးခုစလုံးနဲ့ဖြစ်စေ ကျူးလွန်ခဲ့မိတဲ့၊ မကောင်းမှု (အ,ကု သိုလ်) ကံကြောင့်၊ ဖြစ်ရတယ်ဆိုတာ. . .၊ မင်း, ကြားနာဖူးတယ်နော်”

ကျွန်တော်၊ ခေါင်းညိတ်၏။

“အရပ်စကားနဲ့၊ မင်း နားရှင်းအောင် ပြောရရင်၊ အသည်းကွဲတယ်ဆိုတာ၊ ကြာကူလီ ရိုက်ဖူးလို့ပဲ . . .ကွ”

“အေးပါ။ သံသရာကို ငါ မမြင်တတ် ပေမယ့်၊ ဉာဏ်နဲ့သိတတ်ပါပြီ”

“ကိုယ်. . .ပြုခဲ့တဲ့၊ အ,ကုသိုလ်ကံ၊ အကြောင်းပြနေချိန်မှာ၊ ဒီအတိုင်း ငြိမ်ခံနေရတာ မဟုတ်ဘူးကွ။

ဝိပဿနာ ဘာဝနာနဲ့ နေနေရမှာ။ သေသေချာချာတော့၊ နားထောင်ကွာ။ နားမရှင်းရင်၊ တရားဟောသလို ဖြစ်နေမယ်”

“ငါ . . . ရှင်းအောင် နားထောင်ပါ့မယ်”

“ဇော ခုနှစ်တန်. . .ဆိုတာ၊ မင်း ကြားဖူး တယ်နော်”

“အင်း”

“အတိတ်က၊ ပြုမူခဲ့တဲ့၊ ဇောခုနှစ်တန် အနက်၊ အခု . . .ပစ္စုပ္ပန်မှာ၊ ငါတို့, မင်းတို့ကို အကျိုးပေးနေတဲ့၊ ဇောက,အလယ် ငါးဇော . . .တဲ့။

ပထမ ဇောက၊ အဲဒီ့တုန်းက၊ လက်ရှိဘဝကို၊ အကျိုးပေးတယ်။ နောက်ဆုံး. . . ခုနှစ်ခုမြောက်ဇောက၊ ဒုတိယဘဝ . . ကို၊ အကျိုးပေးတယ် . . .တဲ့ ။ အလယ် ငါးဇောက,တော့၊ သံသရာ မဆုံးမချင်း၊ ဘဝ. . . တိုင်းကို၊ လိုက် အကျိုးပေးတယ် . . .တဲ့။

မကောင်းမှုပြုခဲ့စဉ်က၊ စိတ်ဇော ခုနစ်လုံးအနက်၊ အလယ်ငါးဇောက အခု. . . မင်းကို အကျိုးပေးနေတယ်ပေါ့ကွာ"

"ဇော . . .ဆိုတာ၊ စိတ်ရဲ့ အရှိန်အဟုန် ပေါ့နော်"

"အေး . . .၊ အဲဒီလိုနားလည်ထားတတ်ရင် ပို . . .အဆင်ပြေတယ်။

ပထမ ဇောက၊ လက်ရှိ ပစ္စုပ္ပန် ဘဝ . . .ကို၊ အကျိုးပေးတယ် . . .လို့၊ ပြောတယ်နော်"

"အေး"

"ဒါဆို၊ မင်း. . .ဒီအတိုင်း၊ ငြိမ်ငြိမ်ကြီး၊ ငုတ်တုတ်ထိုင်ပြီး၊ သောက,များနေမှာလား။ ဝိပဿနာ ဘာဝနာနဲ့ နေနေရမှာလား"

"ဘာဝနာနဲ့ နေနေရမှာပေါ့"

"ဘာဝနာနဲ့၊ နေနေရမယ်. . .ဆိုရုံနဲ့ မပြည့်စုံဘူး။

ဘာဝနာ . . . နှစ်မျိုးရှိတာကိုး။ သမထ ဘာဝနာနဲ့ ဝိပဿနာ၊ ဘာဝနာလေ။

အေး . . . လူတိုင်း၊ တကယ် လုပ်တတ်ရမှာက၊ ဝိပဿနာ ဘာဝနာပဲ"

"သမထ. . .ဆိုတာ၊ နှသတိ ပွား နေတာမျိုးလား"

"အေး။ သမထ ကျွမ်းကျင်ပြီးမှ၊ ဝိပဿနာ ပြောင်းလုပ်ကြတာမျိုးလည်း၊ ရှိပါတယ်။

ဝိပဿနာ၊ ဘာဝနာကို၊ နည်းစနစ်မှန်မှန်နဲ့ ဆောင်ရွက်နိုင်ပြီဆိုတာနဲ့၊ အဲ့ဒီ ဝိပဿနာ စိတ်ဇောခုနစ်ခုအနက်၊ ပထမဇောက လက်ရှိဘဝ. . ကို၊ အကျိုးပေးတာဖြစ်တဲ့အတွက်၊ မင်းမှာ . . . လောင်မြိုက်နေတဲ့မီးတွေ . . .အကုန်ငြိမ်းတော့တာပဲပေါ့။

အကုန်ငြိမ်းတယ်ဆိုလို့၊ ရည်းစာနဲ့ကွဲတဲ့၊ သူက . . .ရည်းစားနဲ့ပြန်အဆင်ပြေတယ်. . .လို့၊ မဆိုလိုဘူးနော်။

သူတို့ . . .သူတို့ကြောင့်၊ လောင်တဲ့ . . . မီး။ ငြိမ်းသွားတယ်လို့၊ ဆိုလိုတာ"

"အင်း. . .။ အဲဒါဆို ကတ္တီပါ၊ ငါ့ထက် ပိုငြိမ်းတာ၊ အဲဒါကြောင့်ဖြစ်မယ်"

"မိန်းမသားကို၊ အားပေးဖို့မလိုဘဲ၊ မင်းကို

အားပေးဖို့လိုနေတယ်ဆိုရင်၊ မင်း . . . ညွှံ့ရာ ရောက်တယ်နော်”

“အေးပါ။ ငါ, ငြိမ်းအောင်နေမှာပါ”

“အသည်းကွဲတယ်. . .ဆိုတာ၊ ချစ်သူ ရည်းစားနဲ့ကွဲမှ၊ အသည်းကွဲတယ် . . . မခေါ်ဘူး။

ကိုယ်ချစ်တဲ့. . .မိဘ . . .ဆွေမျိုး . . .သား သမီး . . .ညီအစ်ကို မောင်နှမနဲ့ ကွေကွင်းတာ အားလုံး. . .၊ ကိုယ် . . .သူတစ်ပါးအပေါ် မောက်မှားခဲ့လို့ ပြန်ကြုံရတဲ့၊ အ, ကုသိုလ်တွေပဲ။

သူ့ကြောင့်၊ ငါ့ အသည်းကွဲရတယ်လို့၊ ထင်မြင်နေသမျှ သူ့ကြောင့် . . . သူ့ကြောင့် . . .လို့၊ သူတစ်ပါးကို အပြစ်တင်နေသမျှ၊ အဲဒါ . . .ဝိပဿနာဉာဏ် . . . မရင့်သန်သေးလို့ပဲ။ နောက်ပြီး . . . စိတ်ဆင်းရဲစရာကြုံတဲ့အခါ၊ ဘုရား . . တရား လုပ်ဦးမှ၊ ဆိုပြီး၊ ဘုရားစာဆိုလေ. . .ပုတီးစိပ်လေ. . .မျက်ရည်တွေ တဝေါဝေါကျလေ . . . ဆိုတာမျိုးတွေ၊ အားလုံး . . .

ဝိပဿနာဉာဏ်၊ မရင့်သန်ကြလို့ပဲ။ အဲဒီလို ဉာဏ်မရင့်သန်ကြတော့၊

ကိုယ့် အ,ကုသိုလ်သိုလ်၊ ကိုယ့်အပူ၊ ကြီးလေးနေတာ၊ သတိမမူမိဘဲ၊ ဘုရား . . .တရား . . လုပ်လည်း၊ အလကားပဲ . . .လို့၊ ထင်မိ

တတ်ကြတယ်"

"ငါ . . .အဲဒီလို၊ မထင်ပါဘူး။ ငါ. . .၊ တကယ်သက်ဝင်ယုံကြည်နေပါပြီ။

မင်းကျေးဇူးရော . . .၊ ကတ္တီပါ ကျေးဇူးရော။ ပါပါတယ်"

"အေးကွာ။ ဉာဏ်နည်းနဲ့သူတွေလို၊ မူးရူး . . . အော်ဟစ်၊ တုတ်ဆွဲ၊ ဓားဆွဲဖြစ်မနေတာကိုပဲ၊ ငါ . . .မင်းကို ချီးကျူးပါတယ်". . .ဟု၊ ညိုမြင့် ပြော၏။

♥ ♥ ♥

( ၁၈ )

ဓာတ်ပေါင်းစုစေတီတောင် ရင်ပြင်၌၊ ပန်းကတ္တီပါနှင့် ကျွန်တော်
ကမ္ဘာ့ဦးဘာန်း ထိုင် ပြီးစ,တွင်၊ ဘုရားပေါ်သို့၊ ညိုမြင့် ရောက်လာသည်။
ညိုမြင့်ကို၊ ပန်းကတ္တီပါနှင့် မိတ်ဆက်ပေးလိုက်၏။

ကျွန်တော်က၊ ရိုးအ,ကြောင်း ပန်းကတ္တီပါ၏ အကြံပေးမှု
အပါအဝင်၊ သူ့ . . .အားပေးစကားများဖြင့်၊ ဖေးမ,ရမှာ ဖြစ်ကြောင်း၊
ပန်းကတ္တီပါ ကိုယ်နှိုက်က၊ တစ်ခုခုအကူအညီလိုပါလျှင်လည်း၊ သူ့ကို
သူငယ်ချင်းအရင်းအချာကဲ့သို့၊ အကူအညီ တောင်းစေလိုကြောင်းများကို၊
ရှင်းနီးခင်မင်စွာ ညိုမြင့် ပြော၏။

"ကျွန်မလည်း သိပ်တော်တာမျိုးကြီး
မဟုတ်ပါဘူး။ ရတနာသုံးပါးနဲ့ မိဘ, ဆရာ ကျေးဇူး
ကြောင့် သိရ . . .တတ်ရတာပါ။

မင်းသုခ,ကိုရော . . .၊ ကိုညိုမြင့်ကိုရော
ရင်းရင်းနှီးနှီးပြောပြရရင် ကျွန်မ,က မိန်းမသား၊ ပိုပြီး

ဆောက်တည်ရာ၊ မဲ့တာပေါ့"

"ဩော် . . .။ ဟုတ်သားပဲ"

ညိုမြင့် စကားအထောက်။

"ဒေါသ,ရော . . .သောက,ရော၊ သိပ်ပြင်းထန်လာတဲ့အခါကျတော့၊ အမေကိုပဲ၊ ဖွင့်ပြောရတော့တာပေါ့။

သစ္စာအမဲ့ ခံရတာကို၊ မခံယူချင်တာမဟုတ်ဘူး။ အဲ့ဒီ ဝေဒနာဆိုးရဲ့ဒဏ်က၊ လွတ်ချင်တာပါ . . .လို့၊ အမေ့ကို၊ ရှင်းပြရတယ်။

အမေ့စကားက၊ တစ်ခွန်းတည်း။ သံလိုက်မို့လို့၊ သံချေးလာကပ်တာပေါ့ . . . တဲ့။

သံချေးတွေ၊ လာ . . .ကပ်စေနိုင်တဲ့၊ ဆွဲအားဓာတ်တွေ၊ ရှိနေလို့ သံလိုက်တစ်ခုလုံးအပေါ်၊ သံမှုံ . . .သံချေးတွေ . . .၊ လာကပ်သလိုမျိုးပဲ . . . တဲ့။

ဘယ်သူဖြစ်ဖြစ်၊ အနိဋ္ဌာရုံနဲ့ တွေ့ရ၊ ကြုံရတယ် . . . ဆိုတာ၊ ကိုယ်ခန္ဓာ အသွေးအသားရိုးတွင်းချဉ်ဆီထဲမှာ၊ ဘဝ . . .သံသရာ တစ်လျှောက်လုံးက၊ စိမ့်ဝင်ပါ လာတတ်တဲ့၊ ကိုယ်ပြုခဲ့တဲ့ အ,ကုသိုလ် ကံကြောင့်ပဲ . . .တဲ့"

"မိခင်ကောင်းရဲ့စကားပဲ" . . .ဟု၊ ညိုမြင့် မှတ်ချက်ပြုသည်။

"အမေက၊ သူ. . .နားလည်သလောက်

ပေါ့။ အ,ကုသိုလ် ထပ်ပွားစရာ အတွေးစိတ်မျိုး မဝင်အောင်၊ ဘာဝနာ ပွားခိုင်းတာပဲလေ။

မင်းသုခ,ကိုလည်း၊ အမှာစကားပါးတယ်။ ဝဋ်ကြွေး . . .လို့၊ သဘောထားဖို့ ပြောခိုင်းတယ် . . ."

ကျွန်တော်က . . .,

"နင့်အမေကိုလည်း၊ ကျေးဇူးတင်တယ် . . .လို့ ပြောပေး"

ပန်းကတ္တီပါ ခေါင်းညိတ်သည်။ ပြီးမှ . . .စကားဆက်၏။

"ဆင်းရဲတယ် . . .ဆိုတာ၊ အ, ကုသိုလ် . . .တဲ့။ ဆင်းရဲတဲ့ ဘဝမှာကို၊ သူ တစ်ပါးက၊ ထပ်ပြီး မြေနိမ့်ရာ လှံစိုက်တာ၊ ခံရပြန်တာလည်း၊ အဲဒါ . . .အ,ကုသုလ်ပဲ . . . တဲ့။

အ,ကုသိုလ် အပေါ် . . . အ,ကုသိုလ် ထပ်ဆင့်တာပါလား. . .လို့ မတွေးတတ်ရင် ငါတို့ဆင်းရဲလို့၊ အနိုင်ကျင့်တာလားဆိုပြီး . . . လက်တုံ့ပြန်ဖို့ အောဲ်ဟစ်ဆိုဆဲဖို့၊ ကြိုးစားမိကြတာဟာ။ မီးထဲ . . .မီးထဲကို နောက်ထပ် . . .လောင်စာ . . .လောင်စာ ထပ်ထည့်တာနဲ့ တူတယ် . . .တဲ့"

ပြောရင်း၊ ပန်းပေါ်က၊ ပဝါလေးကို၊ ခေါက်သည်။ ကျစ်လျစ်စွာခေါက်ပြီး၊ အနီးရှိ အိတ်ထဲသို့၊ ထည့်၏။ ပြီးမှ . . .

"သံသရာ ရှည်အောင်၊ လုပ်ခဲ့မိလို့၊ ဇာတိ

ခန္ဓာ . . .ရ . . .ရ. . .နေသမျှ။ မင်းဆိုး မင်းညစ်နဲ့လည်း တွေ့ရတတ်တယ်။ ဇနီးဆိုး. . . ခင်ပွန်းဆိုးနဲ့လည်း တွေ့ရတတ်တယ်။ ဝန်းကျင်ဆိုး၊ ဒေသဆိုးနဲ့လည်း၊ တွေ့ရတတ်တယ် . . .တဲ့။

တွေ့ကြုံရတဲ့၊ အဆိုးတွေကို၊ ပယ်သတ်ရတာမဟုတ်ဘူးတဲ့။

သံသရာငြိမ်းကြောင်း၊ ဇာတိငြိမ်းကြောင်း ဖြစ်တဲ့၊ ကိလေသာတွေကိုသာ၊ ပယ်သတ်ရတာ . . . တဲ့။

ဘဝ . . .ဆိုတာ၊ ထပ်မရှိတော့လောက်အောင်၊ ကျင့်ရတာ . . .တဲ့။

တစ်ဘဝ. . .မဆိုထားနဲ့၊ တစ်ရက်လောက်နေနေရတာကိုတောင်၊ အရိယာ သူတော်ကောင်းကြီးတွေက၊ မနှစ်မြို့ဘူး . . . လို့၊ လယ်တီဆရာတော်ကြီး၊ မိန့်ဖူးတယ် . . .တဲ့”

ညိုမြင့်က . . .

“ဩော် . . .။ သာမန် ပုတုဇဉ်တွေက အသက်ရှည်ချင်ကြတယ်နော်”

“ဟုတ်တယ်။ လယ်တီဆရာတော်ကြီးက၊ ဘဝ . . .ကို၊ မမက်မောဖို့၊ မိန့်ဖူးသေးတယ်။

ဆံချည်မျှင်ဟာ၊ လက်ဝါးပေါ်မှာ ကပ်နေရင်၊ မသိသာပေမယ့်၊ မျက်စိထဲဝင်ရင်၊

အလွန်သိသာသလို၊ ပုတုဇဉ်နဲ့ အရိယာတွေဟာ၊ သင်္ခါရဒုက္ခကို၊ မြင်ရာမှာ၊ အဲဒီထက်မက၊ ကွာခြားတယ် . . .တဲ့"

"အဲဒါ . . .ဘာအဓိပ္ပာယ်လဲ" . . .ဟု၊ ပန်းကတ္တီပါကို ကျွန်တော်မေးဖြစ်သည်။

ပန်းကတ္တီပါက၊ ညိုမြင့်ကို၊ ဖြေစေချင်သဖြင့်၊ ညိုမြင့် ဖြေလေ၏။

"ဘဝ . . .ဆိုတာ၊ ဘာမှ မဟုတ်ဘူး. . .လို့၊ သိမြင်ပြီး၊ သစ္စာလေးပါးကို. . . မြင်တဲ့၊ သူတော်ကောင်းကြီးတွေက၊ ဘဝ . . .ရရင် သင်္ခါရဒုက္ခတွေ . . .ရရနေမှာကိုသိတော့၊ ဘဝဆိုတာကို ဆံတစ်မျှင်စာတောင်၊ မလိုလား။ မမက်မောတော့ လောက်အောင် ကြောက်ရွံ့ရွံ့ရှာတယ်. . .လို့ ဆိုလိုတာကွ"

ပန်းကတ္တီပါက . . .

"ဟုတ်တယ်။ တချို့. . .တချို့က . . . သက်တမ်းကြီးတွေ၊ ရှည်ချင်လို့ဆိုပြီး ကျင့်ကြတယ် . . . တဲ့။

အဲဒါ သူတော်ကောင်း အလုပ်မဟုတ်ဘူး"

ကျွန်တော်က . . .

"ကြုံတဲ့လောကခံကိုလည်း၊ မတုန်မလှုပ်ရင်ဆိုင်မယ်။ သံသရာငြိမ်းကြောင်းလည်း၊ ဆောင်ရွက်မယ်ဆိုရင်။

အဲဒါ . . .ဘဝနေနည်း၊ မှန်တာပေ့ါနော်"

"ဒါပေါ့"

ညိုမြင့်က . . .

"အဲဒီလိုပဲ နေရမှာ။ ချစ်စရာရှိတာ၊ သစ္စာ ရှိရှိ . . .ချစ်။ မဖောက်ပြားမိစေနဲ့။ လုပ်စရာရှိတာ တိတိကျကျ . . .လုပ်။ မလောင်ကျွမ်းစေနဲ့။

ကြိုးစားစရာရှိတာ . . .ကြိုးစား။ ဖြစ်မလာတဲ့အခါ . . .မပူလောင်စေနဲ့။ အဲဒါ . . . ဘဝ . . .နေနည်းပဲ"

"ကိုယ့်အလုပ် ကိုယ်လုပ်။ ကိုယ့်အကုသိုလ် ကိုယ်ငြိမ်း။ အကုသိုလ် ငြိမ်းကြောင်း၊ သံသရာငြိမ်းကြောင်း၊ လုပ်နေပြီဆိုရင်၊ အသည်းကွဲဖို့တောင်၊ အချိန်မရတော့ဘူးနော်" . . .ဟု ကျွန်တော် နားလည်သလောက်၊ ပြောလိုက်၏။

ပန်းကတ္တီပါ ပြုံးလေ၏။

ညိုမြင့် သာဓု သုံးကြိမ်ခေါ်၏။

♥ ♥ ♥

## ( ၁၉ )

အန္ဒိယနိုင်ငံသို့၊ သင်တန်းတစ်ခုသွားတက်ရန်၊ ရုံးဌာနမှ၊
းကတ္တီပါကို၊ စေလွှတ်သည်။ သူ့ကိုယ်စား၊ ကျွန်တော် ဂုဏ်ယူ
ပိုက်မိသော်လည်း၊ လောက,ဝန်းကျင်၌၊ ကျွန်တော် တစ်ယောက်
ည်း၊ ကျန်ရစ်ခဲ့ရဦးမှာပါလား . . .ဟု၊ မဆီမဆိုင် ခံစားမိပြန်၏။
ညိုမြင့်ထံသို့၊ ဖုန်းဆက်ရင်ဖွင့်တိုင်ပင်ဖို့ စဉ်းစားဖြစ်သေးသည်။
ပြစ်တင်ခံရမှာ၊ စိုးရိမ်နေပြန်သဖြင့်၊ တစ်ကိုယ်တည်း၊ မျိုသိပ်
က်ရ၏။

♥

ဘုရားပေါ်မှဆင်းခဲ့ကြပြီးသည့်နောက်၊ ‘ ကန်ဘက် သွားချင်
ယ်" . . .ဟု၊ ပန်းကတ္တီပါကို၊ ကျွန်တော် တောင်းဆိုသည်။
ပြုလိုက်ပါသဖြင့်၊ ကြည်နူးရလေ၏။

♥

"နင် . . .၊ နိုင်ငံခြားသွားမှာကို၊ ငါ ပျော်ပေမယ့်၊ စိတ်ထဲမှာ၊ တစ်မျိုးကြီးပဲ"

"အိမ်နီးချင်း နိုင်ငံပါဟယ်။ နိုင်ငံ မခြားပါဘူး။

ဘာလဲ . . .၊ နင်က . . . တစ်ယောက်တည်းကျန်ရစ်ခဲ့တယ် ပြောမလို့လား"

ခံစားကြေကွဲခြင်းဖြင့်၊ ကျွန်တော်ခေါင်းညိတ်သည်။

"ညီမြင့် . . .ရန်ကုန်မှာ၊ ရှိတာပဲ။ ပြီးတော့ . . .၊ ငါက, သိပ်ကြာမှာမှ မဟုတ်တာ"

"မသိဘူး။ ငါ့ စိတ္တဇပဲ၊ ဖြစ်မှာပါ။ နင် . . . ပြန်မလာမှာ စိုးရိမ်နေသလိုမျိုး။ စိတ်ထဲမှာ . . ."

"အမယ်လေး။ နိုင်ငံက, လိုအပ်လို့ လွှတ်တဲ့ကိစ္စ။ ပြန်မလာစရာလား . . .ဟဲ့။

နင် . . .တစ်သက်လုံး၊ မှတ်ထား။

ငါက. . ., ငါ့ဇာတိကိုပဲ၊ ငါ ချစ်တယ်။ မိဘ . . ဘိုးဘွား . . အကုန်လုံး၊ ငါ့ကို ဆုံးမ, ပဲ့ပြင်ထားပြီးသား။

ဇာတိကိုတောင်၊ မချစ်တတ်တဲ့ သူက၊ တခြားအရာတွေအပေါ်၊ သစ္စာမရှိနိုင်ဘူး . . . တဲ့။

အဝတ်အဆင်တောင်မှ၊ ကိုယ့်ဇာတိက မဟုတ်တဲ့၊ ဆင်ယင်မှုမဟုတ်ရင်၊ သေသေချာချာ ချင့်ချိန်ရမယ် . . .တဲ့။

ကိလေသာဆိုတာ၊ ဘာမှန်းမသိ။ အ,ဂါ၊ရဝဆိုတာ၊ ဘာမှန်းမသိ။ ဣန္ဒြေဆိုတာ၊ ဘာမှန်းမသိတဲ့၊ အရပ်,ဒေသက၊ အဆင်အယင် ပုံစံ . . . အားလုံးအပေါ်၊ ဗဟုသုတ ကောင်းကောင်းနဲ့၊ လေ့လာပြီးမှ၊ လက်ခံသင့်တယ် . . .တဲ့။

သူတစ်ပါး အဆင်အယင်တွေ. . .၊ ကိုယ့်ဇာတိမြေမှာ၊ နေရာယူလာပြီဆိုရင်၊ အဲဒါ . . . ကိုယ့်ဇာတိအစဉ်အလာရှုံးနိမ့်တာပဲ . . .တဲ့။

လူကို သေစေနိုင်တဲ့၊ လက်နက်တွေနဲ့၊ တိုက်တဲ့စစ်မျိုးရှိသလို၊ မီးခိုးမထွက်ဘဲ၊ တိုက်တဲ့ စစ်လည်း၊ ရှိတတ်တယ် . . .တဲ့။

ဘုမသိ. . .ဘ,မသိနဲ့၊ သူတစ်ပါး အစဉ်အလာကို၊ မက်မောလက်ခံနေမိပြီဆိုရင်၊ အဲဒါ. . . စီးပွားရေးရော . . . ယဉ်ကျေးမှုရော . . . အတိုက်ခံလိုက်ရတဲ့၊ စစ်ပွဲပဲ . . .တဲ့။

သူတစ်ပါးရဲ့ အလေ့အထ, ကိုယ့်ဒေသ,မှာ နေရာယူကြီးစိုးတယ်ဆိုတာ၊ သူ တစ်ပါးထိုးဖောက်လို့၊ မဟုတ်ပါဘူး. . .တဲ့။ ကိုယ် . . .လက်ခံမှ၊ ဖြစ်တာပါ . . .တဲ့။

လူတိုင်းကြားဖူးမှာပါ။ သစ်သားထဲ, သံရိုက်သွင်းလို့ရတာ၊ သစ်သားက၊ သံထက်ပျော့လို့ပါ . . .တဲ့။

တစ်မျိုးလုံး . . .တစ်ဆွေလုံး၊ ငါ့ကို

ဆုံးမ,ထားကြပြီးသားပါဟာ။ နင်. . . မပူပါနဲ့"

"ခွဲရမှာ . . .မခံနိုင်တာလား။ မပြော

တတ်ပါဘူးဟာ။

နင် . . ., မရှိရင်၊ ငါ . . ., မနေတတ်

တော့ဘူး ကတ္တီပါ။

ငါ . . .,

နင့်ကို ချစ်တယ်။ နင်. . . ငါ့ကို၊ မေတ္တာ

တုံ့ပြန်နိုင်မယ်ဆိုရင်၊ နင့်ကို လက်ထပ်ပါရစေ . . ."

ပန်းကတ္တီပါ၊ တည်ကြည်လွန်းလှသည်။

လက်ပိုက် ခေါင်းငုံ့နေသူကို၊ မချိုမနိမ်ဘဲ၊ ငေးကြည့်နေသော ကျောင်းဆရာမ,တစ်ဦး၏ အကြည့်မျက်နှာထားဖြင့်၊ ကျွန်တော့်ကို ငေးကြည့်ရင်း . . .

"စိတ်ကစားတယ်ပြောရအောင်က, လည်း၊

နင်က . . . ဆယ်ကျော်သက်လေး . . . မဟုတ်။

အနေနီးလို့၊ ယိမ်းယိုင်ရတာပါ ဆိုရ

အောင်က,လည်း၊ နင်ရော. . ငါရော . . ကိုယ့်စည်း

ကိုယ့်ကမ်းနဲ့၊ နေထိုင်သွားလာခဲ့ကြတဲ့၊ သူငယ်ချင်း

တွေ။

ဒီစကားကြားရတဲ့အတွက်၊ နင့်ကို၊ ငါ. . ,

အပြစ်လည်း မတင်ပါဘူး၊ အပြစ်လည်း မမြင်ပါ

ဘူး"

"နင်. . .အပြစ်တင်လည်း၊ ငါ . . .

ခံမှာပါဟာ"

ကန်ရေပြင်ကို၊ ဖြတ်တိုက်လာသော၊ ညနေလေပြင်းကြောင့်၊ ဆံနွယ်ရှည်လျားတို့၊ လှုပ,စွာ က,ခုန်နေသကဲ့သို့ ရှိကြ၏။ ကန်ဘက်သို့၊ မျက်နှာမူထားရာမှ၊ ကျွန်တော့်ဘက်သို့ လှည့်ငေးကာ . . .

"နင့် ရည်းစားကို၊ ငါ့ရည်းစားက . . .ယူ၊ ငါ့ရည်းစားကို၊ နင့်ရည်းစား ယူ။

ပြီးတဲ့. . .နောက်။

သိပ်မကြာခင်၊ အဲဒီ့။ ရှေ့ကသစ္စာဖောက်သွားကြသူတွေရဲ့ ရည်းစားတွေကလည်း၊ တစ်ယောက်နဲ့ တစ်ယောက်ပြန်ယူကြရင်. . .။

မြင်သာအောင် ပြောရရင်၊ ကိုယ့်ရည်းစားသူယူ။ သူ့ရည်းစား . . . ကိုယ်ယူတွေ ဖြစ်မနေဘူးလား . . .မင်းသုခ"

"သူတို့တောင်၊ လုပ်သေးတာပဲ၊ ငါ . . . မလုပ်ရဲစရာ မရှိဘူး။

သူတို့ အဲဒီလို၊ လုပ်လို့၊ ငါတို့ . . . အဲဒီလို၊ လုပ်ရအောင်လို့၊ ဆိုလိုတာမျိုးတော့၊ မဟုတ်ဘူးနော် ကတ္တီပါ။

ငါ . . .နင့်အပေါ်၊ တကယ် မေတ္တာရှိတာ။ တကယ်တန်ဖိုးထားပြီး ချစ်တာ"

"ငါ နားလည်ပါတယ်။ ဒါပေမဲ့. . .၊

ရှေ့လူသစ္စာဖောက်တဲ့အလုပ်ကို၊ ရဲရဲဝံ့ဝံ့ လုပ်ရဲခဲ့လို့၊ နောက်လူလည်း၊ မရှက်မရွံ့၊ လုပ်ဝံ့သလို ဖြစ်နေတယ်လေ။

ငါက . . .,

နင့်ကိုရော၊ ငါ ကိုယ်တိုင်ရော. . .၊ တခြားဘယ်သူ့ကိုမဆို။ အဲဒီလို၊ မလုပ်ဝံ့ စေချင်ဘူး။

လူကဲ့ရဲ့ခံရလိမ့်မယ်. . .လို့၊ ငါ . . .ဆိုလိုတာ မဟုတ်ဘူးနော်။

အရှက်မဲ့တဲ့အလုပ်ကို၊ ရှေ့က, ဘယ်လူတန်းစားပဲ . . .မျက်နှာပြောင်တိုက်ပြီး . . . လုပ်လုပ်။

နောက်လူတွေကို၊ လိုက်မလုပ်စေချင်တာပါ"

ကျွန်တော်၊ အားမပါသောလေသံဖြင့် . . .,

"ငါတို့လိုပါပဲ။ သူတို့လည်း . . . ဒီအတိုင်းပါပဲ. . .လို့၊ အထင်မခံချင်တာမျိုးလား. . . ကတ္တီပါရယ်"

"မဟုတ်ဘူး။ အထင်မခံချင်တာ မဟုတ်ဘူး။ မျက်ဝါးထင်ထင်၊ သိ,မြင်စေချင်တာ"

"ဘာကိုလဲ . . .။ ဘာကို သိမြင်စေချင်တာလဲ"

"ဖောက်ပြန်တဲ့သူတွေလို၊ ငါတို့လည်း၊

အလွယ်တကူ၊ ဖောက်ပြန်ခွင့် ရပါလျက်နဲ့။

လုံးဝ . . .မဖောက်လွဲခဲ့ဘူးဆိုတာကို။

ဖောက်ပြန်ခဲ့ဖူးသူတွေရော. . .၊ နောင်လာ . . . နောင်သားတွေကိုရော။

မျက်ဝါးထင်ထင်၊ သိမြင်စေချင်တာ”

“နောင်လာ. . . နောင်သား။ ဟုတ်လား၊ ကတ္တီပါ”

“အင်း၊ ဟုတ်တယ်”

“ဘယ် . . .နောင်လာနောင်သားကို၊ ဆိုလိုတာလဲ”

“တကယ်တော့၊ ငါတို့ အသက်အရွယ်က၊ လူကြီး ဖြစ်နေပါပြီဟာ။

နောင်တစ်ချိန်မှာ၊ ဒို့ထက်၊ အသက် . . . ပို . . .ပိုကြီးလာတဲ့၊ လူကြီးကြီးတွေ၊ ဖြစ်လာကြရမှာ မဟုတ်လား”

ကျွန်တော်ခေါင်းညိတ်၏။

“မရှိသေးစကား။ နင်နဲ့ငါနဲ့၊ ဇနီး . . . ခင်ပွန်း ဆိုပါတော့။

သားသမီး မြေး မြစ်တွေက၊ အဖေနဲ့ အမေ။ ဒါမှမဟုတ်၊ အဘိုးနဲ့ အဘွားတို့က၊

ဘယ်လို . . .ဘယ်ပုံ အကြောင်းပါ လက်ထပ်ခဲ့ကြတာလဲ . . .မေးတဲ့အခါ၊ နင်. . .,

ဘယ်လိုဖြေမလဲ"

တစ်ခုခုကို၊ ချန်လှပ်ဖြေပြောရမည်ကို၊ ကျွန်တော် တွေးသိလိုက်၏။ သို့သော် နှုတ်က မဖြေ။

"မခေါ်မပြောချင်တဲ့၊ နာမည်တွေကိုပဲ

ထည့်ပြောပါ့မယ်ဟာ။

မြသိန်းတန်နဲ့ ဖူးစာခိုင်တို့ အကြောင်းကို

ထည့်မပြောဘဲ၊ နင်ရော . . . ငါရော . . .၊

ကလေးတွေကို ဖြေကြရမှာ မဟုတ်လား"

"ထည့်မပြောလည်း၊ ဖြစ်သားပဲ". . .ဟု ပေါ့လျော့စွာ၊ ကျွန်တော် ပြောလိုက်၏။

ပန်းကတ္တီပါ ခေါင်းခါသည်။ ပြီးမှ–

"နောင်လာနောင်သားတိုင်းကို၊ ကိုယ့်

အကြောင်း ပြောပြကြတဲ့အခါ၊ တစ်ခုခုကို၊

ကွက်ချန်ပြီးမှ၊ ပြောဝံ့တဲ့လူကြီးမျိုး၊ နင့်ကိုလည်း

မဖြစ်စေချင်ဘူး။

ငါ့ကိုယ်ငါလည်း၊ မဖြစ်စေချင်ဘူး။ တခြား

. . . ဘယ်လူကြီးကိုမှလည်း၊ မဖြစ်စေချင်ဘူး"

"ဩော်. . . "

ဟုတ်သားပဲ . . .ဟု၊ ခံယူသိမြင် လက်ခံလိုက်ရသည့် . . ဩော်။

"ဘဝ၊ နောက်ဆုံးထွက်သက်အထိ၊ နင်နဲ့

ငါနဲ့၊ မောင်နှမ,ရင်းချာလို၊ သူငယ်ချင်းဘဝ,နဲ့

ဆက်ရှိသွားကြတဲ့အခါ၊

ငါတို့နှစ်ယောက်အကြောင်းကို၊ ဘယ် . . .နော်င်လာ . . .နောင်သားပဲ . . .မေး မေး။ ဘယ်အကြောင်းကိုမှ၊ ကွက်ချန်ခဲ့စရာ မလိုတော့ဘူး။

သူငယ်ချင်းအရင်းအချာ၊ ချစ်သူ အရင်းအချာတွေက၊ ဟောဒီလို၊ ဖောက်ပြန်ကျူးလွန်ခဲ့ကြပေမယ့်၊ ငါတို့နှစ်ယောက်က,လည်း၊ သူတို့လို ကျူးလွန်ခွင့် ရှိခဲ့ကြပေမယ့်၊

လုံးဝ . . .

မကျူးလွန်ခဲ့ဘူးကွ။ လုံးဝ . . . မကျူးလွန်ခဲ့ကြပါဘူးကွယ့် . . .လို့၊ သူတို့ . . .သူတို့၊ နည်းမှီစရာ အဖြစ်၊ ပြောပြနိုင်တဲ့၊ လူကြီးသူမ,တွေ၊ ဖြစ်စေချင်တယ် . . . မင်းသုခ။

အဲဒီလိုမှ၊ မဟုတ်ဘဲ။ သူတို့တွေ လိုပါပဲ။ ငါတို့လည်း. . .ယူလိုက်ကြတာပေါ့ . . .လို့၊ ပြောပြရတယ်ဆိုရင်။ နောင်လာ . . . နောင်သားတွေရဲ့ အာရုံထဲမှာ၊ မကောင်းမှုကို၊ သူများလုပ်ရင်၊ ကိုယ်လိုက်လုပ်ရတယ် . . .လို့၊ သင်ပေးသလို၊ ဖြစ်သွားမှာပေါ့။ မဟုတ်ဘူးလား”

“အင်း . . .။ ဟုတ်တယ်။

ငါ, လက်ခံပါတယ်။ ဒါဆို . . .

ငါ့စကားကို၊ ငါ . . .ပြန်ရုတ်သိမ်းရမှာလား"

"မလိုပါဘူး။ စကားကို၊ ရုတ်သိမ်းဖို့ မလိုဘူး။

စိတ်ကို၊ ရုပ်သိမ်းဖို့ပဲ၊ လိုတယ်။ စကား ရုတ်သိမ်းပြီး၊ စိတ်, မရုတ်သိမ်းရင်၊ တကယ့် အာရုံအမှန် မဟုတ်ဘူး"

"အေး။ ငါ . . ., စိတ်ကိုပါ၊ ရုတ် သိမ်းပါတယ်"

လှပ, ရှင်းသန့်စွာ၊ ပြုံးလေသည်။

ထို့နောက်၊ ပန်းကတ္တီပါက၊ သူ့ ဦးခေါင်းထက်မှ၊ ဆံပင် ရှည်လျားတစ်ပင်ကို၊ ညင်သာစွာ ဆွဲနှုတ်ယူငင်လိုက်သည်။

ဆံပင်ရှည်လျားလေးသည်၊ လေပြင်းထဲတွင်၊ တစ်လူပ်လူပ်။ ထိုဆံပင်ရှည်ကို၊ ပန်းကတ္တီပါက၊ သူနှင့်ကျွန်တော် ထိုင်နေရာ၊ နှစ်ယောက်အကြားတွင်၊ ကန့်လန့်ဖြတ်ခြားလျက်၊ ဆွဲဆန့်ထား ရင်း . . .

"နင်နဲ့၊ ငါ့အကြားမှာ၊ ဒီ ဆံပင်လေး တစ်မျှင်၊ ခြားနေတယ် ဆိုပါတော့။

နင်. . . ကျော်လွှားလိုက်ဖို့၊ မလွယ်ဘူး လား မင်းသုခ"

"ဆံတစ်မျှင်တည်းခြားနေတာ။ ကျော်လို့ လွယ်တာပေါ့"

"သူတော်ကောင်းဆိုတာ၊ မကောင်းမှုနဲ့

ကိုယ်နဲ့အကြားမှာ၊ ဆံတစ်မျှင်လောက်ပဲ . . .
ခြားထားရင်တောင်၊ အဲ့ဒီအပေါ်က,နေ၊ မကျော်လွှား
. . . မကျူးလွန်ဘူး . . .။

အဲဒီလိုပဲ။

သူတို့ . . .သူတို့ . . .သူတို့တွေ . . .၊
ပြုမူခဲ့ကြတဲ့၊ အခြေအနေမျိုးကို၊ ကျူးလွန်ခွင့်နဲ့၊
ငါတို့နှစ်ယောက်ရဲ့ အကြားမှာ၊ အဟန့်အတားဆိုလို့၊
ဆံတစ်မျှင်လောက်ပဲ . . . ခြားထားတာပါဟာ။

ငါတို့ . . .နှစ်ယောက်၊ ကျော်လွှားခွင့် ရှိပါ
တယ်။

ဒါပေမဲ့ . . .၊ အဲဒီ ဆံတစ်မျှင်လောက်
ကလေးကို၊ ငါတို့၊ မဟာတံတိုင်းကြီးလို သဘော
ထားလိုက်ကြရအောင် . . .၊ နော် . . .မင်းသုခ။

မသင့်လျော်တဲ့၊ အပြုအမူကို၊ ပြုမူဝံ့တဲ့
သူတွေဆီမှာပဲ၊ ထားခဲ့ချင်တော့တယ်။ ငါတို့ . . .
ဆက်မသယ်ချင်တော့ဘူး။ နော် . . ."

ညင်သာသန့်ပြန့်စွာ၊ ကျွန်တော် ခေါင်းညိတ်လိုက်၏။ သူ့
လက်ထဲမှ၊ ဆံချည်မျှင်ကို၊ လေတွင်လွှင့်ပစ်တော့မည်၊ ပြင်စဉ်၊
ကျွန်တော် . . .၊ လျင်မြန်စွာ ဟန့်တားပြီး . . .

"ကတ္တီပါ။

အဲဒီ . . .ဆံပင်လေးကို၊ ငါ . . .
သိမ်းထားပါရစေလား။

အဲဒါလေးတော့၊ ငါ့တစ်သက်လုံးအတွက်

နင် . . .လိုလိုလားလား ပေးစေချင်ပါတယ်”

ဖြန့်ထားသော၊ ကျွန်တော့်လက်ဝါးအတွင်းသို့၊ သူ့ ဆံချည်မျှင်လေး၊ နွေးထွေးစွာရောက်ရှိလာ၏။ မြတ်နိုးစွာ၊ ကျွန်တော် ဆုပ်ကိုင်ထားသည်။

ဆံချည်မျှင်လေး၊ ကျွန်တော့်လက်ထဲသို့၊ ရောက်ရှိပြီးသည့်တိုင်၊ သူ့လက်ကို၊ ကျွန်တော် မလွှတ်ဖြစ်သေး။

ဆံချည်မျှင်လေးကို၊ လေမှာလွင့်ပါးမသွားအောင် ကျစ်လစ်စွာ ဆုပ်ကိုင်ထားသည့်၊ ကျွန်တော့်လက်ခုံပေါ်တွင်၊ သူ့ လက်ဖဝါးလေး၊ တင်ရှိ ဆုပ်ကိုင်ပေးထား၏။

ထိုလက်ဖဝါးလေး၏ လက်ခုံအပေါ်ယံမှ၊ ကျွန်တော့် နောက် လက်တစ်ဖက်က၊ အုပ်မိုး ဆုပ်ကိုင်၊ နေမိ၏။ ထို. . . အုပ်မိုးထားရာ၊ ကျွန်တော့်လက်ခုံပေါ်တွင်၊ သူ့လက်ဖဝါးနုလေး၊ ထပ်မံ အုပ်မိုး ပေးထားသည်။

တစ်ယောက်နှင့်တစ်ယောက်၊ တစ်ခါမျှ မကြည့်ဘူးသော၊ အကြည့်မျက်ဝန်းများဖြင့်၊ နီးကပ် မြတ်နိုး တန်ဖိုးထားစွာ၊ ငေးကြည့် နေဖြစ်ကြသည်။

သူ့မျက်ဝန်းမှ၊ မျက်ရည်တွေ. . .၊ ပါးလုပ်ကြည်လင်စွာ၊ စီးကျလာ၏။

ခေတ္တခဏမျှသာ၊ ဆုပ်ကိုင်ထားခွင့်ရသော၊ သူ့ . ., လက်ချောင်း သွယ်လေးများနှင့်၊ ကျွန်တော့်လက်သီးဆုပ်အတွင်းရှိ၊ ချစ်သော ဆံနွယ်ရှည်လျားလေး၊ လွင့်ကျပျောက်ဆုံးသွားမှာ၊ စိုးရိမ်သောကြောင့်၊

ရင်ကို ပြုပျက်စေသော၊ ထိုမျက်ရည်ကျောကို၊ ကျွန်တော် . . .

မဖယ်မသုတ်ပေးဖြစ်ပေ။

ချစ်သောသူက၊ မျက်ဝန်းမှ၊ မျက်ရည်ကျ၏။ ကျွန်တော်က၊ နှလုံးသားဌ၍၊ ငိုနေ၏။

ဆံတစ်မျှင်သာ ခြားနားနေသည့်တိုင်၊ ဉာဏ်ပညာက၊ ဘဝ, ခြားသကဲ့သို့၊ ခြားနား နေစေ၏။

ဝေးသည်ဟုလည်း၊ မထင်ချင်။ နီးသည်ဟုလည်း၊ အဆိုခက်။ ထို့ကြောင့်၊ ခေတ္တ ခဏ မက၊ ကျွန်တော့်ရင်ထဲမှ၊ ခဏ ခဏ ငိုနေရပေဦးတော့မည်။

♥ ♥ ♥

( ၂၀ )

## ဆံတစ်မျှင် . . . ခြား

ဆံတစ်မျှင် . . . ခြား
မထင်ရှားလည်း . . .
ဖဝါးမကျော်၊ မျှားမခေါ်ဘူး။
ခံစားဆူးသင့်၊ ရင်နင့်နာစေ
နာပါလေရော့၊ "ကံ" ပဲပေါ့ကွယ်။
ဆံတစ်မျှင်မျှ
ကျော်ရလွယ် . . .သား
"ကံ" အမှားမို့၊
လူသား၏ဟန်၊ ဉာဏ်ဖြင့်ရံလျက်
တစ်ဖန် . . . အသစ်
အညစ် . . . တစ်စ,
ဆူးချွန်မြကို၊
ဘဝ,တစ်ပါး သယ်မသွားဘဲ
ဒီ, ဖက်မှာပဲ ထားခဲ့မယ် . . .။ ။

♥ ♥ ♥

လေးစားခင်မင်လျက်

မောင်လှမျိုး (ချင်းချောင်းခြံ)
2013 . Feb . 12
12 : 15 (a.m)